# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
အတွဲ (၅၃)
အမှတ် (၂၆၇)
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်
၂၀၁၄ ခုနှစ်၊ ဇွန် ၂၉ ရက်၊ တနင်္ဂနွေနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ကျင်းပသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်၏ နှစ်(၆၀) ပြည့်အထိမ်းအမှတ်ကွန်ဖရင့်တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်သည် အချိန်ကာလ၏စမ်းသပ်မှုများကိုရင်ဆိုင်ကျော်လွှားနိုင်ရုံမက အချိန်နှင့်အတူ ရင့်ကျက်လာပြီး ပြည်ထောင်အချင်းချင်း ဆက်ဆံရေးဆိုင်ရာမူများ၏ အခြေခံစံတစ်ခုဖြစ်လာ

ပေကျင်း ဇွန် ၂၈

၁၉၅၄ ခုနှစ်၌ တရုတ်နိုင်ငံဝန်ကြီးချုပ်မစ္စတာချူအင်လိုင်း၏ မြန်မာ၊ အိန္ဒိယခရီးစဉ်အတွင်း စတင်အကောင်အထည်ပေါ်ပေါက်လာသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ဖြစ်သည့် တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုလုပ်ရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရန်နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်ဟူသည့် မူကြီး(၅)ရပ်၏ နှစ်(၆၀) ပြည့်အထိမ်းအမှတ် ကွန်ဖရင့်ကို ယနေ့ ညနေ ၅ နာရီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဟာမစ် အန်ဆာရီ၊ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်း၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာကျန်တဲကျန်း၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ယူဇျန်ရှင်း (Yu Zhengsheng)၊ တရုတ်နိုင်ငံအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှစ် (၆၀)ပြည့်အထိမ်းအမှတ် ကွန်ဖရင့်သို့ တက်ရောက်လာကြသည့် မြန်မာ-အိန္ဒိယ-တရုတ်နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များသည် ပြည်သူ့ခန်းမဆောင်ကြီး၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြည်သူ့ခန်းမဆောင်ကြီး Banquet Hall ၌ကျင်းပသည့် မူကြီး(၅)ရပ် နှစ် (၆၀) ပြည့်အထိမ်းအမှတ်

*စာမျက်နှာ ၈ ကော်လံ ၁*

**ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ရမည့်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး** (ဆောင်းပါး) စာ-၆

**လျှပ်စစ်ဓာတ်အားရောင်းချခြင်း သဘောတူညီမှုစာချုပ် ချုပ်ဆို** စာ-၁၂




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နှစ် ၆၀ ခရီးနှင့် မဟာဗျူဟာမြောက်မိတ်ဖက်များ

ဒုတိယကမ္ဘာစစ်ပြီးကာလ ဝါဒရေးရာမတူညီသော အင်အားကြီးနှစ်နိုင်ငံတို့ ခေါင်းဆောင်သည့် အရှေ့၊အနောက်အုပ်စုနှစ်စုတို့၏ စစ်အေးတိုက်ပွဲစတင်ချိန်တွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်လည်းစတင်ပေါ်ထွန်းလာခဲ့သည်။

တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို တစ်နိုင်ငံကလေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုလုပ်ရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေး ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့်နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်ဟူသော မူကြီး(၅)ရပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့က ၁၉၅၄ခုနှစ်တွင် ဦးဆောင်ချမှတ်ခဲ့ခြင်းဖြစ်ရာ ယခုအခါ နှစ်ပေါင်း (၆၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

လွတ်လပ်ရေးရပြီး ဆယ်စုနှစ်တစ်စုစာကာလက နိုင်ငံခေါင်းဆောင်ကြီးများ၏ ကြီးမားသော အမြော်အမြင်များဖြင့် ရဲဝံ့စွာချမှတ်ခဲ့ပြီး အစဉ်တစိုက်ဆက်ခံကျင့်သုံးခဲ့ကြသော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်မှာ နှစ်ပေါင်း ၆၀မျှသော အချိန်ကာလအတွင်း ကမ္ဘာ့သမိုင်းဖြစ်ရပ်များစွာတို့တွင် အစမ်းသပ်ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့ရာ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် အခြေခံစံတစ်ခုဖြစ်လာခဲ့ပြီဖြစ်သည်။

မိမိတို့မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်စွဲကိုင်ကျင့်သုံးခဲ့သော နိုင်ငံခြားရေးမူဝါဒဖြစ်သည့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောမူဝါဒသည်လည်း အဆိုပါ မူကြီး (၅)ရပ်ပေါ်တွင် အခြေခံထားခြင်းဖြစ်ပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အောင်အောင်မြင်မြင်ကျင့်သုံးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်သိမြင်နိုင်ကြမည်ဖြစ်သည်။

ရာစုသစ်တွင် ကမ္ဘာ့ဗဟိုချက်သည် အာရှသို့ရွှေ့ပြောင်းလာခဲ့ပြီဖြစ်ပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံများအဆင့်သို့ တက်လှမ်းလာပြီဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ၊ အဆိုပါနိုင်ငံကြီးနှစ်ခု၏ အကြားတွင် ပေါင်းကူးတံတားသဖွယ် တည်ရှိနေပြီး မဟာဗျူဟာအချက်အချာကျသည့် ပထဝီနယ်နိမိတ်ကို ပိုင်ဆိုင်ထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့ကြား ပြည်ထောင်အချင်းချင်းဆက်ဆံရေးတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်သည် ပိုမို၍ ကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်လာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

တည်နေရာနယ်နိမိတ်ချင်း ထိစပ်မှုအရလည်းကောင်း၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာချင်း နီးစပ်မှုအရလည်းကောင်း၊ သမိုင်းတစ်လျှောက်ရာစုနှစ်များစွာ ချစ်ကြည်ရင်းနှီးမှုအစဉ်အလာများအရလည်းကောင်း၊ တရုတ်-မြန်မာ-အိန္ဒိယ သုံးနိုင်ငံတို့မှာ အိမ်နီးချင်းကောင်းမိတ်ဆွေနိုင်ငံများအဖြစ် အတိတ်ကာလတစ်လျှောက်လုံးနှင့် မျက်မှောက်ကာလတွင်ပါ အပြန်အလှန်ကူးလူးဆက်ဆံခဲ့ရာတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို စွဲကိုင်ကျင့်သုံးကာ ဖြေရှင်းစရာကိစ္စများပေါ်ပေါက်လာပါကလည်း အဆိုပါ မူကြီး (၅)ရပ်ဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ခဲ့သည်သာဖြစ်သည်။

ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်အရှိန်အဟုန်ဖြင့်တည်ဆောက်နေသည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့်အိမ်နီးချင်းကောင်းမိတ်ဆွေနိုင်ငံများဖြစ်သကဲ့သို့ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို အတူတကွ ဦးဆောင်ချမှတ်ခဲ့သည့် နိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့နှင့် အတူ အနာဂတ်တွင် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ဆက်လက်ရပ်တည်သွားလိမ့်မည်ဟုခိုင်မာစွာယုံကြည်ပါကြောင်း။

## ပြည်တွင်းသတင်း

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ မွန်ပြည်နယ်၌ကျင်းပ

**မော်လမြိုင် ဇွန် ၂၈**

ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ဇွန် ၂၆ ရက် နံနက် ၈ နာရီက ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။ ဆက်လက်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဗဟို/ပြည်နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ယာပုံ)**



ထို့နောက် မွန်ပြည်နယ်ဥပဒေရုံးမှ ပြည်နယ် လက်ထောက်ဥပဒေအရာရှိ ဦးစိုးနိုင်က မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်၊ ပြစ်မှု/ပြစ်ဒဏ်များကိုလည်းကောင်း၊ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကိုလည်းကောင်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး ခင်မောင်ထွေးက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး သမိုင်းကြောင်းနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးအရေးယူမှုများကို ဟောပြောခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ထင်သာမြင်သာ ပြုပြင်စရာ

# မြို့တော်ခန်းမဘေး ရေပုပ်မြောင်းမှ ကားလမ်းပေါ် ရေပုပ်များစီးဆင်းနေမှုကို ပြုပြင်ရန် အများပြည်သူမျှော်လင့်



ကျောက်ဆည်မြို့၏ အဓိကနေရာဖြစ်သော မြို့တော်ခန်းမ၏ တောင်ဘက်နာရီစင်ထောင့်၊ ရန်ကုန်-မန္တလေးကားလမ်းဘေး ရေပုပ်မြောင်းမှ ရေများ ကားလမ်းပေါ်ဖြတ်ကျော်ကာ တစ်ဖက်ရေပုပ်မြောင်းအတွင်းသို့ စီးဆင်းနေမှုကြောင့် ချိုင့်များဖြစ်ပေါ်ကာ လမ်းအသုံးပြုသူများ သတိထားအသုံးပြုနေရခြင်းနှင့် အနီးပတ်ဝန်းကျင်တွင် ရေပုပ်နံ့များ နံနေသောကြောင့် အမြန်ဆုံးပြုပြင်ရန် ပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ရေပုပ်မြောင်းအတွင်းသို့ အမှိုက်များနှင့် ပလတ်စတစ်အိတ်များ စွန့်ပစ်ခြင်းကြောင့် အဆိုပါနေရာလမ်းကူးတွင် ပိတ်ဆို့ကာ လမ်းပေါ်ရေပုပ်များ ဖြတ်ကျော်စီးဆင်းနေမှုကို "ဒီနေရာ ရေပုပ်တွေဖြတ်စီးနေတာ တစ်လနီးပါးရှိပြီ၊ အဓိကနေရာကြီးဖြစ်တဲ့အတွက် မြို့တော်ခန်းမကြီးဘေးမှာ ကြည့်လို့မကောင်းဘူး။ ဆိုင်ရှင်တွေကလည်း အမှိုက်တွေနဲ့ ပလတ်စတစ်အိတ်တွေကို ဒီမြောင်းထဲ စည်းကမ်းမဲ့စွန့်ပစ်တော့ မြောင်းပိတ်ပြီး အခုလို လျှံကုန်တာ၊ ဆိုင်ရှင်တွေကလည်း စည်းနဲ့ကမ်းနဲ့အမှိုက်စွန့်၊ တာဝန်ရှိသူတွေကလည်း ပြုပြင်ရင် အခုလို ရုပ်ပျက်ဆင်းပျက် မဖြစ်တော့ဘူး၊ အမြန်ဆုံး ပြုပြင်မှကောင်းမှာ" ဟု မြို့ခံတစ်ဦးက ပြောကြားသည်။

အဆိုပါ ကားလမ်းပေါ်တွင် စက်ဘီး၊ ဆိုင်ကယ်၊ ကားများ မရေတွက်နိုင်အောင် သွားလာလှုပ်ရှားနေသောကြောင့် ရေပုပ်များ ဖြတ်ကျော်စီးဆင်းမှုဖြင့် လမ်းပျက်စီးကာ ချိုင့်များဖြစ်ပေါ်နေပြီး လမ်းအသုံးပြုသူများမှာ ယာဉ်အန္တရာယ် စိုးရိမ်နေကြရသည်။ "ဒီနေရာက နဂိုကတည်းကမှ တိုက်မှုတွေ ခဏခဏ ဖြစ်နေတာ၊ ဒီရေတွေကျော်နေတော့ ယာဉ်အန္တရာယ် ပိုပြီးစိုးရိမ်ရတယ်၊ ပြီးတော့ ရေပုပ်နံ့ကလည်း ညပိုင်းဆို နံလာတာ၊ အမြန်ဆုံး ပြုပြင်စေချင်ပါတယ်"ဟု အနီးအနားမှ ဆိုင်ရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(၄၁၁)**







ပြည်တွင်းသတင်း

# နိုင်ငံသူ နိုင်ငံသားတိုင်း တာဝန်သိသိဖြင့် သစ်တောများမပြုန်းတီးစေရန် ဝိုင်းဝန်းထိန်းသိမ်း ပြည့်စွက်စိုက်ပျိုးခြင်းဆောင်ရွက်ရန်လို

**နေပြည်တော် ဇွန် ၂၈**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရန် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားအတွက် လေ့ကျင့်ရန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန်ဆိုသည့် လုပ်ငန်းတာဝန်သုံးရပ်ကို ထမ်းဆောင်လျက်ရှိကြောင်း၊ ပြည်သူကြားမှ ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြည်သူ့အကျိုးဖော်ဆောင်ရေးလုပ်ငန်းများကို စိတ်ရင်းစေတနာမှန်စွာဖြင့် လုပ်ဆောင်နေကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့အကျိုး ဖော်ဆောင်ရာတွင် လက်ငင်းအကျိုးကျေးဇူးပြုနိုင်သည့် လုပ်ငန်းများရှိသကဲ့သို့ ရေရှည်အကျိုးအတွက် မျှော်ကိုးဆောင်ရွက်ရသည့် လုပ်ငန်းများလည်းရှိကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် ပြည်သူလူထုအတွက် သားစဉ်မြေးဆက် အကျိုးကျေးဇူးခံစားရမည့် ရေရှည်အကျိုးကို ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောလွှမ်းခြုံမှုကို ကြည့်ပါက ၁၉၇၅ ခုနှစ်တွင် ၆၀ ဒသမ ၀၉ ရာခိုင်နှုန်း၊ ၁၉၉၀ ပြည့်နှစ်တွင် ၅၇ ဒသမ ၉၇ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၅၂ ဒသမ ၈၂ ရာခိုင်နှုန်းမှ ၂၀၁၀ ပြည့်နှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရကြောင်း။

နိုင်ငံ၏ လူဦးရေတိုးပွားလာသည်နှင့်အမျှ သစ်တောသယံဇာတများကို ထုတ်ယူသုံးစွဲမှုများ၊ ပျက်စီးပြုန်းတီးမှုများ ပိုမိုများပြားလာကြောင်း၊ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အစိုးရအဆက်ဆက်က ဦးစီး၍ စိုက်ပျိုးခြင်း၊ တပ်မတော်ကစိုက်ပျိုးခြင်း၊ ပြည်သူလူထုက စိုက်ပျိုးခြင်းများရှိသော်လည်း သုံးစွဲမှု၊ ပြုန်းတီးမှုကို ကာမိသည်အထိ ပြန်လည်စိုက်ပျိုးနိုင်ခြင်း မရှိသဖြင့် သစ်တောသယံဇာတများ ဆုံးရှုံးနေကြောင်း၊ ယင်းအကျိုးဆက်အဖြစ် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီး၍ ရေအရင်းအမြစ်များ လျော့နည်းပျောက်ဆုံးလာပြီး ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးလေဝသအခြေအနေများ ပြောင်းလဲ၍ ကမ္ဘာကြီးပူနွေးလာခြင်း၊ စိုက်ပျိုးရေသာမက သောက်သုံးရေရှားပါးပြတ်လပ်မှုများနှင့် ကြုံတွေ့ရပြီး ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများစွာဖြစ်ပေါ်စေကြောင်း။

ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းတာဝန်သိသိဖြင့် သစ်တောများ မပြုန်းတီးစေရန် ဝိုင်းဝန်းထိန်းသိမ်းခြင်း၊ ပြန်လည်ဖြည့်စွက်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ တောင်ပေါ်ဒေသတွင် ရွှေ့ပြောင်းတောင်ယာများစွာရှိသကဲ့သို့ မြေပြန့်တွင်လည်း စွန့်ပစ်ယာမြေများစွာရှိနေသဖြင့် ယင်းတို့မှာ သစ်တောပြုန်းတီးမှုများစွာ ဖြစ်စေကြောင်း။ တစ်ဖက်မှလည်း ထင်းသုံးစွဲမှုများကို စနစ်တကျ ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ မဖြစ်မနေသုံးစွဲရပါကလည်း ထင်းအနည်းဆုံးဖြင့် သုံးစွဲနိုင်သည့် မီးဖိုများ၊ ထင်းအစားထိုးလောင်စာများ သုံးစွဲရမည်ဖြစ်ကြောင်း၊ ထင်းစိုက်ခင်းများကိုလည်း တပ်ရင်း/တပ်ဖွဲ့အလိုက်၊ မိမိစည်းရုံးရေးနယ်မြေအလိုက် နှစ်စဉ်တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ယာများ ရေရရှိရေး၊ ကုန်းမြင့်လယ်များ ဖော်ဆောင်ရေး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း။

ထို့အပြင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စွမ်းအင်ရရှိနိုင်သည့် ရေအား၊ လေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ရရှိရေးစနစ်များလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ သီတဂူဆရာတော်ကြီးက "သစ်ပင်တစ်ပင်ဟာ သန်းပေါင်းများစွာသော မီးခြစ်ဆံလုပ်လို့ရတယ်။ ဒါပေမယ့် သန်းပေါင်းများစွာသော သစ်ပင်တွေ လောင်ကျွမ်းဖို့ မီးခြစ်ဆံတစ်ချောင်းပဲလိုတယ်" ဟု ဟောကြားခဲ့သည်ကို သတိရှိရန်လိုကြောင်း၊ သစ်တောများ မဆုံးရှုံးစေရေးအတွက် အထူးသဖြင့် တောမီးလောင်ခြင်းကို ကြိုတင်ကာကွယ်မှု နည်းလမ်းများဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ ရေဆင်းဆည်တစ်ဝိုက်တွင် တောမီးလောင်မှုကို ထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများကို စနစ်တကျဆောင်ရွက်ခြင်းကြောင့် သစ်တောများ သိသာစွာထူထပ်လာပြီး ရာသီဥတုအေးမြမှုကိုပါ ရရှိခံစားရကြောင်း။

နှစ်စဉ်မိုးရာသီတိုင်းတွင် တပ်ရင်း/တပ်ဖွဲ့၊ ဌာနချုပ်အားလုံး၌ သစ်ပင်စိုက်ပွဲ သုံးကြိမ်ပြုလုပ်၍ စိုက်ပျိုးသွားစေလိုကြောင်း၊ အနည်းဆုံး ၂ ဧကစိုက်၍ ထင်းသုံးစွဲပါက ထင်းစိုက်ခင်းများ စိုက်ပျိုးသုံးစွဲရန်လိုကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တပ်မတော်တစ်ရပ်လုံး သစ်ပင်စိုက်ပျိုးနိုင်မှု ၂ ဒသမ ၅ သန်းခန့်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်ပင်စိုက်ပျိုးမှု ငါးသန်းခန့်ရှိ၍ တပ်မတော်အနေဖြင့် ရာခိုင်နှုန်း ထက်ဝက်ခန့် စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးထားသည့်အပင်များ ရှင်သန်အောင်လည်း ပြုစုပျိုးထောင်ရန်လိုကြောင်း၊ တပ်ဌာနချုပ်အလိုက်၊ စည်းရုံးရေးနယ်မြေအလိုက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် လုပ်ဆောင်သွားရမည် ဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်နှင့် ခရေပင်များကို ဦးဆောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများက စိုက်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ကုက္ကို၊ စိန်ပန်းကြီး၊ စွယ်တော်၊ ဆီသပြေ၊ ရေတမာ၊ အညာတမာ၊ အော်ရေးရှားနှင့် သစ်ဆိမ့်ပင် စုစုပေါင်းအပင် ၅၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၁၁၈၅၄ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၈၄၅၆ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၂၃၅၅၇ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် စိုက်ပျိုးပင် ၂၆၁၅၀၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၉၃၀၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၂၄၈၃၀၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၁၄၉၅၁ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၈၄၉၉ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် စိုက်ပျိုးပင် ၄၆၂၃၀၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၁၈၃၄၂ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် စိုက်ပျိုးပင် ၈၂၆၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုး ပင် ၃၆၁၅၅ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၂၆၀၃၇ ပင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၅၉၇၈၁ ပင်စိုက်ပျိုးကြသဖြင့် တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့ စိုက်ပျိုးသည့် စိုက်ပျိုးပင် စုစုပေါင်းသည် ၃၂၇၄၀၂ ပင်ဖြစ်ကြောင်းသိရှိရသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနေဖြင့် ၂၀၁၁ ခုနှစ်တွင် စိုက်ပျိုးပင် ၁၈၇၅၇ ပင်၊ ၂၀၁၂ ခုနှစ်တွင် အပင် ၁၅၅၀၀၊ ၂၀၁၃ ခုနှစ်တွင် အပင် ၁၅၀၀၀ တို့ကို စိုက်ပျိုးနိုင်ခဲ့၍ စုစုပေါင်း ၄၉၂၅၇ ပင် စိုက်ပျိုးနိုင်ခဲ့ပြီး တပ်မတော်တစ်ရပ်လုံး အနေဖြင့် ၂၀၁၁ ခုနှစ်တွင် စိုက်ပျိုးပင် ၁၂၉၆၀၄၀၊ ၂၀၁၂ ခုနှစ်တွင် စိုက်ပျိုးပင် ၅၅၉၇၆၄ ပင်နှင့် ၂၀၁၃ ခုနှစ်တွင် စိုက်ပျိုးပင် ၆၆၀၄၁၅ ပင်တို့ကို စိုက်ပျိုးပေးနိုင်ခဲ့သည်။ ထို့အပြင် ပင်လယ်ကမ်းရိုးတန်းဒေသများ ဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များတွင်လည်း ဒီရေတောစိုက်ခင်းများစိုက်ပျိုးခဲ့ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်များအနေဖြင့် ၂၀၁၁ ခုနှစ်တွင် စိုက်ပျိုးပင် ၁၆၉၉၇၄၀၊ ၂၀၁၂ ခုနှစ်တွင် စိုက်ပျိုးပင် ၈၁၅၈၅ ပင်နှင့် ၂၀၁၃ ခုနှစ်တွင် စိုက်ပျိုးပင် ၁၄၁၄၁ ပင်တို့ကို စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် တပ်မတော်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို ဆက်လက်ပြုလုပ်၍ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့အပြင် ယခင်နှစ် မိုးရာသီကာလအတွင်း စိုက်ပျိုးခဲ့သော သစ်ပင်များကိုလည်း ရှင်သန်ဖြစ်ထွန်းရေးနှင့် ပြုန်းတီးမှုမရှိစေရေး ပေါင်းမြက်ရှင်းလင်းပေးခြင်းနှင့် မြေတောင်မြှောက်ပေးခြင်း၊ သေဆုံးသွားခဲ့သည့် အပင်များအား အစားထိုးစိုက်ပျိုးခြင်း၊ လူနှင့် တိရစ္ဆာန်ဖျက်ဆီးခြင်းမှ ကာကွယ်နိုင်ရန် ခြံစည်းရိုးများကာရံခြင်းနှင့် ခြံစည်းရိုးပင်များ စိုက်ပျိုးခြင်းတို့အပြင် သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစေရေး မီးတားလမ်းဖောက်လုပ်ခြင်း၊ သစ်ပင်အထိန်းတိုင်များ စိုက်ထူကာချည်နှောင် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ကြသည်။ လက်ရှိမိုးရာသီကာလမတိုင်မီတွင်လည်း ရေဆင်းနယ်မြေဝန်းကျင်တစ်ဝိုက် တည်ရှိသော သဘာဝသစ်တောအတွင်း ပြွတ်သိပ်စွာ ပေါက်ရောက်နေသည့် သစ်ပင်များနှင့် အပင်ကြီးထွားမှုကို အဟန့်အတားဖြစ်စေမည့် သစ်ပင်၊ သစ်ကိုင်းနှင့်နွယ်ပင်များကို လေဝင်လေထွက် ကောင်းမွန်စေရန်နှင့် ရှင်သန်ကြီးထွားမှု ကောင်းမွန်မြန်ဆန်စေရန် သစ်တောဦးစီးဌာနမှ ပညာရှင်များ၊ တာဝန်ရှိသူများနှင့် ပူးပေါင်း၍လည်း ဓမ္မတာမျိုးဆက်ထိန်းသိမ်းနည်းစနစ်ဖြင့် ပြုပြင်ဆောင်ရွက်ခြင်းဖြစ်သော ငုတ်တက်ချွန်ခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းနှင့် နွယ်ဖျက်ညောင်ပတ်လှဲခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ခြင်းများကြောင့် ရေဆင်းဆည်ပတ်ဝန်းကျင်ဒေသတွင် သစ်ပင်သစ်တောများ ဖုံးလွှမ်းအုံ့ဆိုင်းလျက်ရှိပြီး အရိပ်အာဝါသကောင်းမွန်စွာဖြင့် စိမ်းလန်းစိုပြည်၍ ရာသီဥတု၏ အပူအအေးလွန်ကဲမှုများကိုလည်း မျှတအောင် ထိန်းသိမ်းပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးစဉ်။ (မြဝတီ)



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးစဉ်။ (မြဝတီ)



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် တက်ရောက်လာသူများ သစ်ပင်များစိုက်ပျိုးပေးကြစဉ်။ (မြဝတီ)

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။ **မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

**နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

နိုင်ငံတကာသတင်း

## အီရတ်မြောက်ပိုင်းရောက် တရုတ်နိုင်ငံသားများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့

**ပေကျင်း ဇွန် ၂၈**

အီရတ်နိုင်ငံ၏ မြောက်ပိုင်းမြို့တော် ပြဿနာဝိုင်းဝိုင်းလည်နေသော ဆာမာရာမြို့တွင် ပိတ်မိနေသည့် တရုတ်လူမျိုးအလုပ်သမား ၁၂၀၀ ကျော်ထက်မနည်းတို့အား ဘဂ္ဂဒက်မြို့သို့ နေရာရွှေ့ပြောင်းနိုင်ခဲ့ပြီဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာများက ဖော်ပြကြသည်။

ဆင်ဟွာသတင်းအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက “ ယခုဆိုလျှင် တရုတ်နိုင်ငံသားတွေ ဘဂ္ဂဒက်မြို့ဟိုတယ်မှာ ဘေးရန်ကင်းကင်းနဲ့ ရောက်ရှိနေပါပြီ။ အီရတ်တပ်မတော်သားများက သူတို့တွေရဲ့လုံခြုံရေးအတွက်ကူညီပေးနေပါတယ်” ဟု ဆိုသည်။

အဆိုပါအလုပ်သမားတို့သည် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အစ္စလာမ့်စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားလျက်ရှိရာ နေရာအနီး ဆာမာရာမြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် စက်မှုအင်ဂျင်နီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အလုပ်လုပ်ကိုင်နေကြခြင်းဖြစ်သည်ဟု စနေနေ့သတင်းတွင် ဖော်ပြထားသည်။

အလုပ်သမား မည်သူမည်ဝါများကို နေရာပြောင်းရွှေ့ပေးနိုင်ခဲ့သည်ကိုမူ သတင်းတွင်တိတိကျကျဖော်ပြမထားသော်လည်း ၄၅ ဦးကိုမူ ဗုဒ္ဓဟူးနေ့က ရဟတ်ယာဉ်ဖြင့် ရွှေ့ပြောင်းပေးခဲ့ပြီး ကျန်အုပ်စုကိုမူ နှစ်သုတ်ခွဲကာ နောက်နှစ်ရက်အတွင်းမှာပင် ဘတ်စ်ကားများဖြင့် ရောက်ရှိလာသည်ဟု ဆိုထားသည်။ အီရတ်နိုင်ငံရောက် တရုတ်နိုင်ငံသားဦးရေမှာ တစ်သောင်းထက်မနည်းရှိကြပြီး အများစုမှာ တရုတ်လူမျိုးပိုင်ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်နေကြခြင်းပင်ဖြစ်သည်။

**(အေပီ)**

## သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင့် လူဦးရေနှစ်သိန်းအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

**ပါရာဂွေး ဇွန် ၂၈**

ပြင်းပြင်းထန်ထန်ရွာသွန်းခဲ့သော မိုးသည်းထန်မှုကြောင့် ပါရာဂွေးနှင့် ပါရာနာမြစ်များအနီး နေထိုင်ကြသော လူဦးရေနှစ်သိန်းတို့အား ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရသည်ဟု သိရသည်။

ပါရာဂူယန်ပြည်နယ်အုပ်ချုပ်ရေးမှူးက ၎င်းကဲ့သို့ သည်းထန်သောမိုးကြောင့် ယင်းပြည်နယ်တွင်း မှီတင်းနေထိုင်ကြသော လူဦးရေ ၈၀၀၀ ကျော်တို့အတွက် လိုအပ်သော စားနပ်ရိက္ခာ သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရပြီး နေအိမ်များရေထဲမျောပါကာ လမ်းများလည်း ပျက်စီးသွားရသည်ဟု ဆိုသည်။

သောကြာနေ့က ကုလသမဂ္ဂနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ရောက်လာကြပြီး ဒုက္ခသည်များအား နေရာရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်းနှင့် ပြည်ပမှဒုက္ခသည်များအတွက် ကူညီထောက်ပံ့မှုများ မကြာမီရောက်လာစေရန် မျှော်လင့်မိပါကြောင်း အုပ်ချုပ်ရေးမှူးက ဆိုသည်။

ပါရာဂွေးအမျိုးသားအရေးပေါ်ကယ်ဆယ်ရေး အတွင်းရေးမှူးချုပ်က အစိုးရအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော ရေဘေးဒဏ်ခံမိသားစုများအား စားနပ်ရိက္ခာကူညီထောက်ပံ့ရေးအတွက် ကန်ဒေါ်လာ ၃သန်းမက ကုန်ကျသွားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အများစုမှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရဆဲဖြစ်ပြီး ကျောခင်းရန်နေရာရရှိရေး လုံးပန်းနေကြရဆဲဟု သိရသည်။

**(ဖော့စ်နယူး)**

## ယူကရိန်းအပစ်အခတ်ရပ်ရေး ရက်တိုးမြှင့်သတ်မှတ်



**ကီယက်ဗ် ဇွန် ၂၈**

ယူကရိန်းသမ္မတ ပီထရိုပိုရိုချင်ကိုက ရုရှားလိုလားသူ ခွဲထွက်ရေးသမားများနှင့် သီတင်းတစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး ချမှတ်ထားခြင်းအပေါ် အရှေ့ပိုင်း၌ နောက်ထပ် သုံးရက် ရက်တိုးသတ်မှတ်လိုက်သည်။

ငြိမ်းချမ်းရေး အစီအစဉ်သည် တိုးတက်လာရန် မျှော်လင့်ထားကြောင်း ၎င်းကပြောသည်။ ဒိုနက်စကီနှင့် လူဟန့်ဒေသများမှ ခွဲထွက်ရေး ခေါင်းဆောင်များသည် အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းထားမည်ဟု ပြောဆိုလျက်ရှိပြီး အချို့က ငြင်းဆိုထားသည်။

အီးယူနှင့်ကုန်သွယ်ရေးစာချုပ် ယူကရိန်းက လက်မှတ်ရေးထိုးလိုက်ပြီးနောက် နာရီပိုင်းအကြာ ပိုရိုချင်ကို၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါ ငြိမ်းချမ်းရေးရက်တိုးမြှင့်လိုက်ခြင်းသည် သမိုင်းတင်ရလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် ရုရှားက ယူကရိန်းနိုင်ငံ နှစ်ပိုင်းကွဲသွားမည်ကို သတိပေး ပြောကြားလိုက်သည်။ အပစ်အခတ်ရပ်စဲရေးအတွက် သောကြာနေ့ညပိုင်းက နောက်ဆုံးရက်ဖြစ်သည်။

ယူကရိန်းသမ္မတဟောင်း လီယိုနစ်ကွတ်ချ်မား၊ ယူကရိန်းဆိုင်ရာ မော်စကိုသံအမတ်နှင့် ဥရောပလုံခြုံရေးနှင့် ပြည်နယ်အဖွဲ့တို့သည် ယူကရိန်းအရှေ့ပိုင်း၌ သောကြာနေ့က ခွဲထွက်ရေးသမားနှင့် ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

**လေ့လာ**

အပစ်အခတ်ရပ်စဲမှုကို ဇွန် ၃၀ ရက် တိုင်အောင် ဆက်လက်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အရှေ့ပိုင်း ဒိုနက်စကီခေါင်းဆောင်ဟု မိမိကိုယ်ကိုယ် ကြေညာသူ အလက်ဇန္ဒားဘိုရိုးဒေးက ပြောသည်။

**(ဘီဘီစီ)**

## အာဖဂန်သမ္မတလောင်း ထောက်ခံသူများ မဲလိမ်မှုကို ဆန့်ကျင်၍ ချီတက်ဆန္ဒပြ

**ကဘူးလ် ဇွန် ၂၈**

အာဖဂန်သမ္မတလောင်း အဗ္ဗဒူလာအား ထောက်ခံသူ ထောင်ပေါင်းများစွာသည် သမ္မတရွေးကောက်ပွဲ မဲလိမ်သည်ဟူသော စွပ်စွဲချက်ဖြင့် ကဘူးလ်မြို့တော်သို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ ဇွန် ၁၄ ရက်က အာဖဂန်နစ္စတန်နိုင်ငံ၌ ကျင်းပသော သမ္မတရွေးကောက်ပွဲသည် မိမိအား ဆန့်ကျင်နေကြောင်း ဆန္ဒပြပွဲတွင် ပူးပေါင်းတက်ရောက်လာသူ မစ္စတာအဗ္ဗဒူလာက ပြောသည်။

မစ္စတာအဗ္ဗဒူလာက ၎င်း၏ပြိုင်ဘက် အက်ရှရပ်ဂါနီ မဲလိမ်နေသည်ဟု ဆိုသည်။ အမေရိကန်ဦးဆောင်သောတပ်များ အာဖဂန်မှ ရုပ်သိမ်းသွားပြီးနောက် အဆိုပါအငြင်းပွားမှုသည် အာဖဂန်တည်ငြိမ်ရေးအတွက် ခြိမ်းခြောက်လျက်ရှိသည်။

အဆိုပါ ရွေးကောက်ပွဲရလဒ်သည် လူမျိုးရေးပဋိပက္ခအဖြစ်သို့ ရောက်ရှိသွားနိုင်ကြောင်း၊ အကြမ်းဖက်မှုများ ဖြစ်ပွားလာနိုင်ကြောင်း အာဖဂန်ဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အကြီးအကဲ ဂျန်ကူဘစ်က ပြောသည်။

အမေရိကန်ဦးဆောင်သော တပ်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များသည် နိုင်ငံတစ်ဝန်း တာလီဘန်အကြမ်းဖက်သမားများအား တိုက်ခိုက်လျက်ရှိသည်။ အာဖဂန်အစိုးရကမူ ၂၀၁၄ ခုနှစ်အလွန် အမေရိကန်တပ်ဖွဲ့ဝင် အာဖဂန်၌ ဆက်လက်ထားရှိရေး အတည်မပြုနိုင်သေးဟု ဆိုသည်။

**(ဘီဘီစီ)**



## လက်နက်တပ်ဆင်ထားသော အမေရိကန်မောင်းသူမဲ့ယာဉ်များ အီရတ်ဝေဟင်တွင် ဖြန့်ကြက်ကင်းထောက်



**ပင်တဂွန် ဇွန် ၂၈**

ဟဲဖိုင်းယားဒုံးကျည်များ တပ်ဆင်ထားသော အမေရိကန်မောင်းသူမဲ့လေယာဉ်များသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် သံတမန်များကို ကာကွယ်ပေးရန် အီရတ်မြို့တော် ဘဂ္ဂဒက်ဝေဟင်တွင် ပျံသန်းနေပြီဖြစ်ကြောင်း ပင်တဂွန်က ကြေညာသည်။ “ကျွန်တော်တို့မှာ မရှိမဖြစ်သုံးရတဲ့ တပ်ဖွဲ့ဝင်တွေက ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်တပ်တွေကို ကာကွယ်ပေးနိုင်မှာ မဟုတ်ပါဘူး။ သမ္မတအနေနဲ့ တစ်ခုခုလုပ်ဖို့ ပြင်ဆင်ထားရမှာပါ”ဟု ပင်တဂွန်ထိပ်တန်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

“အီရတ်မှာ လူလိုက်ပါတာရော မလိုက်ပါတာရော လေယာဉ်တွေ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ မောင်းသူမဲ့လေယာဉ်တွေအတွက် အံ့ဩစရာမဟုတ်ပါဘူး” ဟုလည်း ၎င်းကပြောသည်။ အဆိုပါမောင်းသူမဲ့လေယာဉ်များသည် စစ်သွေးကြွများအား ထိုးစစ်ဆင်တိုက်ခိုက်ရာတွင် အသုံးပြုနိုင်ဖွယ်မရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။

အမေရိကန်မောင်းသူမဲ့လေယာဉ်များသည် ကင်းထောက်ရန် ရည်ရွယ်ချက်ဖြင့် အီရတ်နိုင်ငံအပေါ် ပျံသန်းနေခြင်းဖြစ်ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ထိပ်တန်းဗိုလ်ချုပ်ကြီး ဂျွန်ကာဘိုင်က ပြောသည်။ မိမိတို့အနေဖြင့် နိုင်ငံတစ်ဝန်းလုံးသို့ ကင်းထောက်ခြင်း ပြုလုပ်နိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံ၏ အစိတ်အပိုင်းမျှသာ ကင်းထောက်အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းရွှေ့ပြောင်းစီမံချက်များ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၈**

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် မှန်ကန်ပြည့်စုံသော မဲဆန္ဒရှင်စာရင်းရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှေ့ပြေးစီမံချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)တို့တွင် ဆောင်ရွက်လျက်ရှိသည်။

ဤသို့ဆောင်ရွက်ရာတွင် ပြည်တွင်း လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် The Serenity Initiative TSI အဖွဲ့နှင့် အခြားလူမှုရေးအဖွဲ့အစည်း ၂၅ ဖွဲ့က ပူးပေါင်းပါဝင်ကူညီဆောင်ရွက်လျက်ရှိကြသည်။ ယင်းအဖွဲ့များက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်များ၏ အမည်များနှင့် ကိုယ်ရေးအချက်အလက်များကို ကွန်ပျူတာတွင် ထည့်သွင်းရာ၌ ကြည့်ရှုလေ့လာကြမည့်အပြင် မဲဆန္ဒရှင်များအား မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုကြစေရန် ပညာပေးနှိုးဆော်ကြမည်ဖြစ်ပြီး မဲစာရင်းနှင့် ပတ်သက်၍ လိုအပ်ချက်ရှိသည့် မဲဆန္ဒရှင်များအား ကူညီဆောင်ရွက်ပေးကြမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပညာပေး ပိုစတာများ၊ လက်ကမ်းကြော်ငြာများ အသုံးပြုပညာပေးသွားမည်ဖြစ်သည်။ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားများဖြင့် ပိုစတာများ၊ ကြော်ငြာများ ဖြန့်ဝေသွားမည်ဖြစ်သည်။

ယခု ရွှေ့ပြောင်းစီမံချက်ကို ဩဂုတ်လကုန်ခန့်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားပြီး တစ်နိုင်ငံလုံးအတွက် မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်ပြီး ၂၀၁၅ခုနှစ် နှစ်လယ်ပိုင်းတွင် ပြီးစီးရန် လျာထားကြောင်း သိရှိရသည်။

**ဆက်သွယ်နိုင်**

စုံစမ်းသိရှိလိုသူများသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြင်ပဆက်သွယ်ရေးဌာန ဖုန်း ၀၆၇-၄၀၄၂၂၉ နှင့် အီးမေးလ် info @ uec. gov.mm သို့ ဆက်သွယ်နိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆီရီဇိုအိုဆာကာအသင်း မြန်မာအသင်းကိုအနိုင်ယူ

**ရန်ကုန် ဇွန် ၂၈**

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂျေလိဂ်ကလပ် ဆီရီဇိုအိုဆာကာအသင်းတို့ ယနေ့ညနေ ၅ နာရီက ယှဉ်ပြိုင်ကစားရာ **(အောက်ပုံ)** ဆီရီဇိုအိုဆာကာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယခုခြေစမ်းပွဲကို မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ် (၆၀) ပြည့်အဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ပွဲမစမီနှစ်ဖက်အသင်းအား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်တာဝန်ရှိပုဂ္ဂိုလ်များက လိုက်လံနှုတ်ဆက်ကြသည်။

အာဆီယံဆူဇူကီးဖလားအကြို ပြင်ဆင်သည့်အနေဖြင့် ကစားသည့် မြန်မာအသင်း၏ပထမဆုံးပွဲသည် အရှုံးဖြင့် စတင်ခဲ့သည်။ ဂျေလိဂ်၏ထိပ်သီးကလပ်အသင်းဖြစ်သည့် ဆီရီဇိုအိုဆာကာအသင်းမှာ အသင်းကြီးတစ်သင်းပီသစွာ ပွဲကိုထိန်းကစားသွားပြီး ဒုတိယပိုင်းတွင် သွင်းယူခဲ့သောဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းတွင် အမာခံကစားသမားအချို့ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်နေရသော်လည်း ကျော်ကိုကို၊ ကျော်ဇေယျာဝင်း၊ မင်းမင်းသူ၊ သီဟစည်သူတို့ဖြင့် လူစုံပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် စုစည်းလေ့ကျင့်ရက နည်းနေသေးသောကြောင့် ပုံမှန်ခြေစွမ်းမရခဲ့သကဲ့သို့ ရရှိသည့်အပိုင်အခွင့်အရေးကိုလည်း အသုံးမချနိုင်ခဲ့ပေ။

ဆီရီဇိုအိုဆာကာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၅၂ မိနစ်တွင် ဟာရီနိုကသွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ဇူလိုင် ၂ ရက်တွင် ဟိုချီမင်းမြို့၌ ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။




သတင်း- ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

# ကရသူရိမြို့နယ်ခွဲအတွင်း မိုးသည်းထန်၍ ကော့သောင်း-ဘုတ်ပြင်းလမ်းပိုင်း ပျက်စီးမှုတချို့အား အမြန်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**ကရသူရိ ဇွန် ၂၈**

ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီးအား လေးလမ်းသွား လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်မှု ပဏာမလုပ်ငန်းများဖြစ်သည့် လမ်းဧရိယာချဲ့ခြင်း၊ ကုန်းမြင့်ဧရိယာများနှိမ့်ချခြင်း၊ လမ်းဘေးရေနုတ်မြောင်းတူးဖော်ခြင်းစသည့် မြေသားပြုပြင်မှုလုပ်ငန်းများကို ယခုနှစ်နှစ်ဆန်းပိုင်းမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုမိုးရာသီရောက်လာသဖြင့် လမ်းဘေးမြေပြိုမှုဖြစ်စဉ် တချို့ကြောင့် လမ်းပေါ်ရေဝပ်၍ လမ်းပိုင်းနေရာတချို့ဗွက်ထကာ ယာဉ်များသွားမှုအခက်အခဲ အနည်းအကျဉ်းဖြစ်ပေါ်လျက်ရှိသည်။

**(အောက်ပုံ)**



အဆိုပါသွားလာမှု အခက်အခဲဖြစ်သည့်လမ်းပိုင်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းပိုင်းတာဝန်ရှိအဖွဲ့များသည် ဇွန် ၂၄ရက်မှ စတင်၍ စက်ယန္တရားအင်အား၊ လူအင်အားများအသုံးပြု၍ ချွတ်ယွင်းမှုဖြစ်ပေါ်သည့် လမ်းပိုင်းများအား လိုက်လံကြည့်ရှုစစ်ဆေးကာ အများပြည်သူဆက်သွယ်သွားလာမှု မပြတ်တောက်ရေး၊ အဝေးပြေးမော်တော်ယာဉ်များအန္တရာယ်ဖြစ်ပေါ်မှု မရှိစေရေး ဗွက်ထသည့်လမ်းပိုင်းများအား ဗွက်များ ဖယ်ရှားရှင်းလင်းခြင်း၊ သဲကျောက်များအစားထိုးခြင်းစသည့် လုပ်ငန်းများအားအချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသဖြင့် ကော့သောင်း-ကရသူရိ-ဘုတ်ပြင်း-မြိတ်တို့သို့ ဆက်သွယ်သွားလာမှုအခြေအနေမှာ ပုံမှန်အနေအထားအတိုင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ကရသူရိ(ပြန်/ဆက်)**

✲ *ကျောဖုံးမှ*

ကာယဗလမောင် အငယ်တန်းပြိုင်ပွဲအတွက် ပထမဆုရရှိသည့် အောင်စိုးမင်း၊ ဒုတိယဆုရရှိသည့် ဇော်လင်းနှင့်တတိယဆုရရှိခဲ့သည့် မင်းသူအောင်တို့အား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကာယဗလမောင် သက်ကြီးတန်း (အသက် ၅၀ နှစ်အထက်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးခွန်တင်မောင်မောင်၊ ဒုတိယဆုရရှိသည့် ဦးသင်းဝင်းနှင့် တတိယဆုရရှိသည့် ဦးပြားတို့အား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ဆုများပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ကာယဗလမောင် အလွတ်တန်း MR.NATRAY ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုကို ထွန်းထွန်းအောင်ကလည်းကောင်း၊ ဒုတိယဆုကို ညီဖြူ(ခ)ကျန်ကျောင်းကလည်းကောင်း၊ တတိယဆုကို သိန်းထွန်းဦးကလည်း ကောင်းရရှိခဲ့ပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အရပ် ၅ ပေ ၃ လက်မအောက်၊ Ms. Real ပြိုင်ပွဲ၌ ပထမဆုကို ရှုမဝကလည်းကောင်း၊ ဒုတိယဆုကို ပိုးအိဖြူကလည်းကောင်း၊ တတိယဆုကို ဝိုင်းစန္ဒာလင်းကလည်းကောင်း ဆွတ်ခူးခဲ့ကြသည်။

**ပေးအပ်ခဲ့**

အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ Ms.Real အရပ် ၅ ပေ ၃ လက်မနှင့်အထက်ပြိုင်ပွဲ၌ ပထမဆုကို ဆွေဆွေအောင်ကလည်းကောင်း၊ ဒုတိယဆုကို ချယ်ရီမောင်ကလည်းကောင်း၊ တတိယဆုကို ယုဝေခိုင်ကလည်းကောင်း ရရှိခဲ့ပြီး တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။

“အမျိုးသမီးတွေဟာ အားကစားပုံမှန်လုပ်ဆောင်သင့်ပါတယ်။ ကျန်းမာကြံ့ခိုင်မှုရှိမှသာ နေ့စဉ်လုပ်ငန်းဆောင်တာတွေ ဆောင်ရွက်ရာမှာ ပိုမိုကောင်းမွန်တဲ့ဘဝကို ရရှိလာမယ်လို့ယုံကြည်ပါတယ်။ ကျွန်မအနေနဲ့ ဒုတိယနှစ်ကတည်းက Body Beauty ကစားခဲ့တာ ဖြစ်ပါတယ်။ ကျန်းမာကြံ့ခိုင်တဲ့အတွက် ကိုယ့်ကိုကိုယ်ပိုပြီး ယုံကြည်စိတ်ချလာပါတယ်” ဟု တတိယနှစ် (သမိုင်းမေဂျာ) တက်ရောက်နေသော Ms. Real ဆုရှင် မဆွေဆွေအောင်က ပြောကြားသည်။

“ကျောင်းစာတွေနဲ့ အချိန်ကုန်နေရတဲ့အတွက် ခန္ဓာကိုယ်ကြံ့ခိုင်မှု အားနည်းလာတာကြောင့် ကိုယ်ကာယကြံ့ခိုင်မှုကို ကျန်းမာရေးအနေနဲ့ စတင်လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်မတို့လို လူငယ်ရွက်ပုန်းသီးတွေကို မြှင့်တင်ပေးတဲ့ ပြိုင်ပွဲတွေအတွက် ကျေးဇူးတင်မိပါတယ်” ဟု အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲ အရပ် ၅ ပေ ၃ လက်မအောက် ပြိုင်ပွဲ ပထမဆုရှင် ရှုမဝကလည်း ပြောကြားသည်။

**(မြန်မာ့အလင်း)**

✲ *ကျောဖုံးမှ*

၁၉၇၀ ပြည့်နှစ်တွင် ထပ်မံတည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ဓာတ်အားဖြည့်စွက် ထုတ်လွှတ်နိုင်ခဲ့သည်။ ယခုအခါ လောပိတရေအား လျှပ်စစ်ဓာတ်အားစက်ရုံအနေဖြင့် စက်တပ်ဆင်အား ၂၈ မဂ္ဂါဝပ်ရှိ စက်ခြောက်လုံးဖြင့် နိုင်ငံတစ်ဝန်းသို့ လျှပ်စစ်ဓာတ်အား စုစုပေါင်း ၁၆၈ မဂ္ဂါဝပ်ကို ၅၄ နှစ်တိုင်တိုင် အောင်မြင်စွာ ထုတ်လွှတ်ပေးလျက်ရှိသည်။

“ဒီလောပိတစက်ရုံဟာ နှစ်ပေါင်း ၅၀ ကျော်ကြာပါပြီ။ အရင်ကလည်း ပြုပြင်မွမ်းမံမှုတွေ လုပ်ခဲ့ဖူးပါတယ်။ အခုဂျပန်နိုင်ငံကလှူဒါန်းတဲ့ စက်ကိရိယာပစ္စည်းတွေကို ဒီလောပိတစက်ရုံမှာရှိတဲ့ စက်ခြောက်လုံးကို တစ်လုံးစီနားပြီး နှစ်နှစ်အတွင်း အပြီးမွမ်းမံပြင်ဆင်မှုတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်”ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအဆင့်မြှင့် တင်မွမ်းမံမည့် လောပိတရေ အားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုကို ပထမဆုံးအကြီးစား လျှပ်စစ်ဓာတ်အားပေးစက်ရုံအဖြစ် စတင်တည်ဆောက်ခဲ့သော်လည်း ယခုအခါ အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ရုံထက်ကြီးမားသည့် စက်ရုံကြီးများကို ခေတ်နှင့်အညီ အဆင့်မြှင့် ထပ်မံတိုးချဲ့ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပျဉ်းမနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က လွတ်လပ်ရေးမော်ကွန်းဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လွတ်လပ်ရေးမော်ကွန်းဝင်များထံသို့ ကွင်းဆင်း၍ လစဉ်ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပြုခြင်းအား ဇွန် ၂၈ ရက် နံနက်က ဆောင်ရွက်ခဲ့သည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော BIA, BDA နှင့် မျိုးချစ်ဗမာ့တပ်မတော်တို့တွင် ဆောင်ရွက်ခဲ့ကြ၍ ဗိုလ်ချုပ်အောင်ဆန်း၏ဂုဏ်ပြုချီးကျူးလွှာနှင့် လွတ်လပ်ရေးမော်ကွန်းဝင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့များ ချီးမြှင့်ခြင်းခံရသော ပျဉ်းမနားမြို့မှ မော်ကွန်းဝင်နှစ်ဦး၊ ပုဗ္ဗသီရိမြို့နယ်မှ တစ်ဦး၊ ဇမ္ဗူသီရိမြို့နယ်မှ တစ်ဦး စုစုပေါင်း မော်ကွန်းဝင် လေးဦးအား ယင်းနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအေးမင်း(ငြိမ်း)နှင့် ပြည်သူ့ကျန်းမာရေး အထူးကုဆရာဝန်ကြီး ဒေါက်တာမင်းသိန်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များမှ လစဉ်ထောက်ပံ့ငွေကျပ် ၁၅၀၀၀ နှင့် ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**






ဆောင်းပါး

# ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး

စိန်ဝင်းအောင်(မန္တလေး)

" ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး" ဆိုသည့် စာသားကို ကြားသိနေရတာကြာပြီဖြစ်သည်။ အချို့နိုင်ငံများ၏ နိုင်ငံခြားရေးပေါ်လစီတွင် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး" ကို မလွဲမသွေကျင့်သုံးရမည့်ကျင့်စဉ်အဖြစ် ထည့်သွင်းဖော်ပြလေ့ရှိသည်ကိုလည်း တွေ့ရသည်။ မြန်မာနိုင်ငံသည်လည်း " ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး" မူကို လက်ခံကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

**ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်၏ မြစ်ဖျားခံရာ**

၁၉၅၄ ခုနှစ် ဧပြီ ၂၉ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ စီးပွားရေးသဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ရာမှ အစပြုခဲ့သည့် ယင်းစာချုပ်တွင် မူကြီး (၅)ချက်ကိုအခြေခံထားသည်ကို တွေ့ရသည်-

(က) တစ်နိုင်ငံနယ်နိမိတ်နှင့် အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားရေး။

(ခ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် မကျူးကျော်ရေး။

(ဂ) တစ်ဦး၏ပြည်တွင်းရေးကို တစ်ဦးဦးမှ ဝင်ရောက်မစွက်ဖက်ရေး။

(ဃ) တန်းတူညီမျှရေးနှင့် အပြန်အလှန် အကျိုးပြုရေး။

(င) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးတို့ဖြစ်သည်။

၁၉၅၄ ခုနှစ် ဇွန် ၂၈ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်သွားရောက်စဉ် အထက်ပါမူ(၅)ချက်ကို ထပ်မံအတည်ပြုခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဝန်ကြီးချုပ် ဂျဝါဟာလာနေရူးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်ချူအင်လိုင်းတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသို့ လက်မှတ်ရေးထိုးရာတွင် ထူးခြားသောဖော်ပြချက်မှာ-

" ဤမူများသည် နိုင်ငံပေါင်းစုံမှ ညွှန်းဆိုဆောင်ရွက်ရန်သာမဟုတ်၊ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်မှာပင် အသုံးပြုဆောင်ရွက်သွားကြရန်ဖြစ်သည်။ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် အခိုင်အမာအခြေခံအုတ်မြစ်ဖြစ်ပါလိမ့်မည်။ ယနေ့ကြုံတွေ့နေရသည့် ထိတ်လန့်ကြောက်ရွံ့မှုများနှင့် စိုးရိမ်မှုများနေရာမှာ ယုံကြည်စိတ်ချမှုများဖြင့် အစားထိုးလာပါလိမ့်မည်" ဟူ၍ဖြစ်သည်။

ပထမမူကြီးဖြစ်သည့် " တစ်နိုင်ငံ နယ်နိမိတ်နှင့် အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားရေး" သည် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ပုဒ်မ(၁၀)မှာပါရှိပြီးဖြစ်ပါသည်။ အလားတူပင် ကုလသမဂ္ဂပဋိညာဉ်စာတမ်း ပုဒ်မ(၂) အပိုဒ်(၁)မှာလည်းပါရှိပြီးဖြစ်ပါသည်။ ဒုတိယမူကြီးဖြစ်သည့်" တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်မကျူးကျော်ရေး" သည် ၁၉၈၂ ခုနှစ် ဩဂုတ်လ ၂၇ ရက်တွင် ချုပ်ဆိုခဲ့သည့် Brland Kellogg စာချုပ်နှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပုဒ်မ(၂)အပိုဒ်(၄)တွင် ပါရှိပြီးဖြစ်ကြောင်း တွေ့ရပါသည်။ တတိယမူကြီးဖြစ်သည့်"တစ်ဦး၏ပြည်တွင်းရေးကို တစ်ဦးဦးမှ ဝင်ရောက်မစွက်ဖက်ရေး"သည် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ညီလာခံသဘောတူညီချက်(၁၅) အပိုဒ်(၈)တွင် ပါရှိပြီးဖြစ်သကဲ့သို့ ကုလသမဂ္ဂပဋိညာဉ် စာတမ်းပုဒ်မ(၂)၊ အပိုဒ်(၇)တွင် ပါရှိကြောင်းတွေ့ရပါသည်။ စတုတ္ထမူကြီးဖြစ်သည့်" တန်းတူညီမျှရေး" ကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းနိဒါန်းပါဖော်ပြထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ သို့သော် " အပြန်အလှန်အကျိုးပြုရေး" ဟူသည့် အနှစ်သာရသည် စီးပွားရေး၊ တန်းတူညီမျှရေး၊ အမြင်သစ်ပေါ်တွင် အခြေခံပြီး ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဤအချက်သည် နှစ်ဖက်အဖွဲ့အစည်းများ၏ သဘောတူညီချက်ဖြင့် အကျိုးအမြတ်ခံစား၍ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဒီသည် ၁၉၇၆ ခုနှစ် အယ်လ်ဂျီးရီးယားနိုင်ငံ၌ကျင်းပသည့် " ဘက်မလိုက်နိုင်ငံများ အစည်းအဝေး" တွင် ပြောကြားခဲ့ကြောင်း ကြားသိရဖူးပါသည်။ နိုင်ငံ၏အချုပ်အခြာအာဏာအစား ကိုလိုနီစနစ်နှင့် ကိုလိုနီတစ်ဝက်စနစ်ကျင့်သုံးနေရသည့် နိုင်ငံများအနေဖြင့် စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ် ဆက်ဆံရေးသည် မညီမမျှဖြစ်နေသဖြင့် မနိုင်ဝန်ထမ်းနေကြရသည့် နိုင်ငံများအတွက် အင်ဒီရာဂန္ဒီက ဝမ်းနည်းသံဖြင့် ပြောကြားလိုက်ခြင်းဖြစ်ပါသည်။

မူကြီး (၅)ချက်၏ နောက်ဆုံးအချက်ဖြစ်သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဟူသည့် စာပိုဒ်သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၌ပါပြီးဖြစ်သဖြင့် အသစ်အဆန်းမဟုတ်ဟု ပြောရမည်ဖြစ်ပါသည်။ သို့သော် တရုတ်နှင့် အိန္ဒိယသည် ကုလသမဂ္ဂအပေါ်မှာ အပြည့်အဝယုံကြည်မှုရှိခဲ့သည်။ စစ်အေးကာလ၌ အားနည်းနေသော ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါအချက်ကို ပြန်လည်အတည်ပြု အားဖြည့်ပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကမ္ဘာပေါ်ရှိနိုင်ငံပေါင်းအတော်များများသည် နိုင်ငံရေးအသွေးအရောင်ကွဲပြားမှုနှင့် ရိုးရာအစဉ်အလာခြားနားမှုရှိကြသော်လည်း ကုလသမဂ္ဂအလံတော်အောက်၌ "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး" ကို လက်ခံကျင့်သုံးခဲ့ကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအတွင်းမှာလည်း "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး" ဟူသော စကားရပ်ကို တွင်ကျယ်စွာလက်ခံကျင့်သုံးနေကြပြီဖြစ်သည်။ နိုင်ငံတကာ စာချုပ်စာတမ်းများ၌လည်း "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး" ဟူသော စကားရပ် မကြာခဏတွေ့နေရပြီဖြစ်ပါသည်။ ဤမျှအောင်မြင်ကျော်ကြားလူသိများနေသည့် "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး" ၏ အနှစ်သာရကို မည်သို့ပေါ်လွင်အောင် ရှင်းလင်းတင်ပြသင့်ပါသလဲ စဉ်းစားစရာဖြစ်သည်။

**ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်၏ ခရီးစဉ်**

၁၉၅၅ ခုနှစ် ဧပြီလ၌ကျင်းပသည့် ဘန်ဒေါင်း (BANDAUNG) ညီလာခံတွင် မူကြီး(၅)ချက်ကို လက်ခံခဲ့သော်လည်း နောက်ဆုံးသဘောတူညီချက်စာတမ်း၌မူ ဖော်ပြထားခြင်းမရှိတော့ကြောင်း တွေ့ရှိရပါသည်။ "မူကြီး (၅)ချက်အစား မူကြီး (၁၀)ချက်ဖြင့် အစားထိုးခဲ့ကြသည်။ ထိုမူကြီး(၁၀)ချက်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို ထည့်သွင်းထားခဲ့သည်။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း ပထမဆုံး စဉ်းစားခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅)ချက် ဖွံ့ဖြိုးတိုးတက်ရန်ဟူသော အချက်ပေါ်မူတည်၍ မူကြီး(၁၀)ချက်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုကာလတွင် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများသည် အင်အားကြီးနိုင်ငံနှစ်ခု၏ ဗိုလ်ကျစိုးမိုးမှုနှင့်ကျူးကျော်ဝင်ရောက်မှုမှ ကာကွယ်ရန် အထူးလိုအပ်နေချိန်ဖြစ်သည်။ ထိုနိုင်ငံများသည် ဗိုလ်ကျစိုးမိုးမှုနှင့် ကျူးကျော်ဝင်ရောက်မှုကာကွယ်ရန် နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် စံပြုလောက်သည့် နိုင်ငံတကာကျင့်ဝတ်အဖြစ် သတ်မှတ်ရန်မူကြီး(၅) ချက်ကို သဘောတူလက်ခံခဲ့သည်။ ထို့ကြောင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅) ချက်သည် ဘက်မလိုက်နိုင်ငံများ၏ ဝါဒလမ်းစဉ်နှင့်အဓိကရည်မှန်းချက်ဖြစ်လာခဲ့သည်။ အင်အားကြီး နိုင်ငံနှစ်နိုင်ငံကြားဖြစ်ပေါ်နေသော ထိုစဉ်က စစ်အေးတိုက်ပွဲကို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ဖြင့် အစားထိုးဖို့ကြိုးစားခဲ့ကြသည်။ ဘက်မလိုက်နိုင်ငံများကိုလည်း စစ်အေးတိုက်ပွဲအတွင်းပါမသွားအောင် ထိုငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ဖြင့် ဟန့်တားကြိုးပမ်းခဲ့ကြသည်။

ဘက်မလိုက်နိုင်ငံများ၏ နိုင်ငံခြားရေးမူဝါဒတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ဖြင့် "ကြားနေရေး" ဆိုခြင်းထက် "ဘက်မလိုက်ရေး" ဟူသော အဓိပ္ပာယ်သည် ထင်ထင်ရှားရှားပေါ်လွင်လာခဲ့သည်။ အင်အားနည်းသောနိုင်ငံငယ်များသည် ၎င်းတို့၏ကိုယ်ပိုင်ဝါဒလမ်းစဉ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံရေးစနစ်တို့ကိုလည်း ၎င်းတို့၏ ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ရွေးချယ်ပိုင်ခွင့်ရှိစေမည်ဖြစ်သည်။ အတိုချုပ်တင်ပြရသော် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အင်အားကြီးနိုင်ငံ

> ကမ္ဘာသူ ကမ္ဘာသားများအားလုံး ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးအတွင်း အန္တရာယ်ကင်းစွာနေထိုင်လိုကြလျှင် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ချက်ကို အမြဲတမ်းအသက်ဝင်နေအောင် ဆောင်ရွက်။
>
> ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အားများ ချို့တဲ့မှုရှိတတ်သဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးများဖြင့် မိမိ၏အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်။

များ နိုင်ငံအချင်းချင်းနီးစပ်စွာ ဆက်ဆံနေထိုင်နိုင်ရေးလည်း အရေးကြီးလှပေသည်။ ဖော်ပြပါလိုအပ်ချက်ပြည့်စုံနိုင်ရန် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး" မူကြီး(၅)ချက်ကို ကျင့်သုံးလိုက်နာဆောင်ရွက်သင့်လှပေသည်ဟု ရှုမြင်မိပါသည်။

၁၉၅၆ခုနှစ် ဆိုဗီယက်နိုင်ငံ(ထိုစဉ်က) (၂၀) ကြိမ်မြောက် ကွန်ဂရက်၌ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှု၏အထွေထွေလမ်းစဉ်အဖြစ် ချမှတ်ခဲ့သည်။ ၁၉၅၆ ခုနှစ် နိုဝင်ဘာလတွင် တရုတ်အစိုးရသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်ကို နိုင်ငံပေါင်းစုံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ညီတစ်ညွတ်တည်း သတ်မှတ်ရမည့်စံနှုန်းများအဖြစ် ကြေညာခဲ့သည်။ ဆိုရှယ်လစ်နိုင်ငံများသည်လည်း မူကြီး(၅) ချက်အပေါ် အခြေခံပြီး နိုင်ငံတည်ဆောက်ခြင်းသည်သာ"ဆိုရှယ်လစ်နိုင်ငံများ၏ ညီရင်းအစ်ကိုချစ်ကြည်ရေးနှင့် စည်းလုံးညီညွတ်ရေး" ကို ရရှိနိုင်မည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဤမျှအထိ "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်"သည် ကမ္ဘာ့နိုင်ငံရေးစနစ် အတော်များများအပေါ် ဩဇာလွှမ်းမိုးခဲ့သည်။ ရေပန်းစားခဲ့သည်။ လိုက်နာကျင့်သုံးခဲ့သည်။ နိုင်ငံတကာကျင့်စဉ်အဖြစ် လက်ခံခဲ့ကြသည်။ ဂုဏ်ယူစရာကောင်းခဲ့သည်။

**ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်၏ လက်ငင်းအခြေအနေ**

စစ်အေးကာလလွန်ကာလများတွင် အဆိုးမြင်ဝါဒသမားများသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်သည် အရှိန်ကုန်သွားပြီဖြစ်ကြောင်း၊ အင်အားကြီး နိုင်ငံတစ်နိုင်ငံသာရှိတော့သဖြင့် ဘက်လိုက်စရာလည်းမရှိတော့ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့်သာ အစားထိုးဆက်ဆံရမည်ဖြစ်ကြောင်း ဝါဒဖြန့်ခဲ့ကြသည်။ အချို့ကလည်း စစ်အေးကာလပြီးဆုံးချိန်မှစ၍ ဘက်မလိုက်နိုင်ငံများသည် ၎င်းတို့၏အရေးပါခွင့် အရှိန်အဝါများ၊ ဆောင်ရွက်မှုများ ပျောက်ဆုံးကုန်ပြီဖြစ်ကြောင်းပြောကြားခဲ့သည်။ ကိုလိုနီဝါဒနှင့်အသားအရောင်ခွဲခြားရေးဝါဒတို့သည် လက်တွေ့နယ်ပယ်တွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် အင်အားကြီးနှစ်နိုင်ငံကြားတွင် ရှိခဲ့ဖူးသည့် ဓေ့စပ်ညှိနှိုင်းရေးသမားများ၏ ခေတ်လည်း ကုန်ဆုံးသွားပြီဖြစ်ကြောင်း သတင်းလွှင့်ခဲ့သည်။ ဘက်မလိုက်လှုပ်ရှားမှုကိုလည်း အစည်းပြေနေကြောင်း၊ ဘက်မလိုက်ဝါဒသဘောထားနှင့် အဖွဲ့အစည်းပုံသဏ္ဌာန်သည် စည်းလုံးမှုမရှိတော့ကြောင်း ဝေဖန်မှုများ ပေါ်ပေါက်လာသည်။ ထို့ကြောင့် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်"သည် ယခုရာစုနှစ်၏ တစ်ဝက်လောက်အတွင်းမှာပင် ပုံပန်းသဏ္ဌာန်ပျက်ယွင်းလာနေပြီဟု ရှုတ်ချပြောဆိုမှုများတွေ့ရှိလာရသည်။

များပြားလှစွာသော ကမ္ဘာ့အရပ်ရပ်၏ ဆူပူမှုများ၊ ကျူးကျော်ဝင်ရောက်မှုများ၊ စစ်ပွဲပြုအစိုးရများကို ဖြုတ်ချနေမှုများကြောင့် ကမ္ဘာကြီးသည် သွေးလန့်နေရသည်။ ဥပမာပြုရသော် ကိုဆိုဗိုအရေးအခင်း၊ အာဖဂန်နစ္စတန်အရေးအခင်း၊ အီရတ်အရေးအခင်းနှင့် အာရပ်ကမ္ဘာများမှာ နေ့ရောညပါ ဖြစ်ပျက်နေသည့်စစ်ပွဲများနှင့် ဆူပူမှုအရေးအခင်းများကို တွေ့မြင်ကြရမည်ဖြစ်သည်။ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက မစွက်ဖက်ရေးဟူသောမူကိုကြည့်လျှင် ကျဆုံးနေသောနိုင်ငံ၏ လူသားအချင်းချင်းအပေါ် ကျူးလွန်နေသည့်လက်ရောက်မှုများကိုတွေ့နေရပါသည်။ ယင်းဖြစ်စဉ်များကို ကာကွယ်နိုင်မည့် စွမ်းဆောင်နိုင်သူများ၏ အားနည်းနေမှုကြောင့် ကမ္ဘာ့အချို့ဒေသမှ ပြည်သူများအလွန်ဆိုးရွားစွာ ဒုက္ခခံစားနေကြရသည်။

ကမ္ဘာသူကမ္ဘာသားများအားလုံး ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးအတွင်း အန္တရာယ်ကင်းစွာနေထိုင်လိုကြလျှင် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေး မူကြီး(၅)ချက်ကို အမြဲတမ်းအသက်ဝင်နေအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးများကို အဖျက်သဘောဖြင့် ဆောင်ရွက်နေမှုမှန်သမျှကို ဆန့်ကျင်ကြရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အားများ ချို့တဲ့မှုရှိတတ်သဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးများဖြင့် မိမိ၏အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။ လိုအပ်သည့်သင်ခန်းစာများ ထုတ်နုတ်ယူနိုင်ကြပါစေ။ ။



**အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးများကို ချမှတ်ခဲ့ပြီးနောက် ဘက်မလိုက်နိုင်ငံများမှ ခေါင်းဆောင်များ မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်ခဲ့စဉ်က....။**
ဝဲမှယာ-တောင်ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး၊ အာဖဂန်နစ္စတန်နိုင်ငံခြားရေးဝန်ကြီး၊ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း၊ သမ္မတ ဒေါက်တာဘဦး၊ အိန္ဒိယဝန်ကြီးချုပ် နေရူး၊ အီဂျစ်သမ္မတ နာဆာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မာရှယ်ချင်ယီ၊ ဝန်ကြီးချုပ် ဦးနု။

# စာပေနှင့် မီဒီယာဆိုင်ရာ အသင်းအဖွဲ့များအားလုံး စုစည်းညီညွတ်မှုဖြင့် အာဆီယံဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်မြင့်မားရေး ကြိုးပမ်းတည်ဆောက်

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ပထမအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမကြီး၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်စာရေးဆရာအသင်းများမှ ညီလာခံကိုယ်စားလှယ် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့များ၊ ညီနောင်အသင်းအဖွဲ့များနှင့် ဖောင်ဒေးရှင်းများမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် စာပေလောကဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အသင်း၏ စွမ်းဆောင်နိုင်မှုများအဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ စာပေပညာရှင်များ ရေးသားပြုစုသည့် စာအုပ်စာပေများအပါအဝင် မီဒီယာအမျိုးမျိုးသည် မျိုးဆက်သစ်များအတွက် အသိပညာအသစ်များ ဖန်တီးနိုင်ရန် ဆန်းသစ်သော စိတ်ကူးနှင့် အတွေးအခေါ်များ၊ အကြံကောင်း ဉာဏ်ကောင်းများဖြစ်ပေါ်စေသည့် အပြင် စိတ်ဓာတ်ခွန်အားများ၊ အမျိုးသားကိုယ်ခံစွမ်းအားများ ဖြည့်ဆည်းပေးနိုင်သည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ စာပေပညာရှင်များ၏ အသိပညာ မျှဝေပေးမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုသည် ဤမျှမကဘဲ တစ်နိုင်ငံလုံး အသိပညာ လူ့အဖွဲ့အစည်းဖြစ်လာစေရေးဆိုသည့် မြန်မာ့ထွက်ရပ်လမ်း ရည်မှန်းချက်ပန်းတိုင်ကြီးပေါ်သို့ ရောက်သည်အထိ နိုင်ငံတော်ကို အကျိုးပြုနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးက "စာပေပညာရှင်များကို အလင်းရောင်ကိုဖန်တီးသူများ" ဟု ရည်ညွှန်းမိန့်ကြားခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

၂၀၁၅ အလွန် အာဆီယံပေါင်းစည်းရေးကာလကို မျှော်မှန်းလျက် မြန်မာအပါအဝင် တိုင်းရင်းသားဘာသာစာပေများ ဖွံ့ဖြိုးတိုးတက်ပြီး အခိုင်အခန့်ဖြစ်ရေး၊ လူမှုတာဝန်သိသော မီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေနှင့်မီဒီယာဆိုင်ရာ အသင်းအဖွဲ့များအားလုံးက စုစည်းညီညွတ်စွာဖြင့် အာဆီယံဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်မြင့်မားရေးတို့အတွက် အသင့်ပြင်ဆင် ကြိုးပမ်းတည်ဆောက်သွားကြပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအစီအစဉ် ဒုတိယပိုင်းကို နံနက် ၁၀ နာရီတွင်ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာအကျဉ်းနှင့် ဘဏ္ဍာရေး အစီရင်ခံစာတို့ဖတ်ကြားတင်ပြခြင်း၊ ထောက်ခံအကြံပြုဆွေးနွေးခြင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းများကို ထောက်ခံအကြံပြုဆွေးနွေးခြင်း၊ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တင်ပြချက်များနှင့် စပ်လျဉ်း၍ဆွေးနွေးချက်များအပေါ် ဗဟိုအမှုဆောင်ကော်မတီက ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်တင်ပြခြင်း၊ အတည်ပြုလက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ မွန်းလွဲပိုင်းတွင် အခမ်းအနားကျင်းပပြီးစီးသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ပထမအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေးလုပ်ငန်းကို အစိုးရတစ်ခုတည်းကသာမက အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဇွန် ၂၈

**ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့သည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များမှ မြို့မိမြို့ဖများ ၊ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။**

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း**(ယာဝုံ)**က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ဖြင့် တည်ဆောက်၍မရဘဲ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်ဆန်လာမည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တွင် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာပြီဖြစ်သဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက်လာရောက် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းကို အစိုးရတစ်ခုတည်းကသာမက အားလုံးသောအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်လိုသူများ များစွာလိုအပ်ပါကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်အောင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုသည့် စိတ်ထား ထားရှိရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံမြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့်မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးဖြေကြားပေးကြပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ယနေ့ဆွေးနွေးချက်များသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် ဒေသများ၏ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များဖြစ်ပါကြောင်း၊ လူမှုအဖွဲ့အစည်းများ အားကောင်းလာပါက ဒေသဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာမည် ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် အစိုးရ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ တတိယအဆင့် အရှိန်မြှင့်တင်မှုကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်ပေါင်းစပ်ညှိနှိုင်းသည့် လုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်ဆောင်ရွက်ပြီး ဒီမိုကရေစီအခြေခံအုတ်မြစ် ခိုင်မာရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားနှင့်စွမ်းရည် မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ ဒေသထွက်ကုန်ကုန်ကြမ်းပစ္စည်းများအား ဈေးကောင်းရရှိစေရန် ကုန်ချောထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတွင် ကျောင်းသားများ၏ အရည်အသွေးမြင့်မားလာအောင် ဆရာနှင့်မိဘများက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပညာရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေပါကြောင်း၊ လူသားအရင်းအမြစ် မွေးထုတ်သည့်လုပ်ငန်းသည် အချိန်အကြာဆုံးဖြစ်ပါကြောင်း၊ ဒေသ၏ လိုအပ်ချက် လူ့စွမ်းအားအရင်းအမြစ်များကို မိမိတို့ဒေသမှ မွေးထုတ်နိုင်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ပိုင်ဆိုင်ထားသည့် မြေအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချပြီး ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ရှမ်းပြည်နယ်သည် ကုန်သွယ်မှုများတိုးတက်လာပြီဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အညီ လားရှိုးမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များသည်လည်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ ဒေသခံများ အကျိုးရှိရန်လည်း လိုအပ်ပါကြောင်း၊ ပြည်ပနှင့်ဆက်စပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကို ဆောင်ရွက်သင့်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသင်းအဖွဲ့များ၏ ပေါင်းစည်းမှုအင်အားလိုအပ်ပြီး စည်းရုံးမှု၊ ဆွေးနွေးမှုများကို ပြုလုပ်ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ယခုကဲ့သို့ ရှမ်းပြည်နယ်၏ ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာမှုများသည် ပြည်သူများနှင့် အစိုးရ၏ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိလာခြင်းဖြစ်ပြီး ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်က ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများအနေဖြင့် မိမိလုပ်ငန်းတာဝန်များအား သိရှိပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တွင်ရှိသည့် မြို့နယ်ပေါင်း ၅၀ အတွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ထောက်ပံ့နိုင်ရန် လျာထားမှုများရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအသီးသီးသည် လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ညွန့်က ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် တစ်မြို့နယ်လျှင် ကျပ်သိန်း ၄၀၀နှုန်းဖြင့် ငါးမြို့နယ်အတွက် စုစုပေါင်း ကျပ်သိန်း ၂၀၀၀ အား သိန္နီ၊ တန့်ယန်း၊ ကွမ်းလုံ၊ မိုင်းရယ်နှင့် လားရှိုးမြို့နယ်တို့မှ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများထံသို့ လည်းကောင်း၊ ပြည်နယ်ဝန်ကြီး ဒေါက်တာမျိုးထွန်းက မြို့နယ်ပညာရေးမှူးများထံသို့ ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။ **(သတင်းစဉ်)**





ပြည်တွင်းသတင်း

# မြန်မာ-တရုတ် စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးဆွေးနွေး

**ပေကျင်း ဇွန် ၂၈**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်းတို့သည် ယနေ့ညနေ ၄ နာရီတွင် ပေကျင်းမြို့ရှိပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံဆွေးနွေးကြသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဘင်္ဂလာဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ တရုတ်စီးပွားရေးစင်္ကြံ တည်ထောင်နိုင်မည့် အလားအလာများ၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ မြန်မာ-တရုတ်စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးဇေယျာအောင်၊ ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



■ **ရှေ့ဖုံးမှ**

ကွန်ဖရင့်သို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့က ဦးဆောင်ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် နှစ် (၆၀) ပြည့် အခမ်းအနားကို အဆွေတော်တို့နှင့်အတူ တက်ရောက်ကာ ကျင်းပခွင့်ရသည့်အတွက် မိမိအနေဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

လွန်ခဲ့သောနှစ် ၆၀ ကျော် ဒုတိယကမ္ဘာစစ်ပြီးနောက် စစ်အေးတိုက်ပွဲစတင်သည့်ကာလက အာရှ၊ အာဖရိကနှင့် လက်တင်အမေရိက နိုင်ငံများသည် လွတ်မြောက်ရေးလှုပ်ရှားမှုများနှင့် လွတ်လပ်ရေးရရှိရန်အတွက် ရုန်းကန်ခဲ့ကြပါကြောင်း၊ ထိုအချိန်ကာလက လွတ်လပ်ရေးရကာစနိုင်ငံများ၏ အတူညီဆုံးနှင့် ပြင်းပြလှသည့် ဆန္ဒမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိပြီး အမျိုးသားအချုပ်အခြာအာဏာကို သာတူညီမျှနှင့် အပြန်အလှန်လေးစားမှုရှိသည့် နိုင်ငံတကာဆက်ဆံရေးပုံစံအသစ် တည်ဆောက်လိုခြင်းပင် ဖြစ်ပါကြောင်း။

လွတ်လပ်ရေးရပြီးစ နိုင်ငံများ၏ ယင်းသို့ပြင်းပြပြီး တူညီသည့် မျှော်မှန်းချက်များကို တုံ့ပြန်သည့်အနေဖြင့် မိမိတို့၏ ခေါင်းဆောင်ကြီးများသည် ထူးကဲသည့်မဟာဗျူဟာမြောက်အမြင်များဖြင့် ယခုနိုင်ငံတကာဆက်ဆံရေးတွင် အခြေခံစံနှုန်းနှင့် လမ်းညွှန်ချက်စည်းမျဉ်းစည်းကမ်းအဖြစ် လက်ခံထားသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး(၅)ရပ် ကိုစတင် အဆိုပြုသည့် သမိုင်းဝင်သည့် ဆုံးဖြတ်ချက်ကို ရဲဝံ့စွာချမှတ်ခဲ့ပါကြောင်း။

၁၉၅၄ခုနှစ် ဇွန်လက တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းသည် အိန္ဒိယနှင့် မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဇွန် ၂၈ရက်တွင် တရုတ်-အိန္ဒိယ ပူးတွဲထုတ်ပြန်ကြေညာချက်တစ်ရပ်ကို နယူးဒေလီမြို့တွင် လည်းကောင်း၊ ဇွန် ၂၉ ရက်တွင်တရုတ်-မြန်မာပူးတွဲထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ရန်ကုန်မြို့တွင် လည်းကောင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အချုပ်အခြာအာဏာပိုင်နိုင်ငံများအကြား ဆက်ဆံရာတွင် သာတူညီမျှနှင့် အပြန်အလှန် လေးစားမှုအတွက် လမ်းညွှန်ပေးသော စံနှုန်းများအဖြစ် တရားဝင်ကြေညာခဲ့ပါကြောင်း။

ထိုအချိန်မှစတင်၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ရပ်သည် ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ခဲ့သည့် ကြေညာချက်အပါအဝင် အဓိကနိုင်ငံတကာကြေညာချက်များတွင်လည်း ပါဝင်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒသည်လည်း ယင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ရပ်အပေါ် အခြေခံထားခြင်းဖြစ်သည်ကို မိမိအနေဖြင့် ဂုဏ်ယူစွာပြောကြား လိုပါကြောင်း။

မိမိတို့ နိုင်ငံအနေဖြင့်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅) ရပ်သည် အချိန်ကာလ၏ စမ်းသပ်မှုများကို ရင်ဆိုင် ကျော်လွှားနိုင်ရုံသာမက အချိန်နှင့်အတူ ရင့်ကျက်လာပြီး ပြည်ထောင်အချင်းချင်း ဆက်ဆံရေးဆိုင်ရာမှုများ၏ အခြေခံ စံတစ်ခုဖြစ်လာခဲ့သည်ကို တွေ့မြင်ရသည့်အတွက် ယင်းမူကြီး(၅)ရပ်ကို ကနဦးချမှတ်ခဲ့သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ယင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ရပ်သည် အနာဂတ်ပြည်ထောင်အချင်းချင်း ဆက်ဆံရေးတွင် ပိုမိုကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်လာလိမ့်မည်ဟုလည်း မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း၊ နိုင်ငံများအကြား လမ်းညွှန်မူဝါဒအဖြစ်လည်း ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ အိမ်နီးချင်းသုံးနိုင်ငံ၏ ဆက်ဆံရေးကိုပြန်ကြည့်မည်ဆိုလျှင် မိုင်းပေါင်းများစွာ နယ်နိမိတ်ချင်းနီးစပ်နေကြသည့် မြန်မာ-တရုတ်-အိန္ဒိယနိုင်ငံတို့သည် အစဉ်အလာရှိသည့် အိမ်နီးချင်းကောင်းများဖြစ်ကြပြီး ရာစုနှစ်ပေါင်းများစွာ ကြာရှည်တည်တံ့သည့် ချစ်ကြည်ရင်းနှီးမှုများလည်း ရှိခဲ့ကြပါကြောင်း၊ ယင်းသို့ တည်ရှိနေထိုင်ခြင်းသည် ထိုမူကြီး(၅)ရပ်နှင့်အညီ နေထိုင်ဆက်ဆံနိုင်ခဲ့ကြခြင်းဖြစ်သကဲ့သို့ ပြည်သူပြည်သားများ အနေဖြင့်လည်း အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာများတွင် တူညီမှုများ ရှိနေခြင်းတို့ကလည်း နားလည်မှု၊ ချစ်ကြည်ရင်းနှီး သည့်ဆက်ဆံမှု၊ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုတို့ကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေပါကြောင်း။

ထိုငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ရပ်ကို အခြေခံကာ လက်ခံခဲ့ကြသဖြင့်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား ချစ်ကြည်သောဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် နှစ်ပေါင်းများစွာအတွင်း ပိုမိုခိုင်မြဲ လာခဲ့ပါကြောင်း၊ နိုင်ငံများအကြား နယ်နိမိတ်ပြဿနာကို ငြိမ်းချမ်းစွာဖြင့် အပြန်အလှန် စိတ်ကျေနပ်မှုရရှိအောင် ဖြေရှင်းနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ်ကြသည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး ဤနှစ်နိုင်ငံစလုံးသည် မိမိတို့မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ဆက်လက်တည်ရှိသွားလိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်ပါကြောင်း။

မိမိတို့သည် နိုင်ငံအားလုံးနှင့် ကောင်းမွန်၍ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းသွားမည်ဖြစ်သကဲ့သို့ ကောင်းမွန်သည့် အိမ်နီးချင်းကောင်းဆက်ဆံရေးကို အလေးထားသွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနှင့် ဒေသတွင်းအဆင့်တွင် ပိုမိုနီးကပ်သည့် ဆက်ဆံရေးဖြင့် ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် မိမိတို့၏ဒေသတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးအမြတ်ဖြစ်ထွန်းရေးတို့ကို ဆောင်ယူနိုင်ရန်အတွက် မိမိတို့သည် ဆက်လက်ပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်လည်း ဖြစ်ပါကြောင်း။

ယခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့အပါအဝင် ဆွေးနွေးဖက်နိုင်ငံများအကြား လုံခြုံမှု၊ စုစည်းခိုင်မာမှုနှင့် စည်းလုံးမှုတို့ကို ဆောင်ကြဉ်းပေးမည်ဖြစ်သည်ဟု မိမိတို့အနေဖြင့် ခိုင်ခိုင်မာမာယုံကြည်ထားပါကြောင်း။

မိမိတို့၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅) ရပ်ကို တစိုက်မတ်မတ် ကျင့်သုံးခြင်းကြောင့် ရရှိခဲ့သည့် အောင်မြင်မှုများကို ပြန်သုံးသပ်ကြည့်ခြင်းဖြင့် မူကြီး(၅) ရပ်အပေါ် မိမိတို့၏ ယုံကြည်မှုများကို ပိုမိုဖြစ်စေပါကြောင်း။

သို့ဖြစ်၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးတို့အတွက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်အား ကမ္ဘာလုံးဆိုင်ရာစံတစ်ခု အနေဖြင့် ကျင့်သုံးနေခြင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြပါစို့ဟု ကတိပြု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟာမစ် အန်ဆာရီနှင့်တရုတ် နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့က အထိမ်းအမှတ်မိန့်ခွန်းပြောကြားကြသည်။

၁၉၅၄ ခုနှစ် ဇွန် ၂၈ ရက်တွင် နယူးဒေလီမြို့၌ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည်လည်းကောင်း၊ ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့၌ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် လည်းကောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅) ရပ်ကို လိုက်နာကျင့်သုံးကြရန် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်မှာ ယခုနှစ်တွင် နှစ် (၆၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ညပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်က ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ရပ် နှစ် (၆၀) ပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်သူ့ခန်းမဆောင်ကြီး Golden Hall ၌ တည်ခင်းဧည့်ခံရာ တရုတ်-မြန်မာ-အိန္ဒိယနိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ၌ သုံးနိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့များက နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာ၊ တရုတ်၊ အိန္ဒိယ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက် ကြေညာခဲ့သည့်နှစ်(၆၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပြုဧည့်ခံပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၈**

မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅) ချက်ကြေညာခဲ့သည့် နှစ် (၆၀) ပြည့်အထိမ်းအမှတ်ဂုဏ်ပြုဧည့်ခံပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ယနေ့ညပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမရ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Chen Chen၊ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. YK Sailas Thangal၊ ရန်ကုန်အခြေစိုက်နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများတက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က အမှာစကားပြောကြားရာတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ချက် စတင်ချမှတ်ခဲ့သည့် ၁၉၅၄ ခုနှစ်ကပင် မြန်မာနိုင်ငံသည် ယင်းမူကြီးများအတိုင်း တိကျစွာ လိုက်နာကျင့်သုံးခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှအစဉ်အဆက်ကျင့်သုံးခဲ့သော လွတ်လပ်တက်ကြွ၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒသည် ယင်းမူကြီး(၅)ချက်အပေါ်တွင် အခြေခံကြောင်း၊ ယနေ့ နိုင်ငံတကာတွင် သာတူညီမျှမှုနှင့် တရားမျှတမှုရှိပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးနှင့် လိုက်နာကျင့်သုံးရေးမှာ များစွာအရေးပါလာပြီဖြစ်ကြောင်း၊ မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့မှ ခေါင်းဆောင်ကြီးများအနေဖြင့် ယင်းမူကြီးများအား နိုင်ငံတကာမှ လက်ခံကျင့်သုံးရေးနှင့် ယင်းမူကြီးများ၏အရေးပါမှုကို မြှင့်တင်သွားရေး၊ အချုပ်အခြာအာဏာပိုင်နိုင်ငံများအကြား တန်းတူညီတူရှိရေး၊ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများရှိရေး၊ အများနှင့်သက်ဆိုင်သော လုံခြုံမှုရှိရေး၊ သာတူညီမျှမှုနှင့် တရားမျှတမှုရှိရေးအတွက် ထိန်းသိမ်းရေးနှင့် ချိန်ခွင်လျှာညီမျှသော ကမ္ဘာကြီးဖြစ်စေရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဟု ထပ်လောင်းကတိပြုပါကြောင်း၊ နှစ်ပေါင်းများစွာ တည်ဆောက်ထားပြီးဖြစ်သည့် ခိုင်မာပြီးအခွန့်ရှည်သော ဆက်ဆံရေးအပေါ်အခြေခံကာ မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့အနေဖြင့် ယနေ့နှင့် အနာဂတ်တွင် ရင်ဆိုင်တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကို အခြားသော ငြိမ်းချမ်းရေးကိုမြတ်နိုးသည့် ကမ္ဘာ့နိုင်ငံများနှင့် အတူလက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

**▌▌ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများရှိရေး၊ အများနှင့်သက်ဆိုင်သော လုံခြုံမှုရှိရေး၊ သာတူညီမျှမှုနှင့် တရားမျှတမှုရှိရေးအတွက် ထိန်းသိမ်းရေးနှင့် ချိန်ခွင်လျှာညီမျှသော ကမ္ဘာကြီးဖြစ်စေရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်။ ▌▌**

✻ ကျောဖုံးမှ

လှူဒါန်းခဲ့သည့် ဓမ္မဘဏ္ဍာပစ္စည်းများဖြစ်သည့် အလေးချိန်ဂရမ် ၅၀၀၀၀ရှိ စွယ်တော်ကျောင်းဆောင်နှင့် ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲ၊ ရွှေစင်နှင့် ရတနာမျိုးစုံတို့ကို မြန်မာ-တရုတ်နှစ်ဘာသာဖြင့် ရေးသားထားသည့် ဓမ္မဘဏ္ဍာအလှူတော်မှတ်တမ်းကြေးပြားများကို ဆက်ကပ်လှူဒါန်းသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ ၁၉၅၅ ခုနှစ်တွင် ပထမအကြိမ် ကြွရောက်တော်မူခဲ့ပြီး ရှစ်လကြာအပူဇော်ခံခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ် ကြွရောက်တော်မူခဲ့ပြီး ၄၅ ရက်ကြာ အပူဇော်ခံခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် တတိယအကြိမ် ကြွရောက်တော်မူခဲ့ပြီး ရက်ပေါင်း ၉၀ အပူဇော်ခံခဲ့ကာ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် စတုတ္ထအကြိမ် ကြွရောက်တော်မူခဲ့ပြီး ၄၈ ရက် အပူဇော်ခံခဲ့ကြောင်း မှတ်တမ်းများအရသိရသည်။

ပြည်တွင်းသတင်း

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွယ်တော် သီတင်းသုံး စံပယ်တော်မူသည့် လင်ကွမ်းကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ချောင်ဝမ်ခရိုင်အတွင်းရှိ တရုတ်နိုင်ငံ မင်မင်းဆက်လက်ထက်တွင် စတင်တည်ဆောက်ခဲ့သည့် Temple of Heaven ကျောင်းဆောင်ကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

(သတင်းစဉ်)

# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် နှစ်(၆၀)ပြည့်အထိမ်းအမှတ် ပုံရိပ်များ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံမှ လှူဒါန်းခဲ့သည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုစဉ်။



ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ဒေသစာရီကြွစဉ်က မြန်မာပြည်သူ ပြည်သားများ လှူဒါန်းခဲ့သည့် ဓမ္မဘဏ္ဍာပစ္စည်းများကို ဤသို့တွေ့ရသည်။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် ကွန်ဖရင့်ကို ဇွန် ၂၈ ရက်က ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဟာမစ်အန်ဆာရီ၊ တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်း၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ကျန်တဲကျန်း၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ယူချန်ရှင်းတို့ တက်ရောက်ကြသည်ကို ဤသို့တွေ့ရသည်။



ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ဒေသစာရီကြွစဉ်က မြန်မာပြည်သူ ပြည်သားများ လှူဒါန်းခဲ့သည့် ဓမ္မဘဏ္ဍာပစ္စည်းများထဲမှ ကျောက်စိမ်း ကျောက်မျက်ရတနာများ။






ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို ချမှတ်ဖော်ဆောင်ခဲ့သူများအနက် တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း(ဝဲ)၊ မြန်မာနိုင်ငံသမ္မတ ဒေါက်တာဘဦး(လယ်)နှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နေရူး(ယာ) တို့၏ မှတ်တမ်းဓာတ်ပုံ။



၁၉၅၄ ခုနှစ် ဇွန် ၂၈ ရက် ညနေပိုင်းတွင် ဝန်ကြီးချုပ် ဦးနုနှင့် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့ နိုင်ငံတော်ဝန်ကြီးချုပ် နေအိမ်၌ တွေ့ဆုံဆွေးနွေးကြသည့် မှတ်တမ်းဓာတ်ပုံ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## မျိုးဆက်ဟောင်းမျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ၏ မွန်မြတ်သောသွေးလှူဒါန်းပွဲ

**ရန်ကုန် ဇွန် ၂၈**

"အားလုံးဆောင်ရွက်၊ အားလုံးတွက်တည့်"ဆောင်ပုဒ်ဖြင့် အခြေခံပညာကဏ္ဍအတွက် ဆရာ ဆရာမများ၊ ပညာရေးအသိပညာရှင်များ အများဆုံး မွေးထုတ်ပေးလျက်ရှိသည့် ၁၉၆၄ ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့သော ရန်ကုန်ပညာရေး တက္ကသိုလ်သည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် နှစ် (၅၀) ပြည့်မြောက်၍ ရွှေရတုကာလသို့ ရောက်ရှိမည်ဖြစ်သဖြင့် အဆိုပါ ရွှေရတုအထိမ်းအမှတ်ကို ဂုဏ်ပြုကျေးဇူးဆပ်သောအားဖြင့် မွန်မြတ်သောသွေးလှူဒါန်းပွဲကို ဇွန် ၂၅ရက် နံနက် ၉ နာရီက ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနၣ်ကျင်းပရာ အမိတက္ကသိုလ်က မွေးထုတ်ပြီး မွေးထုတ်ဆဲ မျိုးဆက်ဟောင်း မျိုးဆက်သစ်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၄၀ က မိဘပြည်သူလူနာများ၏ အသက်ကယ်ရန် သွေးလှူဒါန်းကြသည်။

အဆိုပါ မွန်မြတ်ဂုဏ်ပြုသွေးလှူဒါန်းပွဲသို့ ရန်ကုန်ပညာရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်၊ ဆရာ ဆရာမများ၊ တက္ကသိုလ်က မွေးထုတ်ခဲ့သည့် ပညာရေးအသိပညာရှင်များဖြစ်ကြသော ဦးခင်မောင်ကြွယ်(ကောင်းသန့်)၊ ဦးအေးကြိုင် (ကျောင်းပြင် မူလတန်းပညာရေး)၊ ဦးကျော်သောင်း (ကျော်သောင်း ပညာရေး)နှင့် မျိုးဆက်ဟောင်း မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများက လာရောက်အားပေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီလှူဒါန်းပေးသည်။

ဆက်လက်၍ လာမည့်ဇူလိုင်လတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ရွှေရတု အထိမ်းအမှတ်စာတမ်းဖတ်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပခြင်း၊ ဩဂုတ်လတွင် မဂ္ဂဇင်းထုတ်ဝေခြင်း၊ စက်တင်ဘာလတွင် သင်ထောက်ကူ ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲကျင်းပခြင်း၊ အောက်တိုဘာလတွင် ဈေးရောင်းပွဲတော်၊ ပဒေသာကပွဲနှင့် ဂုဏ်ပြုညစာစားပွဲများဖြင့် အမိတက္ကသိုလ်ဂုဏ်ဖော်ဆောင်ကျင်းပကြမည်ဖြစ်ကြောင်း သိရသည်။

**အောင်နိုင်**

## တောင်ငူမြို့မဈေးကြီး ပြန်ဆောက်ရန်တင်ဒါရက်ထပ်တိုး

**တောင်ငူ ဇွန် ၂၈**

တောင်ငူမြို့ မြို့မဈေးကြီး မီးလောင်ပြင်နေရာတွင် ခေတ်မီဈေးသစ်ကြီး တည်ဆောက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များကို မေ ၁၇ ရက်မှ ဇွန် ၂၅ ရက်အထိ တည်ဆောက်မည့်ပုံစံနှင့်တကွ အဆိုပြုလွှာတင်ရန် ကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း တစ်ဦးမျှလာရောက်လျှောက်ထားခြင်းမရှိသောကြောင့် တင်ဒါခေါ်ယူခြင်းကို ရက်ထပ်တိုးမည်ဖြစ်ကြောင်း သိရသည်။

၁၉၈၀ ပြည့်နှစ်က မီးတစ်ခါလောင်တယ်။ အဲဒီတုန်းက ပြန်လည်တည်ဆောက်တာ စနစ်တကျမရှိခဲ့ဘူး။ အခုအခါမှာ နောက်တစ်ကြိမ် မဖြစ်ရအောင် ရေရှည်ခိုင်ခံ့မှုရှိအောင် စနစ်တကျ အဆင့်မီအစီအမံများ ပါရှိအောင် တည်ဆောက်မည့်ပုံစံများကို စိစစ်သွားမှာပါ"ဟု စည်ပင်သာယာရေးဦးစီးဌာန အင်ဂျင်နီယာမှူး ဦးအောင်ကိုဦးက ရှင်းပြသည်။ တောင်ငူမြို့ မြို့မဈေးကြီးသည် ဖေဖော်ဝါရီ ၁၃ ရက်က မီးလောင်ခဲ့ပြီး ဈေးရုံပေါင်း ၃၈ ရုံရှိသည့်အနက် ဈေးရုံ ၁၈ ရုံနီးပါးနှင့် ဈေးဆိုင်ခန်းပေါင်း ၁၃၆၄ ခန်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ တောင်ငူမြို့မ ဈေးသစ်ကြီးကို ဈေးလမ်း သံဖြူတန်းလမ်း၊ ခြောက်လမ်း၊ ကုန်သည်ကြီးလမ်း မြေဧရိယာ ၃ ဒသမ ၃၉ ဧကပေါ်တွင် ဆောက်လုပ်ရမည်ဖြစ်သည်။ အဆင့်မြင့် ဈေးသစ်ကြီးတွင် ဆိုင်ခန်းပေါင်း ၁၄၅၉ ခန်းကို မြေညီထပ်မူလနေရာတွင် အနီးစပ်ဆုံး ဈေးသူဈေးသားများ၏ သဘောဆန္ဒအရ အခမဲ့ပြန်လည်တည်ဆောက်ပေးရမည်ဖြစ်ပြီး အနာဂတ်မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်သည့်စနစ်များ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## မိုင်းရှူးမြို့၌ ကျောင်းဆောင်သစ်ဖွင့်

**မိုင်းရှူး ဇွန် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့ အမှတ် (၄)ရပ်ကွက် အမှတ် ၂ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျောင်းဆောင်သစ်၌ ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ဒေါ်ရီသီငင်းက ကျောင်းဝင်းကာရံရန်အတွက် အလှူရှင်များလှူဒါန်းသော ငွေကျပ် ၆၅၅၀၀၀အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး ၎င်းကျောင်းဆောင်သစ်ကို ပြည်ထောင်စု ဘဏ္ဍာခွဲဝေပေးမှုဖြင့် ဆောက်လုပ်ခဲ့ပြီး ကုန်ကျငွေကျပ် ၃၂ ဒသမ ၄ သန်း၊ အလျား ပေ ၉၀၊ အနံ ပေ ၃၀၊ အုတ်ညှပ်၊ သွပ်မိုး တစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ငလိုက်ချောင်း ရော်ဘာရေတားတမံ တည်ဆောက်ပြီးစီး

**ပျဉ်းမနား ဇွန် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့တွင် ငါးလိုက်ချောင်း ရော်ဘာရေတားတမံ တည်ဆောက်ပြီးစီးပြီဖြစ်၍ ဇွန်၂၅ ရက် နံနက်ပိုင်းက အဆိုပါတမံတည်ရှိရာ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်(၈)လမ်းနှင့် (၉) လမ်းကြား၌ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားတာဝန်ခံဗိုလ်မှူးကြီး မြင့်အောင်သန်းက အမှာစကားပြောကြားသည်။



ဓာတ်ပုံ-သီရိခေတ်

အဆိုပါ Rubber Dam သည် အလျားပေ ၁၂၀၊ အမြင့် ၁၀ ပေရှိပြီး နွေရာသီတွင်ရေအမြင့် ၁၀ ပေသိုလှောင်၍ မိုးရာသီတွင် မူလရေစီးရေလာမပြတ် စီးဆင်းနိုင်ရန် ၅ ပေအကျယ်၊ (၃ ပေ ၅ လက်မ) ရေတံခါးခြောက်ချပ်တပ်ဆင်ထား၍ ချောင်းဘေးဝဲယာအလျားပေ ၁၈၀၀ ကို ကျောက်စီနံရံတည်ဆောက်ထားရာ ကုန်ကျငွေ ၇၃၉ ဒသမ ၉၈၄ သန်းကုန်ကျသည်။ ရေတိုက်စားမှုကာကွယ်ရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေတားတမံ တည်ဆောက်ခြင်းအားဖြင့် ချောင်းရိုးတစ်လျှောက် အလျားပေ ၄၅၀၀ အထိရေရောက်ရှိပြီး ရေဂါလန် ၁၄ သန်း သိုလှောင်နိုင်သည့်အတွက် မြို့ပတ်ဝန်းကျင် ခြောက်သွေ့ရာသီတွင် သဘာဝရေဓာတ်ဖြင့် ပူပြင်းမှုအန္တရာယ်ကို ကာကွယ်နိုင်ပြီး စိမ်းလန်းစိုပြည်မှု၊ မီးဘေးလုံခြုံရေး၊ အထောက်အကူပြု ရေအရင်းအမြစ်အဖြစ် အသုံးပြုနိုင်ပြီး သာယာလှပမှုများကို ဒေသခံပြည်သူများ ခံစားကြရမည်ဖြစ်သည်။

ချောင်းရိုးတစ်လျှောက် ရေစုဆောင်းထားရှိခြင်းကြောင့် ပျဉ်းမနားမြို့အတွင်း မြေအောက်ရေခန်းခြောက်မှုအရ အဝီစိတွင်း၊ လက်တူးတွင်းများ ရေထွက်ကျဆင်းမှုကို ကြုံတွေ့မှုကင်းဝေးမည်ဖြစ်သည်။

နေပြည်တော် စည်ပင်သာယာရေး ကော်မတီသည် နေပြည်တော်ကောင်စီ၏ ကြီးကြပ်ကွပ်ကဲလမ်းညွှန်မှုဖြင့် ပျဉ်းမနားမြို့ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြေသားလမ်း (၇) လမ်း၊ အလျားမိုင် ၇၃ ဒသမ ၃ မိုင်ကို ငွေကျပ်သန်းပေါင်း ၄၃၅၁ ဒသမ ၇ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် ရေသန့်ရှင်းမှု) ခေတ္တဌာနမှူး ဦးလှမိုးထွန်းက ရှင်းလင်းပြောကြားသည်။

ရော်ဘာရေလှောင်တမံ မတည်ဆောက်မီ အချိန်ကာလများတွင် ငလိုက်ချောင်းသည် အမှိုက်သရိုက်များ၊ စွန့်ပစ်စုပုံရာနေရာ တစ်ခုဖြစ်ခဲ့ပြီး ငလိုက်ချောင်းတစ်လျှောက် ရေထုညစ်ညမ်းခြင်း၊ ရေစီးရေလာ ပိတ်ဆို့ခြင်း၊ အမှိုက်သရိုက်များကြောင့် မြို့သာယာလှပမှုကို ထိခိုက်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ ငလိုက်ချောင်းကို ရော်ဘာရေတားတမံကျောက်စီနံရံများ အကောင်အထည်ဖော် တည်ဆောက်ပေးခြင်းကြောင့် ငလိုက်ချောင်းတစ်လျှောက် သန့်ရှင်းသပ်ရပ် သာယာလှပကာ အပန်းဖြေစခန်းတစ်ခုသဖွယ် ပြောင်းလဲခဲ့ကြောင်း၊ ၎င်းအပြင် မိုးရာသီတွင် ချောင်းကမ်းပါး ရေတိုက်စားခြင်းမှ ကာကွယ်နိုင်သဖြင့် ဒေသခံပြည်သူများ အထူးပင်စိတ်ချမ်းမြေ့ဝမ်းသာမိပါကြောင်း ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားကို နေပြည်တော်ကောင်စီဝင် ပျဉ်းမနားတာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ ဒက္ခိဏခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့မိ၊ မြို့ဖများ၊ ပြည်သူများ တက်ရောက်ခဲ့သည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

---

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အလက (ခွဲ)၊ ပိန္နဲတောကျောင်း၊ အဌမတန်းမှ မအေးမိစံ၏ ဖခင်အမည်မှန်မှာ ဦးရဲမြင့် ဖြစ်ပါသည်။

**ဦးရဲမြင့်**

---

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အလက(ခွဲ)၊ ပိန္နဲတောကျောင်း၊ သတ္တမတန်းမှ မချိုချိုဝင်း၏ ဖခင်အမည်မှန်မှာ ဦးရဲမောင် ဖြစ်ပါသည်။

**ဦးရဲမောင်**

---

### အမှတ် ၆၀၊ ဘုရင့်နောင်လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာဖြစ်သည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၆၀၊ အလျားပေ၄၀×အနံပေ၆၀အကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစောငြိမ်းချမ်းဝင်း ၁၀/သထန(နိုင်)၁၅၂၃၁၁ က လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုကာ ကျွန်ုပ်မိတ်ဆွေထံသို့ ရောင်းချရန်ကမ်းလှမ်း၍ စရန်ငွေဖြစ်သည့် အိမ်မြေတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ဦးစောငြိမ်းချမ်းဝင်းထံသို့ ပေးချေခဲ့ပါသည်။

ယခုအခါတွင် အဆိုပါအိမ်မြေနှင့်ပတ်သက်သော သတင်းအချက်အလက်များမှာ မူလဝယ်ယူစဉ်က အတိုင်းမဟုတ်ဘဲ ကွဲလွဲမှုများပေါ်ပေါက်လျက်ရှိသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါအိမ်မြေအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်ရန် ခေတ္တရပ်ဆိုင်းထားခဲ့ရပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါအိမ်မြေနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့မပြုလုပ်ကြပါရန် တားမြစ်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**

**အမှတ် ၅၆၁၊ (M.A.C Tower) အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၄)ရပ်ကွက်၊ မြေကွက်အမှတ် ၃၁၈၊ ပေ(၄၀×၆၀) မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်များကို ဦးဂျင်မီငွေး ၁၂/သကတ(နိုင်)၀၀၂၇၅၀ ထံမှ ဦးရှိန်ဝါထွန်း ၁၁/မပတ(နိုင်)၀၂၃၃၄၄ မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ၎င်းမြေကွက်နှင့်ပတ်သက်သည့် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရှိန်ဝါထွန်း**
**၁၁/မပတ(နိုင်)၀၂၃၃၄၄**
**အမှတ် ၅၄၀/ခ၊ မင်းရဲကျော်စွာ ၅/ခ လမ်း၊**
**(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၀၀၅၀၆၄**

---

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ ချထားပေးသော ပါမစ်အမှတ် ၂၅၊ အောင်သိပ္ပံလမ်း၊ အမှတ် ၃၁၁ ဟု ခေါ်တွင်သည့်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အုတ်ညှပ်အိမ်နှင့် ဖုန်း-၀၁-၆၆၄၉၂၆၊ မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချသူ (၁)ဦးဌေးအောင် BHN-၀၀၀၅၈၇၊ (၂) ဒေါ်ခင်ဝင်းသန်း MYGN-၀၀၃၂၃၀တို့ထံမှ ၂၄-၄-၂၀၁၄ ရက်စွဲပါ မြေနှင့် အိမ်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အရ ဒေါ်သန္တာဦး ၁၂/လမန(နိုင်)၁၀၅၉၄၄မှ တရားဝင် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါမြေနှင့်အိမ်မှာ ဒေါ်သန္တာဦး၏ စီမံခန့်ခွဲလုပ်ပိုင်ခွင့်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်သန္တာဦး**
**၁၂/လမန(နိုင်)၁၀၅၉၄၄**

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်မြလဲ့ဝင်း**
**L.L.B,D.B.L အထက်တန်းရှေ့နေ**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၈၊ မြေကွက်အမှတ်၄၄၁၊ အမည်ပေါက် ဦးထင်အောင် S/OKA-၀၄၇၉၀၉ ၏ မြေချပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်အေးမြင့်၁၂/ရပသ(နိုင်)၀၁၉၇၃၅မှ မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ပြုလုပ်ပေးရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၇၊ မြေကွက်အမှတ် ၄၉၆၊ အမည်ပေါက် ဦးမောင်ခင် ၁၃/မတန(နိုင်)၀၀၆၁၈၈မှ မြေချပါမစ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ပါသည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြေကွက်အမှတ် (၁၁၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်ဝင်းဝင်းစန်း WRGN-၀၀၁၅၂၄ အမည်ပေါက်ပါမစ်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ၉-၄-၂၀၁၄ရက်စွဲပါ စာချုပ် အရလည်းကောင်း။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရှင်ထွေးညိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြေကွက်အမှတ် (၁၁၁)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးမင်းဆွေ CHK -၀၀၈၆၃၆ အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ၇-၃-၂၀၁၁ရက်စွဲပါ စာချုပ်အရလည်းကောင်း။

တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးထွန်းမြင့် ၁၂/မရက(နိုင်)၀၂၅၂၅၂ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအရပ်ကတိစာချုပ်/ မှတ်ပုံတင်စာချုပ် မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မြလဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ**
**အမှတ် (၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

---

### ကျေးဇူးဆပ်ပါမည်

၂၇-၆-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၉း၄၅ နာရီခန့်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဝေဇယန္တာလမ်းနှင့် စည်ပင်သာယာလမ်းထောင့်မှ ဆူးလေငွေစုဘဏ်ခွဲ(၃)သို့ ငှားရမ်းခဲ့သည့် အငှားယာဉ် Taxi ပေါ်တွင် နိုင်ငံသားစိစစ်ရေးကတ်၊ ယာဉ်မောင်းလိုင်စင်နှင့် ငွေအချို့ပါဝင်သော ပိုက်ဆံအိတ်တစ်အိတ် မေ့ကျန်ခဲ့ပါသည်။ တွေ့ရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဝဏ္ဏအောင်**
**၁၈၊ ရွှေခင်းသာလမ်း၊**
**(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၃၁၄၄၉၀၈၆၊**
**၀၉-၄၂၁၁၂၁၁၂၆၊ ၀၁-၅၆၃၁၆၄**

---

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၁၃၂၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ အလံပြဘုရားလမ်း၊ အမှတ် ၃၈ ရှိ ပင်လယ်အမြန်ဖြတ်ကျော်ရောင်းဝယ်ရေးလီမိတက်ပိုင် ၆င/၇၇၆၁ ၏ နောက်ဖောင်းကြွမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၂၃၂၀၄**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လျှပ်စစ်ဓာတ်အားရောင်းချခြင်းသဘောတူညီမှုစာချုပ် ချုပ်ဆို

**ထားဝယ် ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Andaman Power and Utility Co., Ltd. နှင့် ကြယ်နီလာကုမ္ပဏီတို့အကြား တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၌ Gas Engine များငှားရမ်း၍ လျှပ်စစ်ဓာတ်အား ရောင်းချခြင်းသဘောတူညီမှုစာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၁ နာရီခွဲက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အဖွင့်အမှာစကား ပြောကြားရာတွင် Tanintharyi Region Government (TRG) ၏ လျှပ်စစ်မီးအခြေအနေကို လည်းကောင်း၊ National Grid (မော်လမြိုင်-ရေး-ထားဝယ်)အတွက် လျှပ်စစ်ဝန်ကြီးဌာန၏ ဆောင်ရွက်ပေးမှု အစီအမံကိုလည်းကောင်း၊ (200) MW Gas Turbine ဆောင်ရွက် မည့်အစီအစဉ် National Grid နှင့် ချိတ်ဆက်ဆောင်ရွက်မည့်အစီအမံကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကံပေါက်-ထားဝယ် 66KV ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ခွဲစက်တည်ဆောက်ပေးခြင်း၊ (ထားဝယ်မှလောင်းလုံ၊ မောင်းမကန်-ရေဖြူ-သရက်ချောင်း)မြို့များသို့ ဆက်သွယ်မည့် 11KV ဓာတ်အားလိုင်းနှင့် ဓာတ်ခွဲရုံများတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ 1MW Engine ငှားရမ်းရန်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး လက်ရှိထားဝယ်ခရိုင်အတွင်း လျှပ်စစ်မီးသုံးစွဲမှု တစ်လလျှင် ယူနစ် ၁ ဒသမ ၁၃ သန်းရှိ၍ ညဘက်တွင် Load မှ ၄ ဒသမ ၉ ယူနစ်သန်းထိ ရှိနေသဖြင့် Day & Night ကွာခြားမှုများနေသည့် အခြေအနေများကို ပြောကြားသည်။

ဆက်လက်၍ စာချုပ်ချုပ်ဆိုပြီး ခြောက်လကြာလျှင် လျှပ်စစ်မီးသုံးစွဲနိုင်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းမဆောင်ရွက်မီ 1 Billium လက်ဝယ်ရှိနေရန် လိုအပ်လျက်ရှိကြောင်း၊ လက်ရှိလျှပ်စစ်မီးသုံးစွဲမှု ယူနစ်ပေါင်း အခြေခံ၍ လျှပ်စစ်မီးစတင်ပေးသည့်အချိန်မှ သုံးလကို စမ်းသပ်လျှပ်စစ်မီးပေးမည့် ကာလအဖြစ်သတ်မှတ်၍ တစ်ယူနစ်ကို ငွေကျပ် ၃၀၀ နှုန်းဖြင့် ရောင်းချပေးသွားရန် စီစဉ်ထားကြောင်း၊ စာချုပ်ချုပ်ဆိုပြီး ခြောက်လအတွင်း APU နှင့် TRG က လည်းကောင်း၊ ကူညီပံ့ပိုးပေးသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ပံ့ပိုးမှုကို လည်းကောင်း၊ ပြည်သူတို့၏ ဆန္ဒကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်ကြောင်းပြောကြားပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရှင်းလင်းပြောကြားသည်။

Andaman Power and Utility Co., Ltd. မှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်သိန်းတို့က သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

**လျှပ်စစ်မီး စတင်ပေးသည့်အချိန်မှ သုံးလကို စမ်းသပ် လျှပ်စစ်မီးပေးမည့် ကာလအဖြစ် သတ်မှတ်၍ တစ်ယူနစ်ကို ငွေကျပ် ၃၀၀ နှုန်းဖြင့် ရောင်းချပေးသွားရန် စီစဉ်ထား**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၆-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၇ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၄၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၈၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၅၀၀-၄၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၁၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၈၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၇၅၀၀-၁၃၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၅၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၉၀၀၀-၁၅၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၈၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၅-၉၈၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၄၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၂-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၉၅-၁၆.၄ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂-၃၂၀ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၇၄၀၀ |
| ပေါ်ကြွဲ (အသစ်) | တစ်အိတ် | ၂၁၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၆၅၀၀-၃၀၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၂၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၁၀ |
| ဆိပ်ဖြူကြက်သွန်ဖြူ | တစ်ပိဿာ | ၃၂၅-၅၆၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၀၅၀-၁၅၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၁၀၀-၁၂၅၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၄၂၀-၆၁၀ |
| ငရုတ်ရှည် (ညောင်ရမ်း) | တစ်ပိဿာ | ၂၄၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၅၀၀ |
| သကြား | တစ်ပိဿာ | ၉၁၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ထိုင်းဖရဲသီး တပ်ကုန်းမြို့နယ်တွင် အများအပြားစိုက်ပျိုးလာ

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန် သစ်သီးဝလံတစ်မျိုးဖြစ်သော ဖရဲသီးကို မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိရာ ဖရဲအမျိုးအစား များစွာရှိသည့်အနက် ထိုင်းမျိုး(ဒေသအခေါ်) ဟိုတယ်ဖရဲကို ဖရဲစိုက်တောင်သူများ အဓိကစိုက်လာကြောင်း၊ အဆိုပါဖရဲမျိုးကို ယခင်က ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် အဓိကစိုက်ပျိုးခဲ့ရာ ယခုအခါ နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် အများအပြား စိုက်ပျိုးလာကြောင်း သိရသည်။

"ဒီမှာ တောင်သူခေါ်တာကတော့ ဟိုတယ်ဖရဲလို့ လူသိများပါတယ်။ အလုံးက ရှည်ရှည်သေးသေးလေးတွေ၊ အရသာရှိပြီး စားသုံးသူအကြိုက်ပေါ့။ စိုက်ပြီး ၄၅ ရက်ဆို စရောင်းရတယ်။ ထူးခြားချက်က အပင်မကျမချင်း တစ်ပတ်တစ်ခါ ခူးဆွတ်ရောင်းလို့ရတယ်။ ဈေးနှုန်းကတော့ တစ်လုံးကို ငွေကျပ် ၆၅၀ နဲ့ရောင်းရပါတယ်။ အရင်ကျွန်တော်တို့ စိုက်နေကျဖရဲနဲ့ တခြားစီပဲ။ အလုံးကလည်းသေးတယ်။ ဈေးကွက်ကလည်း ပြည်တွင်း၊ ပြည်ပမှာပါ ဈေးရတယ်၊ ပြည်တွင်းမှာ ဟိုတယ်တွေမှာ အဓိကစားသုံးကြတယ်။ အပင် ၂၅၀၀ စိုက်ထားတာ အခုပထမအပတ်ဆွတ်ခူးတာ အလုံး ၂၅၀၀ တော့ထွက်မယ်။ နောက်တစ်ပတ်နေရင် ဒုတိယအကြိမ် ဆွတ်ခူးလို့ရတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖရဲစိုက်တောင်သူတွေ မျိုးပြောင်းစိုက်ပြီး ဝင်ငွေအပိုရမယ့်မျိုးတွေပဲ ရွေးစိုက်နေပါတယ်။ အခုဆိုရင် ဒီဟိုတယ် ဖရဲကိုပဲ အဓိကစိုက်လာကြပါတယ်"ဟု တပ်ကုန်းမြို့နယ် နွယ်ရစ်ရွာမှ ဖရဲစိုက်တောင်သူတစ်ဦးက ပြောပြသည်။



ဓာတ်ပုံ-သက်ထက်

**မောင်ကျော်ကြီး**

# ရေဘေးသင့်အိမ်ထောင်စုများ ထောက်ပံ့ငွေပေးအပ်

**ဘုတ်ပြင်း ဇွန် ၂၈**

မုန်တိုင်းအရှိန်ကြောင့် ဇွန် ၁၄ ရက်က ပင်လယ်ရေ မျက်နှာပြင်မြင့်တက်လှိုင်းထန်သဖြင့် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ရေင်ကြီးကျေးရွာအုပ်စု အညင်းဆုံကျေးရွာ၊ အုန်းတောကမ်းကျေးရွာအုပ်စု လိပ်ဥချောင်းရွာအနီး စတိန်ကျေးရွာအုပ်စု စတိန်ကျေးရွာတို့တွင် ကျေးရွာပြည်သူတို့၏ အိုးအိမ်ပစ္စည်းများဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။ ပျက်စီးဆုံးရှုံးမှုများ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပွဲကို ဇွန် ၂၆ ရက်က ဘုတ်ပြင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သပြေခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက ရေဘေးသင့်ကျေးရွာအိမ်ထောင်စုဝင် မိသားစုများအား တွေ့ဆုံနှစ်သိမ့်အားပေးစကားပြောကာ နေအိမ်များပြန်လည် တည်ဆောက်နိုင်ရေး ရေဘေးသင့်အိမ်ထောင်စုများသို့ ကူညီထောက်ပံ့ငွေနှင့် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ချုပ်မှ လှူဒါန်းသည့် ကယ်ဆယ်ရေးအိမ်သုံး၊ လူသုံးပစ္စည်းများကို ကျေးရွာတာဝန်ရှိကော်မတီအဖွဲ့များကို ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာချင်းဆက်တံတားများ အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး ထောက်ပံ့ငွေများ ကူညီပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(ပြန်/ဆက်)**

## ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းများဖြစ်သည့် ပအိုဝ်း၊ ပလောင်၊ ဓနု၊ ကိုးကန့်၊ 'ဝ' ဒေသများတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | ကတ္တရာ (မိုင်) | ကျောက် (မိုင်) | မြေ (မိုင်) | တံတား (ပေ) | ပြွန် (ပေ) | ရေ (ခု) | မီး (ခု) | အိမ်ရာ (လုံး) | အိမ်သာ (လုံး) |
|---|---|---|---|---|---|---|---|---|---|
| ၁။ ပအိုဝ်း | ၅/၀ | ၁၉/၄ | ၃၃/၀ | ၆၀၂ | ၃၁၅ | ၈၃ | ၁၆၉၇ | ၅ | ၁၈ |
| ၂။ ပလောင် | ၅/၀ | ၁၂/၄.၈ | ၃၅/၀ | ၃၀၈ | ၃၆၂ | ၅၃ | ၆၄၇ | ၅ | ၃ |
| ၃။ ဓနု | ၅/၀ | ၁၀/၀ | ၂၉/၀ | ၄၅၀ | ၃၇၅ | ၄၇ | ၆၁၂ | ၅ | ၃ |
| ၄။ ကိုးကန့် | ၃/၆ | ၆/၀ | ၁၆/၂ | ၄၀၀ | ၃၀၀ | ၅၃ | ၃၁၉ | ၅ | ၃ |
| ၅။ 'ဝ' | ၂/၆ | ၄/၇ | ၁၂/၀ | ၃၀ | ၃၃၀ | ၉၆ | ၇၀၄ | ၅ | ၃ |
| ပေါင်း | ၂၁/၄ | ၅၂/၇.၈ | ၁၂၅/၂ | ၁၇၉၀ | ၁၆၈၂ | ၃၃၂ | ၃၉၇၉ | ၂၅ | ၃၀ |

၂။ (က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၇-၇-၂၀၁၄ ရက်မှ ၆-၈-၂၀၁၄ ရက်အထိ
(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက် - ၇-၈-၂၀၁၄ ရက်
(ဂ) ရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - 'သက်ဆိုင်ရာ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းဦးစီးရုံးများ

၃။ အသေးစိတ် သိရှိလိုသည့်အချက်များကို အောက်ပါဖုန်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-
ကျေးလက်ဦးစီးရုံးများ ရှမ်းပြည်နယ် ဖုန်း-၀၈၁-၂၁၂၄၂၅၀၊ ရှမ်းပြည်နယ်ရုံးခွဲ၊လားရှိုးဖုန်း-၀၈၂-၃၀၆၅၈၊ တောင်ကြီးခရိုင် ဖုန်း-၀၈၁-၂၁၂၄၂၄၉၊ ကျောက်မဲခရိုင်ဖုန်း-၀၈၂-၄၀၉၄၁၊ ဟိုပန်ခရိုင်ဖုန်း-၀၈၂-၇၄၁၆၂၊ လောက်ကိုင်ခရိုင်ဖုန်း-၀၈၂-၇၂၂၅၆၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းရုံးများ ပအိုဝ်းဖုန်း-၀၈၁-၄၆၅၂၀၊ ပလောင်ဖုန်း-၀၈၂-၃၀၆၅၈၊ ဓနုဖုန်း-၀၈၁-၆၆၀၇၀/ ၆၆၀၀၃၊ ကိုးကန့် ဖုန်း-၀၈၂-၇၂၀၁၃/၇၂၀၃၇၊ 'ဝ' ဖုန်း-၀၈၂-၇၄၁၁၄

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

**မိဘအမည်မှန်**

အထက(၂)လှိုင်၊ နဝမတန်း (D)မှ မရွှန်းလဲ့တွယ်တာ၏ မိဘအမည်မှန်မှာ (ဦးသန်းစိုး)နှင့် ဒေါ်ခင်ပြုံးရီတို့ဖြစ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကယားပြည်နယ်အစိုးရအဖွဲ့**
**(ကယားပြည်နယ်-ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း ကျေးရွာမီးလင်းရေးနှင့်ဓာတ်အားစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သော

၁။ ကွန်ကရစ်တိုင်၊ ACSR ကြိုး၊ ၁၁/၀.၄ ကေဗွီထရန်စဖော်မာများအပါအဝင် ဓာတ်အားလိုင်းနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

၂။ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀.၄ကေဗွီဓာတ်အားခွဲရုံငယ်များတည်ဆောက်ခြင်း လုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂-၇-၂၀၁၄ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၈-၇-၂၀၁၄ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - ကယားပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး
**တင်ဒါပေးသွင်းရမည့်နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး

တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်၊ လုပ်ငန်းတည်ဆောက်ရန် အသေးစိတ်အချက်အလက်များနှင့် သိရှိလိုသည့်အကြောင်းအရာများအား အောက်ပါဌာနနှင့် တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကယားပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၉-၄၁၈၀၀၈၀၆၄၊ ၀၉-၄၁၈၀၀၇၉၅၃
ကယားပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၉-၅၆၀၀၇၄၄၊ ၀၈၃-၂၁၀၉၉၊

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကယားပြည်နယ်အစိုးရအဖွဲ့ရုံး**

ဌာနဆိုင်ရာ

# ပျက်စီးနေသည့်လမ်းပိုင်းကို အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားမည်

*(ယမန်နေ့မှအဆက်)*

မန္တလေး-မိုးကုတ်လမ်း မိုင်တိုင်အမှတ် (၂၀/၅)ရှိ တံတားမှာ လမ်းလယ်တွင် ပေါက်နေ၍ ယာဉ်မတော်တဆမှုများဖြစ်ပေါ်နိုင်သဖြင့် အဆိုပါတံတားအား အမြန်ဆုံးပြင်ဆင်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ မန္တလေး-မိုးကုတ်လမ်းမိုင်တိုင် (၁၉/၇)နှင့် (၂၀/၀)ကြားရှိ တံတားအမှတ် (၅/၂၀)တွင် ပေါက်နေ၍ ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရန်အတွက် လမ်းတစ်ခြမ်းပိတ်၍ သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ ညအချိန် ယာဉ်များမတော်တဆမှုများ မဖြစ်ပေါ်စေရန် ရောင်ပြန်များကပ်ခြင်းတို့ကို ၁၁-၆-၂၀၁၄ နေ့တွင် ဆောင်ရွက်ခဲ့ပြီး ၎င်းပျက်စီးနေသည့်အပိုင်းကိုလည်း RCကွန်ကရစ်လောင်း၍ အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မန္တလေး-မိုးကုတ်လမ်း မိုင်တိုင်အမှတ် (၂၇/၂)နှင့် (၂၇/၃)ကြားလမ်းပိုင်းရှိ ဆည်မြောင်းဦးစီးဌာန ရေငုတ်ပြွန်ဖြတ်ကူးသည့်ကတ္တရာလမ်းမှာ ရေစိမ့်ပေါက်များ ပျက်စီးနေခြင်းကို ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကမည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်း ဖြေကြားပေးရန်ကိစ္စနှင့်ပတ်သက်၍ မန္တလေး-မိုးကုတ်လမ်း မိုင်တိုင်အမှတ် (၂၈/၂)နှင့် (၂၈/၃)ကြား လမ်းပိုင်းရှိ ဆည်မြောင်းဦးစီးဌာန ရေငုတ်ပြွန်ဖြတ်ကူးသည့် ကတ္တရာလမ်းမှာ ရေစိမ့်ပေါက်များ ပျက်စီးနေခြင်းကို ၁-၆-၂၀၁၄ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့သည်။ အလျား ပေ ၇၀၊ အနံ ၂၄ ပေ ထု ၁ ပေရှိ ကွန်ကရစ်လမ်းအမျိုးအစားဖြစ်ပြီး ယခု လက်ရှိအချိန်တွင် လမ်း၏ဝဲဘက်အခြမ်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်အခြမ်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မန္တလေး-မိုးကုတ်လမ်း မတ္တရာမြို့နယ်အတွင်း လမ်းပိုင်းမှာ မန္တလေးမှ မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း-မိုးကုတ်နှင့် ဗန်းမော်-ရွှေကူမြို့တို့အပြင် ရေဦး-ရွှေဘိုမှ မန္တလေးသို့သွားလာသည့် မော်တော်ယာဉ်များပါ သွားလာအသုံးပြုသည့်လမ်းဖြစ်ရာ လမ်းပခုံး၊ လမ်းပေါက်များပြုပြင်ခြင်း၊ လမ်းအကျယ်ကို ၂၄ ပေအထိ သတ်မှတ်အကျယ်အဝန်း ပြည့်မီအောင် တိုးချဲ့ခြင်းနှင့် လမ်းအရည်အသွေးတိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း ဖြေကြားပေးရန်ကိစ္စနှင့်ပတ်သက်၍ မန္တလေး-မိုးကုတ်လမ်း မိုင် (၁၂/၆-၄၅/၃)အပိုင်းကို သန္တိသစ္စာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ BOT စနစ်ဖြင့် ဆောင်ရွက်ရာတွင် ၂၄ ပေအကျယ် လမ်းချဲ့ခြင်း၊ လမ်းတာပေါင် ပေ ၄၀ ချဲ့ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အစရှိသည့် သတ်မှတ်စည်းကမ်းချက်များပါရှိပြီးဖြစ်သည်။ ဆောင်ရွက်ရန် အားနည်းသော BOT ကုမ္ပဏီများကို ဌာနမှခေါ်ယူသတိပေးခြင်း၊ ဝန်ခံကတိထိုးခြင်းများကိုလည်း ဆောင်ရွက်ပြီးဖြစ်သည်။ သတ်မှတ်အရည်အသွေးပြည့်မီအောင် မဆောင်ရွက်နိုင်သော BOT လမ်းပိုင်းများကို နိုင်ငံတော်မှ ပြန်သိမ်း၍ ဌာနမှလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လမ်းအပိုင်းများလည်းရှိသည်။ သန္တိသစ္စာကုမ္ပဏီကို သတ်မှတ်လမ်းအကျယ်အဝန်း ပြည့်မီအောင် တိုးချဲ့ခြင်းနှင့် လမ်းအရည်အသွေးတိုးမြှင့်အောင် အမြန်ဆုံးဆောင်ရွက်ရန် တိုက်တွန်းကြပ်မတ်လျက်ရှိသည်။

**မိုးကုတ်မြို့သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်တွင်ပါဝင်ပြီး မန္တလေးမြို့၏ မြောက်ဘက် ၁၂၈ မိုင်အကွာတွင် တည်ရှိလျက် မန္တလေးမြို့နှင့် အဓိကဆက်သွယ်၍ ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားကြပါသည်။ မိုးကုတ်မြို့၏ အဓိကလမ်းပန်းဆက်သွယ်ရေးမှာ မော်တော်ကားလမ်းဖြစ်ပြီး မန္တလေးမြို့မှမိုးကုတ်မြို့သို့ မန္တလေး–မတ္တရာလမ်းမှလာရောက်ပါက မန္တလေး–မတ္တရာ–လက်ပံလှ(စဉ့်ကူး)–ဖော့တော(သပိတ်ကျင်းလမ်းခွဲ)–မိုးကုတ် အစရှိသည့် မြို့ရွာများကို ဖြတ်သန်းသွားလာရပါသည်။ မန္တလေးမှ သပိတ်ကျင်းမြို့ နယ်ဖော့တောကျေးရွာအထိ မြေပြန့်ဒေသဖြစ်ပြီး ဖော့တောကျေးရွာမှ အလွန်တွင် တောင်ကုန်းတောင်တန်းများကို ဖြတ်သန်းသွားလာရပါသည်။ အဆိုပါ မော်တော်ကားလမ်းသည် မန္တလေးမှဖော့တောကျေးရွာအထိ လမ်းတစ်လျှောက်မှာ ကျယ်ဝန်း၍ လမ်းကောင်းမွန်ပါသည်။ သို့ရာတွင် ဖော့တောကျေးရွာမှ မိုးကုတ်မြို့သို့ သွားလာရာတွင် တောင်ကုန်းတောင်တန်းများဖြစ်နေသည့်အပြင် လမ်းအနေအထားသည် အနည်းငယ်ကျဉ်းနေသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် လမ်းကွေ့များတွင် ပိုမိုပြုပြင်ရန်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ မန္တလေး–မိုးကုတ်ကားလမ်းမှ ဖော့တော–မိုးကုတ်လမ်းပိုင်းကို ပိုမိုကောင်းမွန်စေရေး ပြုပြင်ပေးနိုင်ပါရန် တင်ပြခြင်းနှင့်ပတ်သက်၍** မန္တလေး-မိုးကုတ်လမ်း မိုင်တိုင်(၇၆/၄)ဖော့တောလမ်းဆုံမှ မိုင် (၁၂၅/၄)အထိ ၄၉ မိုင်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ပါသည်။ ၎င်းအပိုင်းတွင် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် သပိတ်ကျင်းမြို့နယ်အပိုင်း မိုင် (၇၉/၀)၊ မိုင်(၈၀/၀)၁မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် မိုးကုတ်မြို့နယ်အပိုင်းတွင်လည်း မိုင်(၁၁၁/၀-၁၁၂/၀)(၁ မိုင်) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း စုစုပေါင်း ၂ မိုင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သပိတ်ကျင်းမြို့နယ်အပိုင်းတွင် မိုင် (၇၇/၀-၇၈/၄)၊ မိုင်(၇၉/၀-၈၀/ ၄) မိုင်(၈၅/ ၀-၈၈/၀) စုစုပေါင်း ၆ မိုင် မူလကတ္တရာလမ်း ၁၂ ပေမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။ ၎င်းအပြင် မိုင်(၇၇/၀-၇၇/၂)အတွင်း မိုင်(၈၅/၀-၈၆/၃) စုစုပေါင်း ၁ မိုင် ၄ $\frac{1}{2}$ ဖာလုံ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတို့ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် မိုးကုတ်မြို့နယ်အပိုင်းတွင် မိုင်(၉၇/၇-၁၀၀/၃) မိုင်(၁၀၀/၃-၀၀/၅)၊ မိုင်(၁၀၂/၁-၁၀၄/ ၀)၊ မိုင် (၁၂၃/၀-၁၂၄/၆)၊ မိုင်(၁၂၅/၀-၁၂၅/၄) စုစုပေါင်း (၆ မိုင်၇ဖာလုံ) မူလ ကတ္တရာလမ်း ၁၂ ပေ အကျယ်မှာ ၁၈ ပေအကျယ် လမ်းချဲ့ခြင်းလုပ်ငန်းနှင့် မိုင် (၁၀၆/၀-၁၀၆/၃) စုစုပေါင်း (၃ ဖာလုံ) ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းအပြင် မိုင် (၉၉/၄- ၉၉/၅)အတွင်း ကျောက်တောင်လမ်းကျဉ်းသည့် အပိုင်းကို တောင်ကမ်းပါးယံချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သည်။ အချုပ်အားဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် မန္တလေး-မိုးကုတ်လမ်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း စုစုပေါင်း ၁ မိုင် ၇ ဖာလုံခွဲနှင့် ကတ္တရာလမ်း မူလ ၁၂ ပေမှ ၁၈ ပေအကျယ်လမ်းချဲ့ခြင်း စုစုပေါင်း (၁၂ မိုင် ၇ ဖာလုံ) ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းအပြင် JICA အစီအစဉ်ဖြင့်လည်း မိုင်(၈၀/၀-၈၀/၃)၊ မိုင် (၉၄/၇-၉၆/၇)၊ မိုင် (၉၇/၇-၉၉/၅)၊ မိုင် (၁၀၅/၀- ၁၀၆/၀)၊ မိုင်(၁၀၆/ ၆-၁၀၈/၀)၊ မိုင်(၁၁၂/၀-၁၁၄/၂) စုစုပေါင်း (၈မိုင် ၃ ဖာလုံ) ကတ္တရာထပ်ပိုးလွှာ အဆင့်မြှင့်ခင်းခြင်း ဆောင်ရွက်မည်ဖြစ်ပြီး မိုင် (၉၀/၁-၁၀၁/၃) အတွင်း ၁၅ နေရာ တောင်ပေါ်လမ်း ကျောက်တောင် မြေတောင်လမ်းကျဉ်းကို မိုင်းခွဲလမ်းချဲ့ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။

မိုးကုတ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းနှင့် စည်ပင်သာယာရေးလမ်းဆုံသည့် နေရာများမှာ တောင်ကုန်းပေါ်မှရေများ လမ်းပေါ်ရေကျော်သည့်အတွက် ရေပြွန်များ ပြုလုပ်ပေးရန်နှင့် တောင်ခြေအိမ်များမှ စီးဆင်းလာသည့် ရေများ၊ အမှိုက်များ ရှင်းလင်းပေးရန်ကိစ္စနှင့်ပတ်သက်၍ ရေပြွန်များလုပ်ရမည့်နေရာများကို စီစဉ်ဆောင်ရွက်ပေးနိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရေပြွန်များရှိ အမှိုက်များကို ရှင်းလင်းရန်အတွက်လည်း ခရိုင်အင်ဂျင်နီယာမှူးနှင့်မြို့နယ်အင်ဂျင်နီယာတို့ကို မှာကြားဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**သပိတ်ကျင်း–မိုးကုတ်လမ်း မိုင် (၀/၀–၇/၀)အထိ(၇မိုင်)ကို၁၂ ပေ အကျယ် တစ်ဖက် သုံးပေအကျယ် အမာခံလမ်းပခုံးကို ဆုထူးပန်ကုမ္ပဏီမှခင်းရန် တင်ပြခြင်းနှင့်ပတ်သက်၍** မိုင်(၀/၀-၇/၀)အထိ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသောဆုထူးပန်ကုမ္ပဏီမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ပြန်လည်အပ်နှံ၍ဌာနမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ပြင်ဦးလွင်မြို့ရှောင်လမ်း လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် မည်သည့်အချိန်ကာလတွင် ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း သိရှိလိုကြောင်း မေးမြန်းခြင်းနှင့်ပတ်သက်၍** ပြင်ဦးလွင်မြို့ရှောင်လမ်းကို အေးရှားဝေါလ်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိပြီး ၁ မိုင် ၁ ဖာလုံမှာ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းပြီးဖြစ်ပြီး ကျန် (၁၁ မိုင် ၅ ဖာလုံ)ကို Graunular Sub-Base ခင်းခြင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။ လာမည့်ပွင့်လင်းရာသီတွင် ကတ္တရာခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားထားပါသည်။

## မိုးရာသီ ရွှေဇေယျာဖလား ဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည်

**စစ်ကိုင်း ဇွန် ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သီရိပျံချီ ဦးခင်မောင်မြင့်၏ အဓိကပံ့ပိုးကူညီမှုဖြင့် မိုးရာသီ ရွှေဇေယျာဖလားကလပ်အသင်းပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပရေးနှင့် ပွဲစဉ်ရေးဆွဲရေးကို ဇွန် ၂၅ ရက် ညနေ ၃ နာရီက စစ်ကိုင်းခရိုင် အားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းမြို့ ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ခရိုင်အင်ဂျင်နီယာမှူး ဦးဆန်းတင့်၊ စစ်ကိုင်းခရိုင် အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးကိုနှင့် ဘောလုံးဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်တာဝန်ခံများ တက်ရောက်ကြပြီး ဥက္ကဋ္ဌက ပြိုင်ပွဲစဉ်ရေးဆွဲရေးဆိုင်ရာစည်းကမ်းများ၊ ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ မှာကြားကာ အုပ်စုပြိုင်ပွဲစဉ်ဇယားများ မဲခွဲရေးဆွဲကြကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်အသင်းပေါင်း ၃၈ သင်းပါဝင်ကာ အုပ်စုခွဲပြီး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဇွန် ၂၉ ရက်တွင် ပွဲဦးထွက်အဖြစ် မင်းကျောင်းစတားအသင်းနှင့် ပုလဲဖြူအသင်းတို့သည် စစ်ကိုင်းခရိုင် ဘောလုံးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဝိုင်းမော်၌ ကျင်းပ

**ဝိုင်းမော် ဇွန် ၂၈**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ဝိုင်းမော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးဝင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအောင်ရဲကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကော်မတီဝင်များနှင့် သစ်တောဝန်ထမ်းများကရတနာတန်းဝင်ကျွန်းပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။ **သင်းသင်း**

**ပေါက်တောမြို့နယ် သာရေး/နာရေး အသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက်၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း**

အသက် (၇၅)နှစ်နှင့်အထက် အသင်းသူ အသင်းသား သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်း၊ အသင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေးအား တစ်ပါတည်းကျင်းပလိုပါ၍ (၁၃၇၆ခုနှစ် ဝါဆိုလဆန်း၁၀ရက်) ၆-၇-၂၀၁၄ရက် နံနက် ၈နာရီတွင် ဧည့်ဝတီ သာသနာပြုကျောင်းတိုက်သို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသူ အသင်းသားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ၂၀၁၃-၂၀၁၄ခုနှစ် ဆယ်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသူ ကျောင်းသားများနှင့် အသက် (၇၅)နှစ်နှင့်အသင်းသူ အသင်းသားများ ၃-၇-၂၀၁၄ရက်ကို နောက်ဆုံးထား၍ အကြောင်းကြားပေးကြပါ။

**သာရေး/နာရေးအသင်း**
**ပေါက်တောမြို့နယ်၊ (ရန်ကုန်)**

**မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းဆက်ကပ်လှူဒါန်းပွဲ**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တရဋ္ဌသာရ အမှူးထား၍ နာယကစာချ၊ စာသင်သံဃာအပါး ၂၅၀ တို့အား **'ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းဆက်ကပ်လှူဒါန်းပွဲ'**ကို (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်) ၂-၇-၂၀၁၄ရက် (စနေနေ့) ညနေ၄နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတနာရှင်များအနေဖြင့် အကျိုးဆောင်ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**အကျိုးဆောင်**
**မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်**
**ဖုန်း-၀၁-၃၉၂၅၄၃၊ ၀၉-၄၅၀၀၄၁၃၉၂၊ ၀၉-၈၆၁၂၃၉၈**

**ဘက်စုံပရဟိတဒေါက်တာဉာဏိသရ၏ သာသနာပြုလုပ်ငန်းများအားပါဝင်လှူဒါန်းနိုင်ရန်နှိုးဆော်ခြင်း**

သာယာဝတီမြို့ မင်းကျောင်း ပရဟိတပရိယတ္တိ ပဋိပတ္တိဘက်စုံ သာသနာပြုကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဉာဏိသရမှ တည်ထောင်ဖွင့်လှစ်ထားသော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၌ သီတင်းသုံးနေထိုင်တော်မူသော ရဟန်း၊ သာမဏေ၊ သီလရှင်၊ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ ဆရာမ၊ အဘိုးအဘွား၄၀၀ကျော်တို့အား စားရေး၊သောက်ရေး၊ နေရေးထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကိုပါ အစစအရာရာတာဝန်ယူစောင့်ရှောက်ထားသည်မှာ (၁၁)နှစ်ကျော်ရှိခဲ့ပါသည်။ ယခုနှစ်တွင် လူဦးရေ ၁၀၀၀ကျော်ရှိနေပါသောကြောင့် အလှူရှင်များအနေဖြင့် စာသင်ဆောင်၊ ထမင်းစားဆောင်များနှင့် စာကြည့်တိုက်တို့ကို ပါဝင်လှူဒါန်းနိုင်ပါသည်။

**ပဒေသာပင်များလှူဒါန်းလိုပါက-**

| | |
|---|---|
| ဆွမ်းပဒေသာပင်တစ်ပင် | ၁၀၀၀၀၀ိ |
| ပညာရေးပဒေသာပင် | ၁၀၀၀၀၀ိ |
| ဆေးပဒေသာပင် | ၅၀၀၀၀ိ |
| ရေပဒေသာပင် | ၃၀၀၀၀ိ |
| မီးပဒေသာပင် | ၃၀၀၀၀ိ |

ပါဝင်လှူဒါန်းလိုပါက-

| | |
|---|---|
| နံနက်စာတစ်နပ် | ၁၅၀၀၀၀ိ |
| နေ့လယ်စာတစ်နပ် | ၃၀၀၀၀၀ိ |
| ညနေတစ်နပ် | ၂၀၀၀၀၀ိ |

**ဆက်သွယ်လှူဒါန်းလိုပါက-**
**ကျောင်းအုပ်ဆရာတော် - ဖုန်း-၀၉-၅၃၆၀၄၃၆**
**ရုံးခန်း - ဖုန်း-၀၉-၄၂၃၆၈၀၇၆၉**
**ပြန်ကြားရေးဌာန - ဖုန်း-၀၉-၃၁၆၅၁၉၁၂**
**မင်းကျောင်းပရဟိတပရိယတ္တိပဋိပတ္တိဘက်စုံသာသနာပြုကျောင်းတိုက်**
**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း၈ သစ္စာဥယျာဉ် မြေကွက်အမှတ် (၈) အမည်ပေါက် ဦးမြင့်ကို-ဒေါ်ကြည်ကြည်သိန်း အမည်ပေါက်ဦးမြင့်ကိုကွယ်လွန်၍ ၎င်း၏အစုအားဇနီးဖြစ်သူ ဒေါ်ကြည်ကြည်သိန်း၁၂/ဒဂန(နိုင်)၀၁၂၆၇၃မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၁၇/၂၀၁၄အရ အမည်ပြောင်း လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၄၃၆/ခ)၊ မြေကွက်တည်နေရာ အမှတ်(၄၃၆/ခ)၊ ၈ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးအေးသိန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအေးသိန်းထံမှအရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဦးကျော်ဝေ၁၂/မရက(နိုင်)၁၀၈၅၅၀၊ ဒေါ်လှဦး ၁၂/ခရန(နိုင်)၀၃၈၃၃၈တို့မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၈၅၁/ခ၊ မြေကွက် တည်နေရာ အမှတ်၈၅၁/ခ၊ ထူပါရုံ၁၄လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတ (ဦးအေးချို)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအေးချို (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်စန်းစန်းမြိုင် ၁၂/သကတ(နိုင်)၀၉၉၈၃၁ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၄၃/၂၀၁၄ ဦးသာချား(ခ)ဦးစိုးမြင့် ၁၂/ပဇတ(နိုင်)၀၂၅၇၃၃က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

**အမွေပြတ်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ မြဝတီရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၂၃ နေ ဦးကျော်သောင်း-ဒေါ်ညွှန့်ညွှန့်လှိုင်တို့၏သမီးဖြစ်သူ မမေဦးခိုင် ၁၄/ကပန(နိုင်)၀၀၀၈၄၆ သည် ၂၁-၆-၂၀၁၄ ရက်တွင် မိဘညီအစ်ကိုမောင်နှမများ လက်မခံနိုင်သည့်ကိစ္စကို ၎င်း၏သဘောဆန္ဒအရပြုလုပ်ခဲ့ပြီး ၎င်းတွင်ဆင်မြန်းထား သည့် လက်ဝတ်ရတနာများနှင့် နေအိမ်မှထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စအဝဝအား ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိဘများ**
**ဦးကျော်သောင်း ၁၄/ကပန(နိုင်)၀၀၃၄၉၉**
**ဒေါ်ညွှန့်ညွှန့်လှိုင် ၁၄/ကပန(နိုင်)၀၀၄၂၁၅**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ထိုင်းနိုင်ငံတွင် တရားဝင် ရောက်ရှိ အလုပ်လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ မိမိတို့လုပ်ငန်းခွင်အတွင်း စိတ်အေးချမ်းသာစွာ အလုပ်လုပ်ကိုင်နိုင်

**နေပြည်တော် ဇွန် ၂၈**

ထိုင်းနိုင်ငံအတွင်း နိုင်ငံရေးအခြေအနေများကြောင့် ထိုင်းနိုင်ငံ တပ်မတော်က မေ ၂၂ ရက်တွင် အာဏာသိမ်းခဲ့ပြီး ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများအား ဖမ်းဆီး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်စေလွှတ်လျက်ရှိကြောင်း သတင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကောင်စီ (National Council for Peace and Order-NCPO)၊ ဥက္ကဋ္ဌ General Prayuth Chan-ocha က နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ ထွက်ပေါ်နေသော သတင်းများမှာ မှန်ကန်မှုမရှိပါကြောင်း၊ NCPO အနေဖြင့် နိုင်ငံခြားသား အလုပ်သမားများအပေါ် အရေးယူဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် မူးယစ်ဆေးပြဿနာ၊ အလုပ်သမားအခွင့်အရေးဆုံးရှုံးနေမှုပြဿနာ၊ တရားဥပဒေပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်ရှင်များတွင် ရွှေ့ပြောင်းအလုပ်သမားများ စာရင်းထားရှိရန် လိုအပ်ကြောင်း၊ အစိုးရအဖွဲ့များက ရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် လူသားချင်းစာနာထောက်ထားမှုစံတို့နှင့်အညီ ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြင်ဆင်မှု၊ စည်းမျဉ်းများကို ရေရှည်စနစ်တကျဖြစ်စေရန် ပြန်လည်စိစစ်နေကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအကြား ကြောက်လန့်မှုမဖြစ်စေရန်နှင့် ရွှေ့ပြောင်းအလုပ်သမားများအား သဘောတူညီထားသည့်အတိုင်း လုပ်ခအပြည့်အဝ မရရှိပါက တရားဥပဒေအတိုင်း ဖြေရှင်းရန်သက်ဆိုင်ရာသို့ တိုင်ကြားနိုင်ကြောင်း၊ ထိုင်းနိုင်ငံ အလုပ်ရှင်များကလည်း ထိုင်းနိုင်ငံ အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ၏ စစ်ဆေးချက်အပေါ် ခေတ္တယာယီ လုပ်ဆောင်မှုဖြစ်၍ နားလည်ပူးပေါင်းပေးရန်လိုကြောင်း ကြေညာခဲ့သည်။

ထို့အပြင် တရားဝင်နှင့် တရားမဝင် အလုပ်သမားများ လျော့နည်းလာမှုကြောင့် လုပ်ငန်းရှင်များ ထိခိုက်နစ်နာမှုရှိနေသဖြင့် အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ (NCPO)၊ နိုင်ငံဖြတ်ကျော်အလုပ်သမားဆပ်ကော်မတီ ဥက္ကဋ္ဌ General Sirichai Disthakul ဦးဆောင်သည့်အဖွဲ့မှ စမွတ်စခွန် (မဟာချိုင်)သို့ သွားရောက်၍ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်ရှင်များနှင့်တွေ့ဆုံ၍ လတ်တလောတွင် ကလေးအလုပ်သမားများအပေါ် အနိုင်အထက်ပြုမှုပြီး လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းအလုပ်သမားများအပေါ် ဒေသဆိုင်ရာဝန်ထမ်းများနှင့် ပွဲစားများ ခေါင်းပုံဖြတ်မှုတို့မှာ ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသည့် အရေးကြီးပြဿနာဖြစ်၍ အလုပ်ရှင်များအနေဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ တရားဝင်/တရားမဝင်ငှားရမ်းထားသော အလုပ်သမားများစာရင်းကို ပြုစုတင်ပြရန်နှင့် စမွတ်စခွန်နှင့် ရနောင်းမြို့တို့ရှိ အလုပ်သမားရေးရာနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒအပေါ် ပြန်လည်သုံးသပ်ရန် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအတွင်း လတ်တလောဖြစ်ပေါ်နေသော ရွှေ့ပြောင်းအလုပ်သမားများ၏ စိုးရိမ်မှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ တာဝန်ရှိသူများကလည်း စဉ်ဆက်မပြတ် စောင့်ကြည့်လျက်ရှိပြီး ကောင်းမွန်သော အခြေအနေကို ဖန်တီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ထိုင်းနိုင်ငံအမှတ်(၃) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးယုံယွတ် လောင်ခိတ်ကဏ်းက ထိုင်းနိုင်ငံတွင် လတ်တလောဖြစ်ပွားနေသည့် ရွှေ့ပြောင်းအလုပ်သမားများ ကိစ္စနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံ မြောက်ပိုင်း (ချင်းရိုင်၊ ချင်းဆန်၊ မယ်ချန်၊မယ်ဆိုင်) စသည့်ဒေသရှိ မြန်မာနိုင်ငံသားများအားဖမ်းဆီးခြင်း၊ အရေးယူခြင်းနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းများ ပြုလုပ်သွားမည်မဟုတ်ပါကြောင်း၊ ပြည်ဝင်ခွင့်ဗီဇာနှင့် အလုပ်လုပ်ခွင့်ပြုမိန့် သက်တမ်းလွန်သူများအားဖမ်းဆီးခြင်း၊ အရေးယူခြင်းမပြုလုပ်ဘဲ ကင်းလွတ်ခွင့်ပေးရမည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ထိပါးစေမည့်အပြုအမူများနှင့် ထိုင်းနိုင်ငံ၏တည်ဆဲဥပဒေများအား ချိုးဖောက်သည့်လုပ်ရပ်များကို မပြုလုပ်ဘဲ စည်းကမ်းတကျနေထိုင်သွားကြရန် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီအား အသိပေးပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအတွင်း၌ ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်လုပ်ကိုင်နိုင်ရေး၊ လုပ်ခလစာများ အပြည့်အဝရရှိရေး၊ နိုင်ငံခြားသားအလုပ်သမားများခေါင်းပုံဖြတ်ခံရခြင်းမှ ကင်းဝေးစေရေး၊ လူ့အခွင့်အရေးဆုံးရှုံးမှု ထုတ်နေမှုကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ ထောက်လှမ်းရေးသတင်းများအရ လူကုန်ကူးသူတို့သည် တရားမဝင်အလုပ်သမားများထံမှ တစ်ဦးလျှင် ဘတ် ၂၀၀၀၀ ကောက်ခံလျက်ရှိပြီး နယ်စပ်ဖြတ်ကျော်ပြီးသည်နှင့် အလုပ်သမားများထံမှ ဘတ် ၈၀၀၀ သို့မဟုတ် ၁၀၀၀၀ ကောက်ခံလျက်ရှိကြောင်း၊ လွန်ခဲ့သောနှစ်ပတ်ကျော်က ထိုင်းနိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စုံစမ်းစစ်ဆေးမှုများကို အဂတိလိုက်စားလိုသော ဝန်ထမ်းများမှ သတင်းမှားများထုတ်ပြန်၍ ပြည်တော်ပြန်အလုပ်သမားများ ထိုင်းနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ချိန်တွင် ငွေများစွာကောက်ခံ၍ အမြတ်ထုတ်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ထိုသတင်းမှားများ ထုတ်ပြန်ခဲ့မှုကြောင့် ကမ္ဘောဒီးယားအလုပ်သမား ၂၀၀၀၀ ခန့် ထိုင်းနိုင်ငံမှ ပြန်လည်ထွက်ခွာ ၈၀၊ ကျန်းမာရေးဆေးစစ်ခအတွက် ဘတ် ၅၀၀၊ တစ်နှစ်တာဆေးကုသခွင့် ဆေးရုံလက်မှတ်ဖိုး ဘတ် ၁၃၀၀၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (တစ်နှစ်)အတွက် ဘတ် ၁၂၀၀ စုစုပေါင်း ဘတ် ၃၀၈၀ ကုန်ကျမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသား အလုပ်သမားများ၏ အရွယ်မရောက်သေးသော သားသမီးများကိုလည်း ယာယီနေထိုင်ခွင့် လက်မှတ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းစဉ် အောင်မြင်ပါက နောက်ပိုင်းတွင်လည်း အခြားဒေသများ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး အနေဖြင့်လည်း တရားဝင်မြန်မာရွှေ့ပြောင်း အလုပ်သမားများ ဖမ်းဆီးခံရခြင်းနှင့် အခြားအလုပ်သမားရေးရာကိစ္စရပ်များ ပေါ်ပေါက်လာပါက ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ဆက်သွယ်တိုင်ကြားနိုင်ရန် အလုပ်သမားသံအရာရှိနှင့် သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်းများ၏ လိပ်စာနှင့်ဖုန်းနံပါတ်များအား သတင်းမီဒီယာများနှင့် အင်တာနက်များတွင် ကြေညာထားပြီးဖြစ်သည်။

ထို့အပြင် ထိုင်းနိုင်ငံရှိ မြန်မာသံရုံးနှင့် အလုပ်သမား သံအရာရှိတို့က ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားအရေး ဆောင်ရွက်လျက်ရှိသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ တရားဝင် မြန်မာအလုပ်သမားများ၏ သတင်းများကို မျက်ခြည်မပြတ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည့်အပြင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန အနေနှင့်လည်း နယ်စပ်ထွက်ပေါက်များဖြစ်သော မြဝတီ၊ တာချီလိတ်နှင့် ကော့သောင်းမြို့တို့မှ ဝန်ထမ်းများ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးနှင့် ပြည်ဝင်ခွင့်ဗီဇာသက်တမ်း လေးနှစ်ပြည့် အလုပ်သမားများအတွက် အထောက်အထားထုတ်ပေးရေးလုပ်ငန်းစဉ် ဆောင်ရွက်နေသည့် One StopService Center များဖြစ်သော မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့များမှ ဝန်ထမ်းများကလည်း မြန်မာရွှေ့ပြောင်း အလုပ်သမားရေးရာ သတင်းများကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာလျက်ရှိသဖြင့် တရားဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့လုပ်ငန်းခွင်အတွင်း စိတ်အေးချမ်းသာစွာ လုပ်ကိုင်နိုင်ကြသလို ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့အနေဖြင့် အချိန်မရွေး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ■ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့အနေဖြင့် အချိန်မရွေးကူညီဆောင်ရွက်ပေး

ပြုလုပ်နေကြောင်း ပြည်ပမီဒီယာများ၏ စွပ်စွဲချက်များကို ပြန်လည်ချေပနိုင်ရေးတို့အတွက် တရားမဝင်နိုင်ငံခြားသား အလုပ်သမားများအား စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပို့ဆောင်ခဲ့ခြင်းသာဖြစ်ပြီး ထိုင်းနိုင်ငံအစိုးရ၏ သတင်း ထုတ်ပြန်ချက်အရ အထောက်အထားပြည့်စုံသောတရားဝင်အလုပ်သမားများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ မိမိတို့၏လုပ်ငန်းခွင်များ၌ အေးချမ်းစွာ အလုပ်လုပ်ကိုင်နိုင်ကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံ အမျိုးသားငြိမ်းချမ်းရေးနှင့် တရာဥပဒေစိုးမိုးရေးကောင်စီ၏ ဥက္ကဋ္ဌ General Prayuth Chan-ocha က အပတ်စဉ်သောကြာနေ့တိုင်း မိန့်ခွန်းပြောကြားသည့် အစီအစဉ်တွင် ထိုင်းနိုင်ငံ၌ တရားမဝင်လူကုန်ကူးမှုဖြင့် အမြတ်သွားကြောင်း၊ တရားမဝင်အလုပ်သမားများအား နိုင်ငံသားစိစစ်ခြင်းနှင့် မှတ်ပုံတင်ခြင်းအပါအဝင် ရေရှည်မျှော်မှန်း၍ စီစဉ်ဆောင်ရွက်နေကြောင်း၊ လတ်တလောတွင် ၎င်းတို့အား ယာယီအလုပ်လုပ်ကိုင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံသို့ တရားမဝင်ရောက်ရှိနေသော နိုင်ငံခြားသား ရွှေ့ပြောင်း အလုပ်သမားများအား ၁-၇-၂၀၁၄ ရက်မှ ၃၀-၇-၂၀၁၄ ရက်အတွင်း စမွတ်စခွန်(မဟာချိုင်) ဒေသ၌ယာယီနေထိုင်ခွင့် ထော်လောဆန်ပုံ ၃၈/၁ (TR-38/1) ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ လျှောက်ထားရာတွင် အလုပ်ရှင်က အာမခံ၍ လျှောက်ထားပေးရမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်များအနေဖြင့် ထော်လောဆန်ပုံ ၃၈/၁ (TR-38/1) အတွက် ဘတ်



**မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွာပုလဲကျေးရွာအုပ်စု ကျီတိုင်ကုန်းကျေးရွာ၌ ဇွန် ၂၅ ရက်က ကိုယ့်အားကိုယ်ကိုး လမ်းပြုပြင်ဆောင်ရွက်နေစဉ်။** မျိုးမင်း(သာစည်)


**မူလကမ္ဘာအေးကျောင်းတိုက် မိုးကုတ်ရိပ်သာ**
**လစဉ် နေ့(၅)ရက် အထူးတရားစခန်းပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး မူလကမ္ဘာအေးကျောင်း၊ မိုးကုတ်ဓမ္မရိပ်သာတွင် လစဉ်နေ့(၅)ရက် အထူးတရားစခန်းပွဲကို မူလကမ္ဘာအေးကျောင်းတိုက်ဆရာတော် ဦးဝိမလ(ဓမ္မာစရိယ)ကို ဦးထိပ်ထား၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၅-၇-၂၀၁၄ ရက်မှ ၉-၇-၂၀၁၄ ရက်အထိ မွန်းလွဲ ၁၂း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ ကျင်းပပြုလုပ်သွားပါမည်။

အဆိုပါ တရားစခန်းပွဲတွင် ကွမ်းခြံကုန်းမြို့ စလင်းတောရ မိုးကုတ်နယ်လှည့် ကမ္မဋ္ဌာနာစရိယဆရာတော်အရှင်ဥတ္တမ(ဓမ္မာစရိယ)မှ ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ် တို့ကို ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်သည်အထိ ဟောကြားပေးမည်ဖြစ်ပါ၍ တရားချစ်ခင်ဓမ္မမိတ်ဆွေ ယောဂီသူတော်စင်အပေါင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**တရားစခန်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့**
**ဆက်သွယ်ရန်ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၉၂၇၆၈၇၁၊**
**မူလကမ္ဘာအေးကျောင်း မိုးကုတ်ဓမ္မရိပ်သာ**



**ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်)**
**(၃၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်**

| | |
|---|---|
| **ကျင်းပမည့်ရက်** | - ၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁ရက် ၂၇-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) |
| **ကျင်းပမည့်နေရာ** | - ချမ်းမြေ့ရိပ်သာကျောင်း အမှတ် (၅၅-က)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့ |
| **ရေစက်ချချိန်** | - နံနက် ၉း၀၀နာရီ |
| **နံနက်စာကျွေးမွေးချိန်** | - နံနက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီ |
| **တရားနာချိန်** | - မွန်းလွဲ ၁း၃၀နာရီ |
| **သတိပြုပါရန်** | - လှူဖွယ်ပစ္စည်းများကို နံနက် ၈ နာရီမှစ၍ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားပါသည်။ |

**အမှူးဆောင်များ**
**ဝေယျာဝစ္စအဖွဲ့၊ ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်)**



**ချောက်မြို့နယ်အသင်း(ရန်ကုန်)**
**ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ**

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ၆-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ကြေးသွန်းဘုရားကြီးအနီး၊ မင်္ဂလာသိဒ္ဓိကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် ချောက်မြို့နယ်သူ/မြို့နယ်သားအားလုံး မပျက်မကွက် ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများလှူဒါန်းလိုသူများသည် ဒေါက်တာဦးမောင်မောင်မြင့် ဖုန်း-၀၁-၅၅၄၀၆၇၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်(ငြိမ်း) ဖုန်း-၀၁-၅၂၄၈၅၇၊ ဦးအောင်ကြည်မိုး ဖုန်း-၀၉-၇၃၀၄၆၃၆၂၊ ဦးမြငွေ ဖုန်း-၀၉-၅၁၄၁၇၀၈၊ ဦးကျော်စိုး ဖုန်း-၀၉-၂၅၀၀၆၂၀၉၆၊ ဦးမြင့်ဦး ဖုန်း-၀၉-၄၂၁၁၆၂၃၂၄ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်။ (နေ့လယ်စာ ထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်)

**အမှုဆောင်အဖွဲ့**



**မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)**
**ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ**

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်မြို့၊ ဘုန်းကြီးလမ်း၊ သရက်တောကျောင်းတိုက် အလုံကျောင်း၌ ဆရာတော်ဘဒ္ဒန္တဓမ္မောဘာသအားအမှူးထား၍ ရန်ကုန်ရောက် မြန်အောင်မြို့နယ်သား ဆရာတော်ကြီးများအား ၆-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၀၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်အောင်မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**



**တစ်ဦးတည်းဖြစ်ကြောင်း**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဘုရားတောင်အုပ်စု၊ ဘုရားတောင်ကျေးရွာနေ ဦးထွန်းကြည်၏သား မောင်လှိုင်မိုးဟိန်း(ခ)မောင်ကျော်ဟိန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်လှိုင်မိုးဟိန်း(ခ)မောင်ကျော်ဟိန်း**



**ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)**
**ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ**

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၆-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စွမ်းအင်ဝန်ကြီးဓမ္မာရုံ၊ ဗဟန်း(၃)လမ်းထိပ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ စုံစုံညီညီကြွရောက်နိုင်ပါရန်နှင့် လှူဒါန်းလိုသူများ ဦးစိုးညွန့် (နာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ)ဖုန်း-၂၄၆၁၄၀၊ ၂၄၆၁၄၂၊ ဦးစိန်မြင့် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၇၃၁၉၁၈၅၁၊ ဦးစန်းအောင် (အတွင်းရေးမှူး-၁) ဖုန်း-၀၉-၄၄၈၀၄၃၄၁၉၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၄၃၀၉၆၂၈၅၊ ဒေါ်ခင်သန်းလွင် (အမှုဆောင်) ဖုန်း-၃၉၈၂၀၀တို့သို့ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**



**ကျေးဇူးဆပ်ပါမည်**

ဒေလီယာအပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော ထုတ်ကုန် သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (Certificate of Exporter/Importer Registration) ကတ်မှာ ၂၁-၅-၂၀၁၄ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ကောက်ရသူများဆက်သွယ်ပါက ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၃၁၄၇၆၅၆၁**



**အမည်ပြောင်း**

ဦးနိုင်အောင်၏သမီး အထက(၁)၊ ကမာရွတ်မြို့နယ် Grade 8(A) မှ မဖူးပြည့်နိုင်အောင်အား ယနေ့မှစ၍ မပိုးဝတီနိုင်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မပိုးဝတီနိုင်အောင်**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲ ကန်ကြီးထောင့်မြို့နယ်တွင် ကျင်းပ

**ကန်ကြီးထောင့် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့တွင် မြန်မာအမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

သစ်ပင်စိုက်ပျိုးပွဲကို ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ်ကျေးရွာအုပ်စု၊ ကံကုန်း-မြင်းကဆိပ်လမ်း မိုင်တိုင်အမှတ်(၁၄/၀) မှ (၁၉/၀) အတွင်းကျင်းပခဲ့ခြင်းဖြစ်ပြီး သစ်ပင်စိုက်ပျိုးပွဲသို့ ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ခံတောအုပ် ဦးဇင်စိုးငြိမ်းနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ စုစုပေါင်း အင်အား ၃၅၀ ဦးခန့်ပါဝင်ခဲ့ကြကာ ကျွန်းပင် ၂၂၀၀၊ ယူကလစ်ပင် ၁၀၀၀၊ ယမနေပင် ၂၀၀၊ အော်ရေးရှားပင် ၁၀၀၊ စုစုပေါင်းပျိုးပင်၃၅၀၀အား တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ခေတ်မီနည်းပညာပစ္စည်းများပါဝင်သည့် အထက်တန်းကျောင်းဆောင်သစ်ဖွင့်မည်

**မြဝတီ ဇွန် ၂၈**

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်မြိုင်တွင် ခေတ်မီနည်းပညာသုံးပစ္စည်းများ ပါဝင်သည့် အထက်တန်းကျောင်းဆောင်သစ်အား ဇွန် ၂၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်သည် သုံးထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ကျောင်းဆောင်၏ ထူးခြားချက်မှာ ကွန်ပျူတာသင်တန်းခန်းမတွင် ကျောင်းသားများ အသုံးပြုမည့် ကွန်ပျူတာ ၁၅ လုံးကို မြန်နှုန်းမြင့်အင်တာနက်စနစ်များ အချိန်ပြည့် တပ်ဆင်ပေးထားခြင်းနှင့် သင်ထောက်ကူ နည်းပညာပစ္စည်းများကိုလည်း ခေတ်ကာလနှင့်အညီ တပ်ဆင်ပေးထားခြင်းဖြစ်ကာ တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူများအတွက် ဝမ်းမြောက်မိကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။ "ဒီကျောင်းမှာ တက်ခွင့်ရတဲ့ ကလေးတွေကတော့ ကံကောင်းကြပါတယ်၊ သူတို့ ရိုးသားစွာနဲ့ကြိုးစားပြီး ပညာသင်ကြားဖို့ပဲလိုတယ်"ဟု ဆိုသည်။

ကျောင်းဆောင်တည်ဆောက်မှုကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်(ကရင်ပြည်နယ်)နယ်ခြားစောင့်တပ် အမှတ် (၃) တပ်နယ်မှူးတို့မှ ကမကထပြု တည်ဆောက်ပေးကြခြင်းဖြစ်ကြောင်းနှင့် ဇွန် ၂၈ တွင်ပြုလုပ်မည့် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ ကရင်ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရ တာဝန်ရှိသူအချို့ တက်ရောက်ဖွင့်လှစ်ပေးကြမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း(SP)**



**တည်ဆောက်ပြီးစီးနေသော ရွှေကုက္ကိုလ်မြိုင် အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်အား တွေ့ရစဉ်။**

# ဆိပ်ဖြူမြို့တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

**ဆိပ်ဖြူ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့တွင် (၂၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်က အထက ဆိပ်ဖြူ နဝရတ်ခန်းမ၌ ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ သဝဏ်လွှာကို ဖတ်ကြားပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သိကောင်းစရာများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်ကလည်းကောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ပတ်သက်သော လုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်ကလည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပညာပေး ဓာတ်ပုံ၊ နံရံကပ်ပိုစတာ၊ စာအုပ်စာစောင်များကို ဧည့်ပရိသတ်များနှင့် ကျောင်းသားကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြသည်။

**စိုးလင်းနိုင်(iprd)**



**ဇွန် ၂၆ ရက်ကကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တောင်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ရွှေသံလျှင်လက်ကမ်းစာစောင် ၁/၂၀၁၄ ကို ဒလမြို့နယ် သဘော်ဆိပ်တွင် သွားလာနေကြသော ခရီးသွားပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးနေစဉ်။**

ဗညားမောင်မောင်

# ၁၉၄၃ ခုနှစ်က ရေးဆွဲခဲ့သော ဒေါက်တာဘမော်ပုံတူပန်းချီကားကို ကြွေပန်းချီဖြင့် ပြန်လည်ရေးဆွဲပြီးစီး

**ရန်ကုန် ဇွန် ၂၈**

မြန်မာ့ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးလှုပ်ရှားမှုကိုဦးဆောင်ခဲ့သော ဒေါက်တာဘမော်သည် ၁၉၄၃ ခုနှစ် မတ်လအတွင်းတွင် ဂျပန်နိုင်ငံသို့ သွားရောက်စဉ် ဂျပန်ဘုရင်မင်းမြတ်က နေဝန်းနီပထမအဆင့် ဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့ပါသည်။ ထိုကဲ့သို့ ချီးမြှင့်ရာတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော သခင်မြ၊ ဒေါက်တာသိမ်းမောင်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကိုလည်း အခြားဘွဲ့တံဆိပ်များနှင့် စစ်ဘက်ဆိုင်ရာ ဘွဲ့တံဆိပ်များကို အသီးသီးချီးမြှင့်ခဲ့သည်။

ထိုကဲ့သို့ နေဝန်းနီပထမအဆင့် Grand Cordon of the order of the Rising Sun ဘွဲ့တံဆိပ်အား ဂျပန်ဘုရင်မင်းမြတ်က ချီးမြှင့်ခြင်းကိုအမှတ်တရရှိနေစေရန် ဂျပန်နိုင်ငံအစိုးရက ဒေါက်တာဘမော်၏ ရုပ်ပုံပန်းချီကားတစ်ချပ်ကိုပေးအပ်ရန်နာမည်ကျော် ဂျပန် ပန်းချီဆရာကြီး အီဟာရာ (Usaburo Ihara) ကို ရေးဆွဲရန် တာဝန်ပေးခဲ့သည်။

ထိုပန်းချီကားကို မြန်မာနိုင်ငံသို့ ပေးပို့နိုင်ခဲ့ခြင်းမရှိဘဲ ယခုအချိန်ထိဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိအမျိုးသားခေတ်ပြိုင်အနုပညာပြတိုက် National Museum of Modern Art တွင် ထိန်းသိမ်းပြသထားရှိသည်။

ထို့ကြောင့် ဂျပန်မြန်မာအသင်း JMA ၏ တာဝန်ရှိသူများက ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြားချစ်ကြည်ရင်းနှီးစွာဖြင့် လွတ်လပ်ရေးလှုပ်ရှားမှုများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကိုဂုဏ်ပြုနိုင်ရန်နှင့် ယနေ့အချိန်တွင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပိုမိုချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ရည်ရွယ်၍ အထက်ဖော်ပြပါ ပန်းချီကား၏ ပုံတူပန်းချီကားကို ကြွေပန်းချီဖြင့် နာမည်ကျော် ပန်းချီဆရာကြီးအီဟာရာ၏ မျိုးဆက်ဖြစ်သူက ပြန်လည်ရေးဆွဲခဲ့ရာ ယခုအခါပြီးစီးနေပြီ ဖြစ်သည်။ ထိုဒေါက်တာဘမော် ၏ ပုံတူကြွေပန်းချီကားကို မြန်မာနိုင်ငံသို့ မကြာမီလွှဲပြောင်းပေးအပ်သွားမည် ဖြစ်သည်။

ဂျပန်-မြန်မာအသင်း JMA သည် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန် ဆောင်ရွက်နေသောအဖွဲ့ဖြစ်ပြီး ထိုအဖွဲ့ကို ဝန်ကြီးချုပ်ဟောင်း မစ္စတာနာကာဆိုနေ၊ ဒုတိယဝန်ကြီးချုပ် မစ္စတာအာဆိုတို့ကဦးဆောင်ပေးလျက်ရှိပြီး ဝန်ကြီးဟောင်းမစ္စတာ ဝါတာနာဘေးနှင့် ဝန်ကြီးဟောင်းမစ္စတာစင်ဂိုးကူတို့က အဓိကတာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဗလ**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဂါလန်၃၂၀၀ဆံ့ Ground Fuel Tank&Fuel Pump နှစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်း (အမိုးအကာအပါအဝင်)နှင့် (၃၀'×၅၀'×၁၂') RC တစ်ထပ်နားနေဆောင်အပါအဝင် ဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၆-၂၀၁၄ရက်မှ ၁၅-၇-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့်စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီမှ ၁၁း၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းကြပါရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**
**ရုံးအမှတ် ၃၂၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၂**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်4D/8695 HYUNDAI KMEFB Lim EFB-Tructor Head (6x4)L ယာဉ် လက်ဝယ်ရှိသူ Lucky Silver star Trading Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**



## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောက်လုပ်မည့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မိုးကုတ်မြို့၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ ၁-၈-၂၀၁၄ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါအသေးစိတ်ကို မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဖုန်း-၀၂-၆၀၄၁၄သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဣန္ဒာ(၇)လမ်း၊ မြေကွက်အမှတ်(၁၁၂၀)၊ မြေအမည်ပေါက် ဦးတင်မောင် အကျယ်(၂၁ပေ×ပေ၇၀)ရှိ ဂရန်မူရင်း၊ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကွယ်လွန်သူ ဦးတင်မောင်၏ သမီး ဒေါ်သစ်သစ်လွင် ၁၂/ မရက(နိုင်)၀၅၇၉၀၀ထံမှ ကျွန်ုပ်ကဝယ်ယူရန် ၂၅-၆-၂၀၁၄ရက်တွင် စရန်ငွေပေးချေ ပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးဦး**
**၁၂/သဃက(နိုင်)၀၃၇၁၁၅**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

(က) Emergency Department သုံးစက်ပစ္စည်းများ
(ခ) ခွဲစိတ်ခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဌာနသုံးစက်ပစ္စည်း

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင်ရယူနိုင်ပြီး ၁၄-၇- ၂၀၁၄ ရက်(ကြာသပတေးနေ့)၁၆း၀၀ နာရီ နောက်ဆုံးထား၍ လျှောက်ထားရမည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၃၊ ၀၉-၅၁၉၁၁၅၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/၅၄၄၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၁၄၇၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား လှိုင်ကော်မြို့၌ကျင်းပ

**လွိုင်ကော် ဇွန် ၂၈**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက်က လွိုင်ကော်မြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု နှင့်တရားမဝင်ရောင်းဝယ်မှု တိုက် ဖျက်ရေးအထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများအန္တရာယ်တား ဆီးကာကွယ်ရေး(ဗဟို)အဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင် စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ထံမှပေးပို့သော သဝဏ်လွှာကို ကယားပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါး များ အန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးမောင်မောင်ဌေးက ဖတ်ကြားသည်။

မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဖမ်းဆီးအရေးယူမှုများအကြောင်းကို ကယားပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံ ရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီးဇော်မျိုးတင်ကရှင်းလင်းပြောကြား ရာ ၂၀၁၃ ခုနှစ်တွင် အမှုပေါင်း ၅၂ မှု၊ တရားခံကျား ၇၄ ဦး၊ မ ၁၄ ဦး၊ စုစုပေါင်း ၈၈ ဦးနှင့် ဒဗလျူဝိုင် ဆေးပြား ၁၅၅၄၃ ပြား ဘိန်းဆီခဲ ၂၅၅ ဒသမ ၁၅ ဂရမ်၊ ဘိန်းစိမ်း ၁၀ ၃၇ ဒသမ ၃ ဂရမ်၊ ဘိန်းချေး ၄၈ ဂရမ်၊ ခပ်ပုံ ၅ ဒသမ ၈ ဂရမ်၊ စုစုပေါင်းတန်ဖိုး ကျပ်သုံးရာ ငါးဆယ်သုံးသိန်း ငါးသောင်းသုံး ထောင်ခုနစ်ရာခြောက်ဆယ်ငါးတိ တိ၊ မူးယစ်ဆေးဝါး ရောင်းရငွေ ကျပ်တစ်ရာသုံးဆယ်ခြောက်သိန်း ငါးထောင်ခြောက်ရာတိတိနှင့် မူး ယစ်ဆေးဝါး ရောင်းဝယ်ရာတွင် အသုံးပြုသည့် သေနတ်မျိုးစုံ ငါး လက်၊ တူမီးသေနတ်နှစ်လက်၊ ကျည် မျိုးစုံ ၁၁၂ တောင့်၊ ကျည်ကတ်မျိုးစုံ ၇ ခု၊ လက်ပစ်ဗုံး တစ်လုံး၊ ဗုံးသီးတစ် လုံး၊ မော်တော်ယာဉ်တစ်စီး၊ ဆိုင်ကယ် ၁၂ စီး၊ တယ်လီဖုန်း ၁၁ လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ မေလ အထိ အမှုပေါင်း ၃၇ မှု၊ တရားခံကျား ၅၁ ဦး၊ မ ၁၀ ဦး၊ ပေါင်း ၆၁ ဦးနှင့် ဒဗလျူဝိုင်ဆေးပြား ၇၄၀၈၂ ဒသမ ၅ ပြား၊ ဘိန်းဆီခဲ ၇၃၇၆ ဂရမ်၊ ဘိန်း စိမ်း ၁၀၉၇၀၅ ဒသမ ၈ ဂရမ်၊ ဘိန်း ညိုခဲ ၆၀၈၂ ဂရမ်၊ ဘိန်းအရည် ၁ ဒသမ ၄ လီတာ၊ ဘိန်းညိုမှုန့် ၂၁၀ ဂရမ်၊ အက်ဖီဒရင်း ၄၀၈ ဂရမ်၊ စုစု ပေါင်းတန်ဖိုး ကျပ်သုံးထောင့်တစ် ရာခြောက်ဆယ့်နှစ်သိန်းငါးသောင်း သုံးထောင်လေးရာရှစ်ဆယ်တိတိ၊ မူးယစ်ဆေးဝါးရောင်းရ ငွေကျပ် ၃၆ သိန်းနှင့်မူးယစ်ဆေးဝါးရောင်းဝယ် ရာတွင် အသုံးပြုသည့် ပွိုင့် ၂၂ သေ နတ်သုံးလက်၊ ပွိုင့် ၂၂ ကျည် ၁၅၅၀ တောင့်၊ ကားသုံးစီး၊ ဆိုင်ကယ်ရှစ် စီး၊ လက်ကိုင်ဖုန်း ၁၁လုံးတို့ကို သိမ်း ဆည်းရမိခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားအစီ အစဉ်အရ ကယားပြည်နယ် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများအန္တရာယ် ပညာ ပေးပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန် ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟို အဆင့် ၃ ဦး၊ ပြည်နယ်အဆင့်ပထမ၊ ဒုတိယ၊ တတိယဆု ၄၃ ဦး၊ စုစု ပေါင်း ဆုရရှိသူ ၄၆ ဦးနှင့် မူးယစ် ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရာတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များနှင့် မိတ်ဖက်အဖွဲ့များမှ ပုဂ္ဂိုလ်များအား ပြည်နယ်လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီးဇော်မျိုးတင်နှင့် တာဝန်ရှိသူများ က ဆုများပေးအပ်ချီးမြှင့်ပြီးအပြည် ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံး မှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက် ဖျက်ရေးနေ့အထိမ်းအမှတ်ပြခန်းအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိ ရသည်။ **(အောက်ပုံ)ပြည်နယ် ပြန်/ဆက်)**



## ကျောင်းထောက်ပံ့ကြေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲသင်တန်းဖွင့်

**မော်လိုက် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျောင်းထောက်ပံ့ကြေးဆိုင်ရာ လုပ်ငန်း ဆွေးနွေးပွဲသင်တန်း ဖွင့်ပွဲကို ဇွန် ၂၆ ရက်က မော်လိုက်မြို့ အထကကျောင်း စုံညီခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားပြီး၊ မြို့နယ် ပညာရေးမှူးက ကျောင်းထောက်ပံ့ကြေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထိုသင်တန်းသို့ မော်လိုက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများနှင့် လက်ထောက် ဆရာဆရာမများ စုစုပေါင်း ၂၂၅ဦး တက်ရောက်ခဲ့ကြပြီး သင်တန်း ကာလမှာ ၃ ရက်ဖြစ်ကြောင်း သတင်းရရှိသည်။ အခမ်းအနားသို့ မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ မော်လိုက်မြို့နယ် မြို့နယ်ပညာရေးမှူး ဦးခွားသိုင်၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်း သူသင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ **(ခရိုင်ပြန်/ဆက်)**

## ကယားပြည်နယ်အတွင်း စနစ်ကျစက်မှုလယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိ

**လွိုင်ကော် ဇွန် ၂၈**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစီအစဉ်ဖြင့် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ၃၀၀ ဧက ဖော်ထုတ်ခြင်းကို မေလမှစတင်ပြီး ယခုလက်ရှိအချိန်အထိ တောင်သူများ မိုးစပါးရာသီအမီ စိုက်ပျိုးနိုင်ရန်အတွက် ကယားပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက် ပေးလျက်ရှိသည်။

အဆိုပါ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်း ပထမအသုတ်အနေဖြင့် လွိုင်ကော်မြို့နယ် မြို့မကျေးရွာအုပ်စု ကွင်းအမှတ် (၁၄၃) တွင် ၅၀ ဧက၊ ဒေါပေါ်ကလဲကျေးရွာ အုပ်စု ကွင်းအမှတ်(၉၀)တွင် ၅၀ဧက စုစုပေါင်း ၁၀၀ ဧကကို ဖော်ထုတ် ဆောင်ရွက်ပေးလျှက်ရှိပြီး ကျန်ရှိသော လယ်ယာမြေများကိုလည်း ဆက်လက် ဖော်ထုတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေပဒေသာသံဃာ့ဒါနဆွမ်းလောင်းအသင်းကြီး (၇)နှစ်ပြည့် အထူးတရားပွဲကျင်းပ

**နတ်မောက် ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် ရွှေပဒေသာသံဃာ့ဒါနဆွမ်းလောင်းအသင်းကြီး (၇)နှစ်ပြည့် အထူး တရားပွဲကို ဇွန် ၂၇ ရက်က ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်ဝန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တရားပွဲတွင် ဆရာတော်ဘဒ္ဒန္တဝိမလ (ပိဋကတ်တစ်ပုံဆောင်) သာသနဓဇဓမ္မာစရိယ ဆရာတော်၊ အရှင် တေဇနိယ(ပိဋကတ်တစ်ပုံဆောင်)၊ သာသနဓဇဓမ္မာစရိယနှင့် မြန်မာနိုင်ငံတောင်ဘက်အစွန်းဆုံး ဂျလန်းကျွန်းဆလုံ သာသနာပြုဆရာတော် အရှင်ကုသလဇောတိ သာသနဓဇဓမ္မာစရိယ B.sc (Zoology) ဆရာတော်များက ၄ ည တိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရာတော်များဟောကြားခဲ့ပြီး ရွှေပဒေသာသံဃာ့ဒါန ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးရွှေမောက်၊ အတွင်းရေးမှူး ဦးကျောက်ဒိုးနှင့် အဖွဲ့ဝင်များက တရားတော်နာရောက်လာသူ မိဘပြည်သူများ အတွက် အကျိုးဆောင် သယ်ယူပို့ဆောင်ပေးသော မော်တော်ယာဉ်များအား အသင်းကြီးမှ ဆီအလှူထည့်ပေးခဲ့ကြောင်း သိရသည်။ **လှဝင်း(iprd)**

## ပြားချောင်းကြီးကျေးရွာအုပ်စု၌ တောင်သူပညာပေးဆွေးနွေး

**ရသေ့တောင် ဇွန် ၂၈**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ တောင်သူပညာပေးဆွေးနွေးပွဲ အခမ်းအနား ကို ဇွန် ၂၅ ရက်က ပြားချောင်းကြီးကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ကျော်ညွန့်က မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေး၊ သိပ္ပံနည်းကျ (၁၄)ချက် စိုက်ပျိုးရေးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ပျိုးပြီး ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးတို့ကို ဆွေးနွေးပို့ချပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှူး ဒေါက်တာဝင်းကျော်မြင့်က ခိုင်းကျွဲ၊ ခိုင်းနွားများ ကူးစက်ရောဂါကင်းရှင်းရေးနှင့် မွေးမြူရေးနည်းပညာများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ ရသေ့တောင်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ကျော်ညွန့်၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**


**ရန်ကင်းတောရ၊ သပြေပင်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်ဓမ္မကျောင်းတော် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုနည်းပြဆရာဖြစ်သင်တန်း တက်ရောက်လိုသူများလျှောက်ထားနိုင်ပါသည်**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ယဉ်ကျေးလိမ္မာသင်တန်း များ၊ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ ဓမ္မကျောင်းတော်များနှင့် Sunday Dhamma School များ စသည်တို့၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုဘာသာရပ်ကို သင်ကြားပြသနေသည့် ဆရာ ဆရာမများအား နေပြည်တော် သပြေပင်ကျေးရွာ ရန်ကင်းတောရ ပရိယတ် ပဋိပတ်ဌာနတွင် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု နည်းပြ ဆရာဖြစ်သင်တန်းနှင့် မွမ်းမံသင်တန်းတို့ကို ဖွင့်လှစ်ပို့ချလျက်ရှိသည်။

သင်တန်း၌ ကလေးဗဟိုပြုချဉ်းကပ်သင်ကြားနည်း (Child-Centred Approach)၊ ဘာသာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ(Work-Shop)၊ စင်တင် စကားပြောပွဲများ(Role Play)၊ စကားရည်လုပွဲများ(Debate)၊ အုပ်စုလိုက်ဆွေးနွေး ပွဲများ (Group Discussion)၊ စာတမ်းများပြုစုတင်ပြစေခြင်း(Buddha Dhamma Paper Presentation)တို့ဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာကို ကမ္ဘာ့အဆင့်မီ သင်ကြားနည်းစနစ်အမျိုးမျိုးဖြင့် လူငယ်များအား သင်ကြားတတ်စေရန် သင်ကြားပြသ ပေးနေပါသည်။

သင်တန်းတက်ရောက်လိုသူများသည် နည်းပြဆရာဖြစ်သင်တန်းရုံး ဖုန်း ၀၉-၄၃၀၇၅၇၀၄၊ ၀၉-၈၃၀၄၄၄၆၊ ၀၉-၂၅၄၀၂၆၇၆၃ နှင့် Email လိပ်စာ admin @ dhammatrainingcenter.com သို့ Online မှ ဆက်သွယ်လျှောက်ထားနိုင် ပါသည်။ လျှောက်ထားရာတွင် အမည်၊ အသက်၊ ပညာအရည်အချင်း၊ အလုပ်အကိုင် နှင့် ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်တို့ကို ဖော်ပြပေးရပါမည်။ လစဉ် သင်တန်း ဖွင့်လှစ်ထားရှိပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ပါသည်။ သင်တန်းဖွင့်မည့်ရက်မှာ ၂၀၁၄ ဇူလိုင် ၃ ရက်မှ ၁၃ ရက်အထိဖြစ်ပါသည်။

**သင်တန်းကျောင်းအုပ်ကြီး**
**ဓမ္မကျောင်းတော်**
**အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုနည်းပြဆရာဖြစ်သင်တန်းဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူထားမှုအပေါ် ထပ်မံအသိပေးကြေညာခြင်း**

၁။ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်း ဒေသကြီးအတွင်းဆောင်ရွက်မည့် ကျေးလက်လုပ်ငန်းများအတွက် တင်ဒါလျှောက်လွှာ ခေါ်ယူခြင်းကြော်ငြာအား ၂-၆-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ လုပ်ငန်းများအနက် ကျေးလက်လမ်းတံတားလုပ်ငန်းများအား လုပ်ငန်း ပမာဏအရ လုပ်ငန်းတွဲများ ပြင်ဆင်သတ်မှတ်ခဲ့ပါသဖြင့် ယခင်တင်ဒါလျှောက်လွှာ ဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် တင်ဒါ တင်သွင်းရမည့်နေ့ရက်အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူမည့်ရက်** - ၃၀-၅-၂၀၁၄ ရက်မှ ၆-၇-၂၀၁၄ ရက်အထိ

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန်** - ၇-၇-၂၀၁၄ ရက် (၁၆:၀၀) နာရီ

**မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဃ/၈၀၂၉ ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**အမြန်ဆက်သွယ်ပါ**

ကိုလှိုင်မိုး [(ဘ) ဦးဇော်လွင်- (အမိ) ဒေါ်တိုးကြည်] ဓာတိ- သန်လျင်မြို့ ရန်ကုန်တိုင်းဒေသကြီး ဦးလေးထံ အမြန်ဆက်သွယ်ပါ။

**ဖုန်း-၀၉-၅၁၇၈၇၉၄**
**၀၉-၇၃၀၈၅၃၀၇**

**ပြည်ထဲရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့မှ ညွှန်/မှူး၊ ဒု/ညွှန်မှူးနေအိမ်နှစ်ခန်းတွဲ၊ နှစ်ထပ်နေအိမ်ဆောက်လုပ်ခြင်းနှင့် ခြောက်ခန်းတွဲ ဝန်ထမ်းနေအိမ် ဆောက်လုပ်ခြင်း၊ (ကန်ကြီးထောင့်၊ ရေကြည်၊ ဝါးခယ်မ၊ လေးမျက်နှာ၊ ဒေးဒရဲ၊ မော်လမြိုင်ကျွန်း)မြို့နယ်များတွင် လက်ထောက်ညွှန်ကြားရေးမှူး နေအိမ်ဆောက်လုပ်ခြင်း(မြောင်းမြ၊ ဖျာပုံ)ခရိုင်များတွင် ခြောက်ခန်းတွဲ ဝန်ထမ်းနေအိမ်နှင့် ဟင်္သာတမြို့နယ်တွင် ဒုတိယဦးစီးမှူးနေအိမ်များ ဆောက်လုပ်ခြင်းတို့အား မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်မည်ဖြစ်၍ အဆိုပါလုပ်ငန်းအား စိတ်ပါဝင်စားသော ဒေသခံ/ပြင်ပလုပ်ငန်းရှင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက် အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့သို့ ဆက်သွယ်ဆောင်ရွက် မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၄ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၇-၇-၂၀၁၄ ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀ နာရီ
(ဃ) **ဆက်သွယ်ရမည့်ဖုန်း** - ၀၄၂-၂၁၂၅၀၊ ၂၃၉၄၀၊ ၂၅၂၇၈

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

# ဒေသန္တရစီမံကိန်းရည်မှန်းချက်များတာဝန်ပေးအပ်ပွဲ မြောင်းမြတွင် ကျင်းပ

**မြောင်းမြ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီးမြောင်းမြခရိုင်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်နိုင်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်အောင်မြင်နိုင်ရေး ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ မြို့နယ်အုပ်ချုပ်ရေးမှူးများအား စီမံကိန်းရည်မှန်းချက်တာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။



၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက်မြောင်းမြခရိုင်၏ ကဏ္ဍကြီးသုံးမျိုးဖြစ်သော လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများမှ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ငွေကျပ်သန်းပေါင်း ၇၅၇၇၉၅၆ သန်းလျာထားပြီး စီမံကိန်း လျာထားချက်ပြည့်မီ ကျော်လွန်အောင်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းသိရသည်။

တာဝန်ပေးအပ်ပွဲအခမ်းအနားသို့ မြောင်းမြခရိုင်နှင့် မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီများ တက်ရောက်ခဲ့ကြသည်။ **အောင်မင်း**(iprd)

# မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲကျင်းပ

**ချောင်းဦး ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ဘူတာကျေးရွာတွင် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲကို ဇွန် ၂၄ရက်က ကျင်းပခဲ့ရာ မုံရွာခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးရဲမင်းလှ၊ ချောင်းဦးမြို့နယ် စိုက်ညှိအဖွဲ့ဝင်များ၊မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲတွင် မုံရွာခရိုင် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင် ဦးစီးအရာရှိ ဦးရဲမင်းလှက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ခေတ်မီစိုက်ပျိုးရေး စက်ကိရိယာ ပြောင်းလဲသုံးစွဲနိုင်ရေး ဆွေးနွေးပြီး ချောင်းဦး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ထွေးဝင်းက တစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် ဌာနမှ ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး စိုက်ခင်းပိုင်ရှင် ဦးရွှေသိန်းက နည်းပညာများ လိုက်နာခြင်းဖြင့် တစ်ပင်ပါ သီးလုံးပျမ်းမျှ ၅၅လုံးခန့်ရှိ၍ တစ်ဧကလျှင် ၁၀၅၀ ပိဿာခန့် ထွက်ရှိနိုင်ပြီး လက်ရှိပေါက်စျေး ဝါတစ်ပိဿာလျှင် ၁၀၀၀ ကျပ်ရှိသဖြင့် တောင်သူများ စီးပွားရေးတွက်ခြေကိုက်သောကြောင့် လာမည့်နှစ်တွင်လည်း ဝါသီးနှံအား တိုးချဲ့စိုက်ပျိုး သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကာ တက်ရောက်လာကြသည့် တောင်သူများမှ ဦးရွှေသိန်း၏ အောင်မြင်ဖြစ်ထွန်းနေသော မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းအား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

### မြောက်ဦးမြို့နယ်တွင် မျိုးစပါးများပေးအပ်

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသော ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီ မျိုးစပါးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက်က မြောက်ဦးမြို့နယ် ထိပ်ဝပြင်ကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးလွင်ဖြိုးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးလွင်ဖြိုးက ထိပ်ဝပြင် ကျေးရွာတွင် အဆင့်မြင့်လယ်ယာအပါအဝင် တောင်သူပညာပေးစံပြကွက် ဧက ၅၀ စိုက်ပျိုးပြသဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိုးစပါးအထွက်နှုန်းတိုးရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄) ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**လားရှိုး ဇွန် ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဆုပေးပွဲကို ဇွန် ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်မိုးက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သည့် သဝဏ်လွှာအား လားရှိုးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်မိုးက ဖတ်ကြားခဲ့ကာ မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများနှင့်စပ်လျဉ်း၍ လားရှိုးခရိုင်အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဒီပါတ်ကလည်းကောင်း၊ မူးယစ်ဆေးဝါးဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ခရိုင်ဥပဒေအရာရှိ ဦးကြင်ဦးကလည်းကောင်း အသီးသီးဆွေးနွေး တင်ပြခဲ့ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့်ပိုစတာနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူ ငါးဦးအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအေးကလည်းကောင်း၊ ခရိုင်အဆင့် ဝတ္ထုတိုပြိုင်ပွဲဆုရရှိသူ သုံးဦး၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦး၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦး၊ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူ မူလတန်းဆု သုံးဦး၊ အလယ်တန်းဆု သုံးဦး၊ အထက်တန်းအဆင့် ဆုရရှိသူ လေးဦး၊ ခရိုင်အဆင့် ကာတွန်းပြိုင်ပွဲ မူလတန်းအဆင့် ဆုရရှိသူ သုံးဦး၊ အလယ်တန်းအဆင့် ဆုရရှိသူ သုံးဦး၊ ပိုစတာပြိုင်ပွဲ မူလတန်းအဆင့်တွင် ဆုရရှိသူ တစ်ဦး၊ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူ သုံးဦး၊ အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူ သုံးဦး၊ ခရိုင်အဆင့် ကွန်ပျူတာပန်းချီ အလယ်တန်းအဆင့် ဆုရရှိသူ လေးဦး၊ အထက်တန်းအဆင့် ဆုရရှိသူ သုံးဦးတို့အား ဆုများ ချီးမြှင့်ခဲ့သည်။

**ဟန်ဌေး**(iprd)




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပူးပေါင်း၍**
**မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့ရှိ မိုဘိုင်းရေဒီယိုစခန်း(BTS)များ**
**လုပ်ငန်းလည်ပတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊**
**ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လိုသည့်**

## ပြည်တွင်းကုမ္ပဏီများအား တင်ဒါခေါ်ယူခြင်း

၁။ အများပြည်သူများအား ပိုမိုကောင်းမွန်သော မိုဘိုင်းတယ်လီဖုန်းဝန်ဆောင်မှုများ ပေးနိုင်စေရန်ရည်ရွယ်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ မိုဘိုင်းရေဒီယိုစခန်း (BTS) များ လုပ်ငန်းလည်ပတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ၊ တင်ဒါပုံစံတို့ကို (၁)စုံလျှင် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)ဖြင့် ၃၀-၆-၂၀၁၄ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာချုပ်ရုံး
ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နေပြည်တော်(ဒက္ခိဏသီရိ အိတ်ချိန်းဝင်း)
တယ်လီဖုန်းအမှတ် ဖုန်း-၀၉-၄၄၈၀၀၀၀၂၃

၃။ တင်ဒါတင်သွင်းမည့်သူသည် လုပ်ငန်းစိတ်ဝင်စားကြေးအဖြစ် တင်ဒါ(၁)စုံလျှင် ကျပ်သိန်း ၅၀ (ကျပ်ငါးဆယ်သိန်းတိတိ)အား ဌာနသို့ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီရမည့်အပြင် လူကိုယ်တိုင်လာရောက်တင်သွင်းရပါမည်။

၅။ ၂၀၁၄ ခုနှစ် ဇူလိုင် ၉ ရက်တွင် ရုံးချိန် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း တင်သွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်နိုင်ထူး ၁၀/ခဆန(နိုင်)၀၇၅၄၈၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၇၈၉၉၆၄**



## အများသိစေရန် ကြေညာခြင်း

ရေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ရေးမြို့မအုပ်စု၊ ကွင်းအမှတ် ၂/က၊ဦးပိုင်အမှတ် ၁၇၊ မြေကွက်အမှတ် ၁၈၈၊ ဧရိယာ ၀ ဒသမ ၀၅၈ဧကရှိမြေကို ၁၉၇၀-၁၉၇၁ ခုနှစ် မြို့အိမ်ရာမြေကွက်များ ပြန်လည်ချထားစဉ် မော်လမြိုင်ခရိုင်ဝန်မှ ဦးမောင်သော်အမည်ဖြင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ် ထုတ်ပေးထားပါသည်။ ယခုအခါ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ ပျောက်ဆုံးနေပါသည်။ အဆိုပါမြေအား ဦးမောင်သော်ထံမှ ဦးစောမောင်-ဒေါ်မသွယ်တို့မှ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၃၅၃/၈၀ဖြင့် ဝယ်ယူခဲ့ပြီး ၎င်းတို့၏ အမွေဆက်ခံ ပိုင်ခွင့်ရှိသူ ဦးတင်ထွန်းထံမှ ဦးတင်စိန်သည် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၂၉/၂၀၁၃ ဖြင့် ဝယ်ယူထားရာ ဦးတင်စိန်မှ ဖော်ပြပါမြေအား အငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသည့် အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**



## ဖခင်အမည်မှန်

အထက(၄)၊ ကမာရွတ်၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်သူရဦး၏ ဖခင်အမည်မှန်မှာ ဦးမာအေး ၈/ပခက(နိုင်) ၁၄၉၂၅၂ ဖြစ်ပါသည်။

**ဦးမာအေး**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၉၉၉)၊ မြေအမျိုးအစား နှစ်၆၀ မြေငှားဂရန်၊ အကျယ်အဝန်း (အလျားပေ ၄၀×အနံပေ ၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၉၉၉ဟုခေါ်တွင်သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သန်း LL.B, D.M.A, D.B.L, D.M.L, D.A (Psy)**
**WIPO, D.L.P (Switzerland)**
**Diploma in international Law**
**High Court Advocate & Legal Advisor**
**ရုံးခန်း အမှတ် (၆၂)၊ အခန်း (၁၇)၊** Winner Firm၊ **ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**နေအိမ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃၊ ၀၉-၂၅၄၂၇၇၆၀၇**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/၁၂၊ လူနေရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၂၁၂၊ အကျယ်ပေ (၆၀×၆၀) ရှိ ဦးဝေလွင် အမည်ဖြင့် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးဝေလွင် ၁၂/ရကန(နိုင်) ၀၂၅၈၅၇ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၃၆၀၈၀၀၁၅**



## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အထက(၁) ကျောင်းတွင် ပညာသင်ကြားနေသော မောင်သန်းဝင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးဖိုးတုတ်နှင့် ဦးသန်းနွဲ့သည် တစ်ဦးတည်းဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များထုတ်ပေး

**ရသေ့တောင် ဇွန် ၂၈**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးခြင်းအခမ်းအနားကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များအား ပြားချောင်းကြီးကျေးရွာ တောင်သူများကိုယ်စား ပြားချောင်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဝင်းကလည်းကောင်း၊ ထီးစွဲကျေးရွာ တောင်သူများကိုယ်စား ထီးစွဲကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းကလည်းကောင်း၊ စိုးမေကျေးရွာတောင်သူများကိုယ်စား စိုးမေကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းမောင်ကလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ သန်မြန်သူမော်တော်ယာဉ်လိုင်းကြီးကြပ်ရေးကော်မတီ(ရန်ကုန်)၏ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ချီးမြှင့်ပွဲတွင် ဇွန် ၂၁ရက်က ကျောင်းသား၊ ကျောင်းသူ ၈၁ ဦးအား ဆုငွေ ၃၈၁၀၀၀ ချီးမြှင့်ခဲ့သည်။ သန်မြန်သူကြီးကြပ်ရေးကော်မတီ

## စစ်တွေမြို့တွင် ရွှေ့လျားဆေးခန်းဖြင့် ကျန်းမာရေးစောင့်ရှောက်

**စစ်တွေ ဇွန် ၂၈**

စစ်တွေမြို့ စက်ရုံစု(၁)ကယ်ဆယ်ရေးစခန်းရှိ ဒေသခံအိမ်ထောင်စုဝင်များအား သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားမှု ရှိ၊ မရှိ ရှာဖွေစစ်ဆေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ရွေ့လျားဆေးခန်းဖွင့်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကွင်းဆင်းအရာရှိ ဒေါက်တာကျော့သာစိန်ဦးစီးသည့် စစ်တွေမြို့နယ်ကြက်ခြေနီအသင်းနှင့် ကယားပြည်နယ်မှ စစ်တွေမြို့သို့ရောက်ရှိနေသော ကြက်ခြေနီအသင်းဝင်များက ဇွန် ၂၆ ရက်က ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပြည်သူ့ဆေးရုံသို့ နှလုံးစမ်းသပ်စက်လှူဒါန်း

**သာပေါင်း ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ပြည်သူ့ဆေးရုံသံဃာဆောင်သို့ တန်ဖိုးကျပ် ၆၅၀၀၀၀ရှိ နှလုံးစမ်းသပ်စက်ကို ပုသိမ်မြို့နေ ဦးသိန်းမြင့် ဒေါ်ခင်ထွေးရီ(ဟသ်ာမင်းရွှေဆိုင်)တို့မှ ဇွန် ၂၅ ရက်က ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းဦးက လက်ခံရယူပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဒေါက်တာမြင့်သိန်းဦးက စက်အသုံးဝင်ပုံနှင့် ထိရောက်စွာ ကာကွယ်ကုသနိုင်မှုကို ရှင်းလင်းပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## နှစ်လုံးထီလောင်းကစားစဉ်ဖမ်းမိ

**ပုသိမ် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ဒေးဒရဲတံတားအောက်၌ ရုံးကြီး(၇)လမ်း၊ (၂)ရပ်ကွက်တွင်နေထိုင်သူ အောင်မြင့်ဦး(၅၂ နှစ်)သည် နှစ်လုံးထီလောင်းကစားမှုပြုလုပ်နေကြောင်း သတင်းအရ ဒေးဒရဲမြို့မရဲစခန်းမှတာဝန်ရှိသူများက သက်သေများနှင့်အတူ ဇွန် ၂၅ ရက်က ရှာဖွေဖမ်းဆီးခဲ့ရာ အောင်မြင့်ဦးဝတ်ဆင်ထားသော အင်္ကျီအိတ်အတွင်းမှ နှစ်လုံးထီ လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့် ငွေ ၁၃၇၅၀ ကျပ် သိမ်းဆည်းရမိသဖြင့် ဒေးဒရဲမြို့မရဲစခန်းက (ပ)၆၁/၂၀၁၄၊ လောင်းကစားဥပဒေပုဒ်မ ၁၅ (က) /၇၆(က) ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၏ အသွားအပြန်ကားစီစဉ်ထောက်ပံ့ပေးမှုဖြင့် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ မျက်စိခွဲစိတ်ကုသခံယူရန်သွားရောက်မည့် ကံမမြို့နယ်မှ ဝေဒနာရှင်လူနာများအား တွေ့ရစဉ်။

ကျော်ဇေယျဝင်း(iprd)

**စက်မှုဝန်ကြီးဌာန**
**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း**
**အမှတ်(၂) ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)**
**ကုန်ကြမ်းပစ္စည်း(၁၂)မျိုး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ကုန်ကြမ်း ၁၂ မျိုး
၂။ **တင်ဒါစတင်ရောင်းချသည့်ရက်** - ၂၄-၆-၂၀၁၄ရက်
၃။ **တင်ဒါပိတ်ရက်** - ၂၃-၇-၂၀၁၄ ရက် ၁၆:၀၀ နာရီ
၄။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံး အဖွဲ့ရုံးခန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော်
၅။ **စုံစမ်းရန်** - အသေးစိတ်အချက်အလက်များ သိလိုပါက ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၈၀၆၈၊ ၀၆၇-၄၀၈၃၅၉

**အများသိစေရန်**

ဦးအောင်မြင့်နှင့် ဒေါ်နွဲ့နွဲ့ဝင်းတို့တွင် သား ဟိန်းပြည့်စုံမောင် (၁၃)နှစ်နှင့် ကောင်းရှင်းသန့် (၇)နှစ်တို့ကို မွေးဖွားပါသည်။ သားငယ် (တစ်)နှစ်အရွယ်တွင် ဦးအောင်မြင့်သည် အိမ်ထောင်ရေး ပြဿနာပြုလုပ်သဖြင့် ၁၈-၁၂-၂၀၀၈ ရက်တွင် ဆွေမျိုးလူကြီးများရှေ့မှောက်၌ လင်မယားကွာရှင်းပြတ်စဲခဲ့ကြပါသည်။

ဦးအောင်မြင့်သည် ဟိုင်းလတ်ကားအမှတ် ပ/၁၇၁၀ကို တောင်းဆို၍ ယူသွားပြီး တစ်သီးတစ်ခြားစီနေထိုင်ပါသည်။ ဒေါ်နွဲ့နွဲ့ဝင်းသည် သားနှစ်ယောက်ကို ကျွေးမွေးပြုစုစောင့်ရှောက်၍ တာဝန်ယူအုပ်ထိန်းပါသည်။ အမှတ် ၂၀၉၊ ကိုယ့်မင်းကိုယ်ချင်းလမ်း၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် ဒေါ်နွဲ့နွဲ့ဝင်းနှင့် သားနှစ်ယောက်သည် ဒေါ်နွဲ့နွဲ့ဝင်း၏ မောင်နှမများနှင့်အတူ နေထိုင်လျက်ရှိပါသည်။ ဦးအောင်မြင့်နှင့် ဒေါ်နွဲ့နွဲ့ဝင်းတို့သည် မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန်းရီ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၅၇)**
**အမှတ် ၉/၁၁၊ အခန်း ၂၀၁(စီ)၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၉၉၆၁၀**

**၁၇-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၀)ပါ ဒေါ်အိအိခင်နှင့် ဒေါ်မူမူခင်တို့၏အထူးအာဏာကုန်လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်ဆန်း တရားလွှတ်တော်ရှေ့နေ ၃၂၅၉/၈၅၏ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နေ ဆွေမျိုးများနှင့်အများပြည်သူတို့သိစေရန် သတိပေးကြေညာခြင်းနှင့်စပ်လျဉ်း၍**
**သက်ဆိုင်သူများနှင့် အများပြည်သူသိစေရန် ပြန်လည်ကြေညာခြင်း**

ဒေါ်ခင်စန်း ၁၂/အစန(နိုင်)၀၇၃၄၉၈၊ အမှတ် ၃၅(ဘီ)၊ ဒညင်းကုန်းဘူတာလမ်း၊ ဒညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

၁။ အောက်ပစ္စည်းစာရင်းပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဖခင်ဦးသာလှိုင် (ကွယ်လွန်)နှင့် မိခင် ဒေါ်သန်းစိန် (ကွယ်လွန်)တို့၏ ကျန်ရှိပစ္စည်းဖြစ်ပါသည်။

၂။ ဖခင်ဦးသာလှိုင်နှင့် မိခင်ဒေါ်သန်းစိန်တို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ ဖခင် ဦးသာလှိုင်နှင့် မိခင်ဒေါ်သန်းစိန်တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းစဉ်ကာလအတွင်း သားသမီး ၁၀ဦး ထွန်းကားခဲ့ပါသည်။

၎င်းတို့မှာ ၁။ ဦးသန်းလှိုင်(ကွယ်လွန်)၊ ၂။ ဦးမြသောင်း(ကွယ်လွန်)၊ ၃။ ဦးသောင်းရွှေ (ကွယ်လွန်)၊ ၄။ ဦးကြည်တင်(ကွယ်လွန်)၊ ၅။ ဒေါ်ခင်သန်း (ကွယ်လွန်)၊ ၆။ ဒေါ်ခင်စန်း (သက်ရှိထင်ရှား)၊ ၇။ ဒေါ်ခင်လေးမြင့် (သက်ရှိထင်ရှား)၊ ၈။ ဦးကျော်ထွန်း (ကွယ်လွန်)၊ ၉။ ဒေါ်ငွေငွေကြည် (ကွယ်လွန်)၊ ၁၀။ ဒေါ်ထွေးထွေးကြည် (ကွယ်လွန်)တို့ဖြစ်ပါသည်။

၃။ ဒေါ်ငွေငွေကြည်ကို ဖခင်ဦးသာလှိုင် မကွယ်လွန်မီက၊ အဆိုပါမြေကွက်အတွက် အမည်ခံထားရှိခဲ့ခြင်းသာဖြစ်ပါသည်။ မြေဂရန်ပေါ်တွင် အမည်ပေါက်ရုံဖြင့် ပိုင်ရှင်မဟုတ်ပါ။ အောက်စာရင်းပါပစ္စည်းသည် ဖခင်ဦးသာလှိုင်(ကွယ်လွန်)နှင့် မိခင်ဒေါ်သန်းစိန် (ကွယ်လွန်)တို့မှ ဆင်းသက်လာသည့်အမွေပုံပစ္စည်းသာဖြစ်ပြီး၊ ဖခင်ဦးသာလှိုင်(ကွယ်လွန်)နှင့် မိခင် ဒေါ်သန်းစိန် (ကွယ်လွန်)တို့၏သားရင်း၊ သမီးရင်း (၁၀)ဦးတို့၏အမွေပုံပစ္စည်းသာဖြစ်ပါသည်။

၄။ ဦးကျော်ဆန်း(တရားလွှတ်တော်ရှေ့နေ)၏ သတိပေးကြေညာခြင်းအပိုဒ် (၃)နှင့်ပတ်သက်၍ အောက်စာရင်းပါပစ္စည်းသည် ကွယ်လွန်သူ ဒေါ်ငွေငွေကြည်တစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ခြင်းမဟုတ်ပါ၍ ကွယ်လွန်သူ ဒေါ်ငွေငွေကြည်၏ ကိတ္တိမသမီးများဟုဖော်ပြသော ဒေါ်အိအိခင်နှင့် ဒေါ်မူမူခင်တို့သည်အစ်မကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်သည်ဆိုခြင်းကို ပြတ်သားစွာငြင်းဆိုပါသည်။

၅။ ဦးကျော်ဆန်း(တရားလွှတ်တော်ရှေ့နေ)၏သတိပေးကြေညာခြင်းအပိုဒ်(၄)ပါ ဒေါ်အိအိခင်နှင့် ဒေါ်မူမူခင်တို့သည်အစ်မကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံ၍ လက်ဝယ်လက်ရောက်ပိုင်ဆိုင်ထားပါသည်ဆိုခြင်းကို ပြတ်သားစွာငြင်းဆိုပါသည်။

၆။ အောက်စာရင်းပါပစ္စည်းနှင့်ပတ်သက်၍ သက်ဆိုင်ရာအမွေဆိုင်များ၊ အမွေဆက်ခံသူများ၏ တရားဝင်စာဖြင့် အတိအလင်းသဘောတူညီချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ စွန့်လွှတ်ခြင်း၊လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ပြုလုပ်ပိုင်ခွင့်မရှိပါ။ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ မလွှဲမသွေ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ဦးကျော်ဆန်း(တရားလွှတ်တော်ရှေ့နေ)၏ သတိပေးကြေညာခြင်းအပိုဒ်(၅)ပါ သက်ဆိုင်ရာစီရင်ပိုင်ခွင့် အာဏာရှိသောတရားရုံးတော်များ၌ ရာဇဝတ်ကြောင်းအရ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုများဖြင့်လည်းကောင်း၊ တရားမကြောင်းအရတရားမကြီးမှုများဖြင့်လည်းကောင်း၊ ပြင်းထန်ထိရောက်စွာဖြင့် တရားစွဲဆိုအရေးယူခံရလိမ့်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည် ဆိုသည့်စကားရပ်များနှင့်ပတ်သက်၍ ပြင်းထန်ထိရောက်စွာဖြင့် တရားစွဲဆိုပါက ဒေါ်ခင်စန်းက တည်ဆဲဥပဒေများနှင့်အညီ တည်ငြိမ်အေးချမ်းစွာဖြင့်ခုခံချေပရန်အသင့်ရှိပါသည်။

**ပစ္စည်းစာရင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ အမှတ် (၃)ရပ်ကွက်၊ ဦးပြုံးချိုလမ်း၊ အမှတ် ၇၅၊ ၇×၈ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**(ဝင်းစိန်)**
**B.A (Law), LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၅/၁၉၇၂)**
**အမှတ် ၉/၁၁၊ အခန်း (၃၀၆)၊ ၃၆လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်ကွက်၊ ရှောလီဝိုင်းကျေးရွာနေ ဦးယောဆို ၉/မကန(နိုင်)၀၅၅၉၄၇-ဒေါ်လောရီ ၉/မကန(နိုင်)၀၆၀၇၈၀ တို့၏သား မောင်စိုးသိန်း ၉/မကန(နိုင်)၁၄၁၉၂၄ သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးယောဆို-ဒေါ်လောရီ**

ဌာနဆိုင်ရာကြော်ငြာ

# နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့

အခြေခံပညာကျောင်းအသီးသီးမှ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်ရောက်နိုင်သောကလေးများနှင့်လူငယ်များ၊ မြန်မာစာရေးတတ်၊ ဖတ်တတ်အဆင့်ရှိ ကလေးများနှင့်လူငယ်များအနေဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးမှဖွင့်လှစ်သော နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာသင်တန်းများကို တက်ရောက်သင်ယူနိုင်သည့် အခွင့်အလမ်းများရှိပါသည်။ အချို့သောဝန်ကြီး ဌာနများတွင် Mobile Vocational Training Unit များလည်း ဖွဲ့စည်းထားရှိပါသည်။

Mobile Vocational Training Unit များသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ သင်ကြားပေးစေလိုသည့် ဘာသာရပ်၊ သင်တန်းအမျိုးအစားဖြင့် သက်ဆိုင်ရာမြို့နယ်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တစ်ဆင့်တောင်းဆိုပါက အနည်းဆုံးသင်ယူလိုသူ ၃၀ ဦးထက်မနည်း စုစည်းပေးနိုင်မည်ဆိုလျှင် သက်ဆိုင်ရာဌာနမှ ယင်းMobile Vocational Training Unitအဖွဲ့များစေလွှတ်၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အစိုးရဝန်ကြီးဌာန အသီးသီးအနက်မှ သမဝါယမဝန်ကြီးဌာနအနေဖြင့် ယှဉ်တွဲပါဇယားအရ အမည်ဖော်ပြထားသောသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် သက်ဆိုင်ရာသင်တန်းကျောင်း (သို့မဟုတ်) အောက်ဖော်ပြပါဝန်ကြီးဌာန ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| အထူးလုပ်ငန်းအဖွဲ့ | ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၂၈၇၃ |
| သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဖုန်း-၀၆၇-၄၀၄၅၀၅၊ ၀၆၇-၄၀၄၅၀၆ (နေပြည်တော်) |
| သမဝါယမဝန်ကြီးဌာန | ဖုန်း-၀၆၁-၆၀၂၆၇၊ ၀၂-၇၀၄၂၈၊ ၀၆၇-၄၁၀၂၇၃၊ ၀၆၇-၄၁၀၀၂၇ |

**သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိ ယွန်းပညာကောလိပ်၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်းများတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ ဖွင့်လှစ်မည့်သင်တန်းများ**

၁။ ယွန်းပညာကောလိပ်ပုဂံမြို့၊ မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၆၁-၆၀၂၆၇

| စဉ် | | ဖွင့်လှစ်နေသော သင်တန်းများ | သင်တန်းသားများ အရည်အချင်း | သင်တန်း ကြေး | ပညာသင် ထောက်ပံ့ကြေး | စားစရိတ် | အဆောင် | သင်တန်းဆင်း လက်မှတ်အဆင့် | လက်ခံနိုင်သည့် သင်တန်းသားဦးရေ | Mobile Team ဖြင့် ပေးနိုင်သောသင်တန်းများ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| က | | ယွန်းအတတ်ပညာဒီပလိုမာ (၂)နှစ် | တက္ကသိုလ်ဝင်တန်းအောင် | တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်အတိုင်း ကောက်ခံသည် | မရှိ | မိမိအစီအစဉ် | အခမဲ့နေထိုင်ခွင့်ပြုသည် | ဒီပလိုမာ | ပ-နှစ် ၂၀၀ ဦး<br>ဒု-နှစ် ၂၀၀ ဦး | ဝါးလက်မှု အနုထည် (၁)လ ကညစ်ယွန်း (၃)လ | |
| ခ | | ယွန်းအတတ်ပညာဒီပလိုမာ (၁)နှစ် | တက္ကသိုလ် တစ်ခုခုမှဘွဲ့ရ | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့နေထိုင်ခွင့်ပြုသည် | ဒီပလိုမာ | ၂၀ ဦး | | |
| ဂ | | အထက်တန်းယွန်းပညာ (၁)နှစ် | အလယ်တန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့နေထိုင်ခွင့်ပြုသည် | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | | |
| ဃ | | **ကာလတိုသင်တန်းယွန်းပညာကောလိပ်ပုဂံမြို့၊ မန္တလေးတိုင်းဒေသကြီး** | | | | | | | | | |
| | ၁ | ဂျပန်ယွန်းဆင့်ပွား(၃)လသင်တန်း | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့နေထိုင်ခွင့်ပြုသည် | သင်တန်းဆင်းလက်မှတ် | ၃၀ဦး | | |
| | ၂ | ကညစ်ယွန်း (၃)လသင်တန်း | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့နေထိုင်ခွင့်ပြုသည် | သင်တန်းဆင်းလက်မှတ် | ၃၀ဦး | | |
| **၂။ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ ရေတွင်းညီနောင်ရပ်ကွက်၊ ဖုန်း-၀၂-၇၀၄၂၈** | | | | | | | | | | | |
| က | | အထည်အလိပ်အတတ်ပညာ ဒီပလိုမာ (၁)နှစ် သင်တန်း | တက္ကသိုလ်ဝင်တန်းအောင် | အခမဲ့ | တစ်ဦးလျှင်တစ်လ (၁၈၀၀၀/-) ခံစားခွင့်ပြုသည် | မိမိအစီအစဉ် | အခမဲ့နေထိုင်ခွင့်ပြုသည် | ဒီပလိုမာ (Dip.TT) Diploma Textile Technology | ၅၀ ဦး | သဘာဝဆိုး ဆေး(၂)ပတ်၊ သီးနှံတာရှည်ခံ(၁)ပတ်၊ ရိုးရာဂျပ်ခုတ်(၁)လ | |
| ခ | | ရိုးရာလွန်းရာကျ အချိတ်(၆)လ သင်တန်း | မူလတန်းအောင် | အခမဲ့ | တစ်ဦးလျှင်တစ်လ (၁၈၀၀၀/-) ခံစားခွင့်ပြုသည် | မိမိအစီအစဉ် | အခမဲ့နေထိုင်ခွင့်ပြုသည် | သင်တန်းဆင်းလက်မှတ် | ၁၅ ဦး | - | တစ်နှစ် (၂)ကြိမ် |
| ဂ | | ရွှေချည်ထိုး၊ ငွေချည်ထိုး (၃)လသင်တန်း | မူလတန်းအောင် | အခမဲ့ | တစ်ဦးလျှင်တစ်လ (၁၈၀၀၀/-) ခံစားခွင့်ပြုသည် | မိမိအစီအစဉ် | အခမဲ့နေထိုင်ခွင့်ပြုသည် | သင်တန်းဆင်းလက်မှတ် | ၁၅ ဦး | | တစ်နှစ် (၃)ကြိမ် |
| ဃ | | **ကာလတိုသင်တန်းများ-ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ ရေတွင်းညီနောင်ရပ်ကွက်** | | | | | | | | | | | |
| | ၁ | စက်ရက်ကန်း စက်ပြင်/စက်မောင်း(၂)လ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | - | - |
| | ၂ | အထည်ဒီဇိုင်း (၂)လ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | - | ဆောင်းဒါး |
| | ၃ | ဓာတုဆိုးဆေး၊ သဘာဝဆိုးဆေး (၁)လခွဲ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | - | ဆောင်းဒါး |
| | ၄ | အထည်ပန်းပုံရိုက် (၁)လ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | - | ဆောင်းဒါး |
| | ၅ | ရိုးရာဂျပ်ခုတ် (၁)လ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | - | ဆောင်းဒါး |
| | ၆ | ဝါးလက်မှုထည် (၁)လ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | ဝါးလက်မှုထည် (၁)လ | ဆောင်းဒါး |
| | ၇ | ဆိုင်ကယ်ပြင် သင်တန်း(၁)လခွဲ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | ဆိုင်ကယ်ပြင် သင်တန်း (၁)လခွဲ | ဆောင်းဒါး |
| | ၈ | သီးနှံတာရှည်ခံ (၁)ပတ် | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | - | ဆောင်းဒါး |
| **၃။ ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့်သင်တန်းများ (ဖလမ်း၊ မုံရွာ၊ မုဒုံ၊ စစ်တွေ၊ တောင်ကြီး၊ ပခုက္ကူ၊ မိတ္ထီလာ၊ ရွှေတောင်၊ လှိုင်ကော်၊ မြစ်ကြီးနား၊ မင်းတပ်၊ ကျောက်မဲ၊ ဘားအံ) ဖုန်း-၀၆၇-၄၁၀၂၇၃၊ ၀၆၇-၄၁၀၀၂၇** | | | | | | | | | | | |
| က | | ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ (၁)နှစ်သင်တန်း | အလယ်တန်းအောင် | အခမဲ့ | တစ်ဦးလျှင် တစ်လ (၁၈၀၀၀/-) ခံစားခွင့်ပြုသည် | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | | သဘာဝဆိုးဆေး (၂)ပတ်၊ သီးနှံတာရှည်ခံ(၁)ပတ် ရိုးရာ ဂျပ်ခုတ်(၁)လ ဆိုင်ကယ်ပြင် | မုံရွာ ကျောင်းတွင် (၅၀)ဦးအထိ လက်ခံမည် ဖြစ်ပါသည် |
| ခ | | လက်ရက်ကန်း (၆)လသင်တန်း | မူလတန်းအောင် | | | | | | (က)+(ခ) ၂၀ ဦး | သင်တန်း(၁)လခွဲ၊ ဝါးလက်မှုထည် (၁)လသင်တန်း၊ သီးနှံတာရှည်ခံ (၁)ပတ်သင်တန်း | |
| ဂ | | **ကာလတိုသင်တန်းများ-ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့်သင်တန်းများ (ဖလမ်း၊ မုံရွာ၊ မုဒုံ၊ စစ်တွေ၊ တောင်ကြီး၊ ပခုက္ကူ၊ မိတ္ထီလာ၊ ရွှေတောင်၊ လှိုင်ကော်၊ မြစ်ကြီးနား၊ မင်းတပ်၊ ကျောက်မဲ၊ ဘားအံ)** | | | | | | | | | | | |
| | ၁ | စက်ရက်ကန်း စက်ပြင်/စက်မောင်း(၂)လ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | သဘာဝဆိုးဆေး (၂)ပတ်၊ သီးနှံ တာရှည်ခံ (၁)ပတ်၊ ရိုးရာ ဂျပ်ခုတ်(၁)လ | - |
| | ၂ | အထည်ဒီဇိုင်း(၂)လ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | - | - |
| | ၃ | ဓာတုဆိုးဆေး၊ သဘာဝဆိုးဆေး(၁)လခွဲ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | - | - |
| | ၄ | ပန်းပုံရိုက်(၁)လ | မူလတန်းအောင် | အခမဲ့ | မရှိ | မိမိအစီအစဉ် | အခမဲ့ | သင်တန်းဆင်းလက်မှတ် | ၂၀ ဦး | - | - |

# နိုင်ငံတော်သမ္မတဦးသိန်းစိန် ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများလှူဒါန်း

**ပေကျင်း ဇွန် ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ဗုဒ္ဓမြတ်စွယ်တော် သီတင်းသုံးစံပယ်တော်မူသည့် လင်ကွမ်းကျောင်းတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်တိုက်အတွင်း မြန်မာနိုင်ငံမှလှူဒါန်းခဲ့သည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကို အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗုဒ္ဓစွယ်တော်တိုက်ဥက္ကဋ္ဌ ဆရာတော်က နိုင်ငံတော်သမ္မတ ကိုးကွယ်ရန် ဗုဒ္ဓမြတ်စွယ်တော်ပွားတစ်ဆူကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဗုဒ္ဓစွယ်တော်တိုက်ဥက္ကဋ္ဌ ဆရာတော်ထံ ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ဒေသစာရီကြွစဉ်က မြန်မာပြည်သူပြည်သားများက

*စာမျက်နှာ ၉ ကော်လံ ၁* ❋



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုးကွယ်ရန် ဗုဒ္ဓစွယ်တော်တိုက်ဥက္ကဋ္ဌ ဆရာတော်က ဗုဒ္ဓမြတ်စွယ်တော်ပွားတစ်ဆူကို ပေးအပ်စဉ်။**
(သတင်းစဉ်)



# မြန်မာနိုင်ငံလောပိတရေအားလျှပ်စစ်စက်ရုံအား ဂျပန်အကူအညီဖြင့် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ဆောင်မည်

**ရန်ကုန် ဇွန် ၂၈**

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

မြန်မာနိုင်ငံ ကယားပြည်နယ် လွိုင်ကော်မြို့ လောပိတကျေးရွာအနီးရှိ မြန်မာနိုင်ငံ၏ ပထမဆုံးအကြီးစားဓာတ်အားပေးစက်ရုံကြီးဖြစ်သည့် ဘီလူးချောင်းအမှတ်(၂) လျှပ်စစ်ဓာတ်အားပေးစက်ရုံ(သို့မဟုတ်) လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဘက်စုံပြုပြင်မွမ်းမံရေးစီမံကိန်းလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

လောပိတရေအားလျှပ်စစ်စက်ရုံကြီးအတွက် ဘက်စုံပြင်ဆင်မွမ်းမံရေးလုပ်ဆောင်ရန် ဂျပန်နိုင်ငံမှလှူဒါန်းသော ယန်းသန်းပေါင်း ၆၆၆၉ သန်းတန်ဖိုးရှိ ပစ္စည်းများမှာ ရေတာဘိုင်၊ Switch yard နှင့် ထရန်စဖော်မာ စသည့် ဆက်စပ်ပစ္စည်းများဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးအကြီးစားဓာတ်အားပေးစက်ရုံကြီးဖြစ်သည့်လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးကို ၁၉၅၄ ခုနှစ်တွင် ပထမစက်သုံးလုံးကို တည်ဆောက်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ဓာတ်အားစတင်လည်ပတ်ထုတ်လွှတ်နိုင်ခဲ့သည်။ ထို့နောက် ဒုတိယစက်သုံးလုံးကို

*စာမျက်နှာ ၅ ကော်လံ ၄* ✺

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၈-၆-၂၀၁၄

| | |
|---|---|
| ပူတာအိုမြို့ | ၃ ဒသမ ၈၂ လက်မ |
| ဘီးလင်းမြို့ | ၃ ဒသမ ၇၈ လက်မ |
| သထုံမြို့ | ၃ ဒသမ ၄၆ လက်မ |
| ခန္တီးမြို့ | ၂ ဒသမ ၇၉ လက်မ |
| မော်လမြိုင်မြို့ | ၂ ဒသမ ၃၇ လက်မ |

## ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲကျင်းပ

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၂၈**

၂၀၁၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပခဲ့သည်။

ကာယဗလမောင် သက်ကြီးတန်း (အသက် ၅၀နှစ်အထက်) ပြိုင်ပွဲဝင် ၁၄ ဦး၊ အငယ်တန်းကာယဗလမောင် ပြိုင်ပွဲဝင် ၂၆ ဦး၊ အလွတ်တန်း ကာယဗလမောင် ၁၀ ဦး၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ Model Physique၊ Fitness Physique အရပ် ၅ ပေ ၃ လက်မ ပြိုင်ပွဲဝင် အမျိုးသမီး ၁၀ ဦး၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ အရပ် ၅ ပေ ၃ လက်မအထက် ပြိုင်ပွဲ ဝင် ၅ ဦးတို့ယှဉ်ပြိုင်ခဲ့ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❁




ပထမဆုရ ထွန်းထွန်းအောင်။



ပထမဆုရ ရွှမ၀။






mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း
R/488

# မြန်မာ့အလင်း
ကြော်ငြာကဏ္ဍ

၂၀၁၄ခုနှစ်၊ ဇွန် ၂၈ ရက်။ တနင်္ဂနွေနေ့

**Advertisement**



**စက်ချုပ်ကျွမ်းကျင်**
**အလိုရှိသည်**
(ရန်ကုန်မြို့တွင်းသာ)
(ယုဇန-ပလာဇာအနီး)
ဆက်သွယ်ရန်-ဖုန်း-၀၉-၅၀၄၉၁၁၀
၀၉-၇၃၁၃၉၄၈၃

09-5117226


## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Flexble Full HD Video | ၂ စုံ |
| (ခ) | Computer & Printer | ၄ မျိုး |
| (ဂ) | Air Con 1.5 HP | ၂ လုံး |

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၄-၇-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၃၀-၇-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၁၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် Asphalt Concrete Paver နှစ်စီးကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| Sr.No | Description | Qty | Country of Origin | Remarks |
|---|---|---|---|---|
| 1 | Asphalt Concrete Paver | 2 Units | China | US$ |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၆-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၈-၇-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် ၁၁ ဝင်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၂၀၂၂၃၆၇၊ ၀၉-၈၆၃၆၁၈၅**

**ဖခင်အမည်မှန်**

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ဇေကရာဇ်ရပ်ကွက်၊ ရတနာကွက်သစ်နေ အမှတ်-၃၊ အထက (မင်္ဂလာဒုံ) တက္ကသိုလ်ဝင်တန်း(E)မှ မောင်ဟိန်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးသောင်းစံ ၉/မလန(နိုင်)၀၂၀၈၇၉ ဖြစ်ပါကြောင်း။

**မြေကွက်ရောင်းမည်**

Ph: 09-49002122

**မြေကွက်ကျယ်ငှားရမ်းမည်**

Ph : 09 73240955

# အင်္ဂလိပ်/တရုတ်/ဂျပန်
# လစဉ် (၅၀၀၀/ကျပ်)

ဂျပန် | အင်္ဂလိပ် | တရုတ် | ကိုရီးယား | မလေး

SayaWilliam

4-Skills

Reading+Writing

Practical English

EVER TOP

Ph:0973040610, 098770096

**နှစ်ဒီတက်ဝယ်ပြီး Tရှင်ယူပါ**

095 095 095, ☎ 01-682944
09 730 77711, ☎ 01-682844

# အမြန် ရောင်းမည်။
၃၆ ပေ × ၉၁ ပေ ဖြစ်တော်ပြီး
နှင်းဥယျာဉ်အိမ်ရာ၊ နှင်းချယ်ရီ (၃)လမ်း

# မေတ္တာရပ်ခံပန်ကြားလွှာ

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၅၅၊ မြန်မာမွတ်စလင် အမျိုးသမီးသာသနာ့ရိပ်သာသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ကျော်မှ ယနေ့အထိ တည်ရှိလျက်ရှိပါသည်။

၂။ အဆိုပါ အမျိုးသမီးသာသနာ့ရိပ်သာကို ယခုအခါ သာသနာရေးဝန်ကြီးဌာန၏တာဝန်ပေးချက်အရ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ငါးဖွဲ့မှ တာဝန်ယူစီမံခန့်ခွဲအုပ်ချုပ်လျက်ရှိပါသည်။

၃။ အထက်ပါ အမျိုးသမီးသာသနာ့ရိပ်သာတွင်းရှိ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေး ၇၉ ဦး ရှိပါသည်။ ၄င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကို စနစ်တကျ စီမံခန့်ခွဲလျက်ရှိပါသည်။

၄။ ဖော်ပြပါ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေး ၇၉ဦးအား အစိုးရအလယ်တန်း၊ အထက်တန်းကျောင်းနှင့် တက္ကသိုလ်ကျောင်းများတွင် အတန်းပညာရပ်များကိုသင်ယူစေသည့်အပြင် သာသနာ့ပညာရပ်များကိုလည်း စနစ်တကျ အထူးသင်ကြားပေးလျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေးများ၏ လိုအပ်ချက်များအတွက် အစ္စလာမ်သာသနာဝင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများသည် အထူးလိုအပ်လျက်နေပါကြောင်းနှင့် ယခုရမဒ္ဒါန် (ဥပုသ်) လမြတ်တွင် လူကြီးမင်းတို့၏ ဆင်းရဲသား၊ ဒါနကြေးဖြစ်သော (ဇကားသ်၊ ဖီတရာ၊ လိလ္လာ)စသည့်အလှူငွေများကို အမျိုးသမီးရိပ်သာသို့ ပေးပို့လှူဒါန်းကြပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**မွတ်စလင်အမျိုးသမီးသာသနာ့ရိပ်သာ(ယာယီ)**
**ကြီးကြပ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၇၃၈၇၈၊ ၀၉-၅၀၄၇၀၀၀၄၊ ၀၉-၇၃၁၆၄၉၈၀**

# MCC.i

**တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်သော ဘွဲ့သင်တန်း**

# BBA
စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့

## Bachelor of Business Administration

- B.B.A (International Business) နိုင်ငံတကာ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့
- B.B.A (Hotel and Tourism) ဟိုတယ် နှင့် ခရီးသွား စီမံခန့်ခွဲမှုဘွဲ့



SIAM University ၏ Yangon Campus နှင့် MCC Mandalay Campus ၌ BBA (Bachelor of Business Administration) စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့ သင်တန်းကို တက်ရောက် သင်ကြားမည့် ကျောင်းသား ကျောင်းသူများသည် 23.6.2014 နေ့တွင် SIAM University တွင် Registration လုပ်ပြီး 24.6.2014 နေ့တွင် Opening Ceremony သို့ တက်ရောက်ခဲ့ပါသည်။ 27.6.2014 ရက်နေ့မှစတင်ကာ SIAM University တွင် ပညာသင်ကြားနေပြီဖြစ်ပါကြောင်း BBA ...

**June Intake - Enroll Now!**

*Awarded by: Siam University*

*(Hot Line - 246634, 2304156)*

Yangon Campus Ph - 01-245762, 249152, 395512, 246634.
Mandalay Campus Ph - 09-91034062, 09-402671562, 02-77930

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

## (၄၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ ဒေါက်တာမောင်ကြည် (မျက်စိအထူးကုဆရာဝန်ကြီး) နှင့် မေမေ ဒေါ်မေရီရီစိန်တို့၏ (၂၉-၆-၂၀၁၄) ရက်တွင် ကျရောက်သော (၄၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နှစ်တစ်ရာတိုင်အောင် အသက်ရှည်စွာ ကျန်းမာစွာဖြင့် ချစ်သောသားသမီး၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါစေ။

**ချစ်သားကြီး** - ကိုကြည်လင်းဟန် (ခေတ္တ-အင်္ဂလန်)

**ချစ်သမီး** - **Dr.Julian -Dr. Chaw Su Kyi**

**ချစ်မြေးများ** - **Calista, Pyloma**

## နှစ်(၇၀)မြောက် မင်္ဂလာ စိန်ရတု အကြို ဆုပန်လွှာ

အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ချစ်ဖေဖေ ဦးသိန်းညွှန့်နှင့် ကျေးဇူးရှင် ချစ်မေမေ ဒေါ်မြကြည်တို့၏ ၂၉-၆-၂၀၁၄ရက်တွင် ကျရောက်သော (၇၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံလျက် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးထူးများကို ချစ်သောသား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ လျှောက်လှမ်းနိုင်ပါစေ။

**ချစ်သောသား၊ သမီး၊ မြေး၊ မြစ်တစ်စု**

## နှစ် (၇၀)ပြည့် မင်္ဂလာဆုတောင်း

မိဘသဖွယ် ရိုသေချစ်ခင်ရသော ဦးသိန်းညွှန့်နှင့် ဒေါ်မြကြည်တို့၏ ၂၉-၆-၂၀၁၄ရက်တွင် ကျရောက်သော အိမ်ထောင်သက် နှစ်(၇၀)ပြည့် စိန်ရတုအကြို မင်္ဂလာရက်မြတ်အတွက် ဂုဏ်ယူအားကျစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးလှမြင့်-ဒေါ်ခင်လှိုင်

**မိသားစု**

**TAIPEI SAUCE**

**KOREA ရေညှိထမင်းလိပ်နှင့် ကင်(မ်)ချီ**

## (၄၅)နှစ်မြောက် မင်္ဂလာဆုတောင်း

(၂၉-၆-၂၀၁၄) ရက်တွင် ကျရောက်သော အစ်ကိုကြီး ဒေါက်တာမောင်ကြည် (မျက်စိအထူးကုဆရာဝန်ကြီး)နှင့် မမရီတို့၏ (၄၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အသက်ရှည်စွာ ကျန်းမာစွာဖြင့် ချစ်သောသားသမီး၊ မြေးများနှင့် သာယာချမ်းမြေ့သောဘဝခရီးကို ကျန်းမာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

**ချစ်သော မောင်၊ ညီမများ**

**ရတနာစိန်မိသားစု**

**မန္တလေး**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မကွေးမြို့ အထက(၁)မှ မောင်ဝီရအောင်သည် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဖိုးဖိုး ဦးကျော်သောင်း-ဘွားဘွား ဒေါ်နွဲ့နွဲ့ရီ**

**ဖွားစောနှင့် ဖွားငွေး**

**ဦးဦး ဦးခင်မောင်မြင့် - အန်တီ ရူပါသန်းဖေ**

**ကိုကြီး ဒေါက်တာ အောင်ဖြိုးကျော်- မမယမင်းကျော်**

**လေးလေး ဦးဇေယျာထွန်း (ဉာဏ်လင်းထက်နည်းပြ)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မောင်ဝီရအောင် (ခုံအမှတ် ဖမ-၂၁၈)သည် မကွေးမြို့ အထက(၁)မှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဖေဖေ** - **ဒေါက်တာသန်းငွေ(အရိုးဆရာဝန်ကြီး) သင်ကြားရေးဆေးရုံ၊ မကွေးမြို့**

**မေမေ** - **ဒေါ်မြင့်မြင့်တင်**

**ကိုကိုကြီး** - **ဒေါက်တာ နေအောင်ဇင်(သင်ကြားရေးဆေးရုံ)**

**ကိုကိုလေး** - **ကိုကောင်းမြတ်သစ်**

**Aircraft Mechanic (Air Bagan)**

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

ဦးဓော်လတ် (LL.B)

[illegible] MAC TOWER [illegible]

[illegible]

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မကွေးမြို့ အထက(၁)မှ မောင်ဝီရအောင်သည် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဘဘဦးစိုးသိန်း-ကြီးကြီးဒေါ်မြင့်ရီ**

**ဦးကျော်စွာလင်း-ဒေါ်ကေခိုင်စိုး**

**ရွှေဒိုင်းတစ်သျှူးနှင့် ဦးဦးခေါက်ဆွဲ**

**မိသားစု၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ်( ၉၂၉/က)၊ မြေကွက်တည်နေရာအမှတ် (၉၂၉/က)၊ အင်းဝ ၇ လမ်း၊ (၆)ရပ်ကွက်၊ တ/ဥ ဒေါ်ခင်ညိမ်း အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ညိမ်း(တရားရှုံး) ကိုယ်စား ဘီလစ်အရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန (နိုင်)၀၅၁၂၄၃က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၂၃၃/၁၃ (၁၂-၉-၂၀၁၃)နှင့် တရားမဇာရီမှုအမှတ် ၁၆၈/၁၃ (၁၈-၁၁-၂၀၁၃)တို့အား အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**

**ကော်မတီ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မော်လမြိုင်ခရိုင်တရားရုံး၊ မော်လမြိုင်မြို့**

**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀**

ဒေါ်အေးအေးစန်း(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်အေးနီလာကျော်) နှင့် ဦးဇော်ဇော်ဦး

**တရားလို** **တရားပြိုင်**

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အုန်းတောရပ်၊ သင်္ဂဟလမ်း၊ အမှတ်(၃)နေသူ တရားပြိုင် ဦးဇော်ဇော်ဦး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးစန်းက မြေကိုလက်ရှိဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းထွန်းဦး)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**မော်လမြိုင်ခရိုင်တရားရုံး**

[illegible]

စင်ကာပူနိုင်ငံ PSA တွင် Container - ယာဉ်မောင်း

[illegible]

Phone : 377 343 - 377 344 - 38 57 58 - 38 68 77 - 39 22 33

Yes!! English School

Always say Yes!! to English.

4 skill English classes

- Basic
- Elementary
- Intermediate
- Advanced
- IELTS, TOEFL, SAT

Starting On July 6,7,13,14,16,18,21,27

Ph : 01-511778 09-73033648

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကြော်ငြာကဏ္ဍ

## မွေးနေ့မင်္ဂလာဆုတောင်း

[illegible]

ဘိုးဘိုး-ဆရာ ဦးကျော်မင်း-ဘွားဘွား-ဒေါ်သင်းသင်းမေ

ဘိုးဘိုး-ဦးတင်ထွဋ် ကပေါ(ငြိမ်း)-ဘွားဘွား-ဒေါ်ညွန့်ရွှေ (ကြေးမုံသတင်းစာတိုက်)

ဖေဖေ-အောင်မင်းသူ (B.E civil)-မေမေ-ညွန့်ဝေဝေထွန်း(First year Myanmar)

ဘဘကြီးကြီးနှင့် ဒေါ်လေးများ

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာအုပ်စု၊ကြို့ပင်သာရပ်ကွက်နေ ဦးသောင်းရွှေ ၇/ထတပ(နိုင်)၀၃၉၇၅၈ ၏သမီး ဟေမာန်ထွန်း(ခ)ဟေမာထွန်း ၇/ထတပ(နိုင်)၀၇၅၁၃၂၏ အမည်မှန်မှာ မဟေမာထွန်းဖြစ်ပါကြောင်း။ **ဟေမာထွန်း**

## တိုက်ခန်းရောင်းမည်

ပုဇွန်တောင်ဈေးအနီး၊မြေညီထောင့်ခန်း ပြင်ဆင်ပြီး၊ ကြိုးဖုန်းပါ ဆိုင်ဖွင့်ရန် အလွန်ကောင်း

**ဆက်သွယ်ရန်-၀၉-၃၀၀၉၅၆၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၉၀၂/က၊ မြေကွက်တည်နေရာ အမှတ် ၉၀၂/က၊ ရန်ပြေ ၁၆ လမ်း၊ ၃ ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမောင်နီ) အမည်ပေါက် မြေအား အမည်ပေါက် ဦးမောင်နီ (ဖခင်)နှင့် ဒေါ်အေးသင်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ဝင်းမာ ၁၂/သကတ(နိုင်)၀၄၃၁၂၆က သေစာရင်း၊ ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀၊ မြေကွက်အမှတ် ၁၂၇၅၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ နှစ်၆၀ ဂရန်မြေကွက်သက်သက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကျင်စိန် ၁/မကန(နိုင်)၀၁၃၆၂၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်း အထောက်အထားများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ဝင်း**
**B.A,H.G.P,R.L,D.B.L,D.I.L,D.M.L**
**M.P.A,M.A (BL),PGDIT (New Delhi),D.Jap.(UFL)**
**အထက်တန်းရှေ့နေ**
**အမှတ် ၆၇၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9691 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆C/၄၁၅၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၅၇**

ဦးစိုးသိန်းခိုင် **နှင့်** ၁။ ဒေါ်စောဝင်း
၂။ ဦးအေးတင်
၃။ ဦးဇော်ဝင်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၁)လမ်း၊ အမှတ် ၄၀နေ ဒေါ်စောဝင်းနှင့် တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၁)လမ်း၊ အမှတ်(၄၀/ခ)နေ ဦးအေးတင်၊ ဦးဇော်ဝင်း(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၈ ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တိုးချဲ့)၊ လူနေရပ်ကွက်အမှတ် အဆင့်မြင့်၊ မြေကွက်အမှတ်-၁၆၉၊ အကျယ်အဝန်း ၀ ဒသမ ၁၅၆ ဧကရှိ ဒေါ်ရင်ရင်မြ (အေအေ-၀၈၉၈၉၁) ၁၂/လမတ(နိုင်)၀၁၁၈၀၅ အမည်ပေါက် နှစ်၆၀ ဂရန်မြေအမျိုးအစားမြေနှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟုဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဘဏ်ချေးငွေရွေးနုတ်ပြီး ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမြင့်အောင် (LL.B)** **ဦးအေးမင်းသူ (LL.B)**
**စဉ်-၂၅၁၆၅** **စဉ်-၂၆၁၉၉**

**ရုံးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

[illegible]

[illegible]

မြန်မာ့အလင်း

# ကမ္ဘာ့ဖလားအထူးကဏ္ဍ

၂၀၁၄ ခုနှစ်၊ ဇွန် ၂၉ ရက်၊ တနင်္ဂနွေနေ့။

AIR KBZ

# တောင်အမေရိကကို စိန်ခေါ်မယ့် ဥရောပအသင်းများ









ဝေမိုးဆက်

ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆိုရိုးတစ်ခုဖြစ်တဲ့အစဉ်အလာတစ်ခုရှိတယ်။ အဲဒါကတော့ အမေရိကဒေသမှာ ကမ္ဘာ့ဖလားကျင်းပတိုင်း တောင်အမေရိကအသင်းကသာ ဗိုလ်စွဲတတ်တယ်ဆိုတဲ့ သမိုင်းဖြစ်စဉ်တစ်ခု။ ဒီတော့ ဒါကိုကြည့်ပြီး နောက်ထပ်မေးခွန်းတစ်ခုလည်း ထပ်ထွက်လာတယ်။ အရှင်းဆုံးပြောရရင် ဒီတစ်ကြိမ်မှာရော တောင်အမေရိကအသင်းတွေကို ယှဉ်နိုင်တဲ့ ဥရောပအသင်းတွေမရှိတော့ဘူးလားဆိုတဲ့အမေး။ အထူးသဖြင့် ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာ ဥရောပတိုက်ကအသင်းကြီးတချို့ အုပ်စုကနေထွက်ရတယ်။ စပိန်၊ ပေါ်တူဂီ၊ အင်္ဂလန်၊ အီတလီ။ အားလုံးက ချန်ပီယံတံဆိပ်ခတ်နှိပ်ခံရသူတွေချည်းပဲဆိုတော့ ဥရောပရဲ့ပြိုင်ပွဲအပေါ် လွှမ်းမိုးနိုင်မှုအားကို သံသယရှိကြတယ်။ မေးခွန်းထုတ်လာကြတယ်။ အစဉ်အလာနဲ့ လက်ရှိဖြစ်ရပ်ပေါင်းပြီး တောင်အမေရိကပဲလားလို့ တွေးကြတယ်။

ဒါပေမယ့် အဲဒီမှာမေးစရာတစ်ခု ရှိတယ်။ မှန်တယ်။ အီတလီ၊ အင်္ဂလန်၊ စပိန်၊ ပေါ်တူဂီတို့လို အသင်းကြီးတွေ ပြိုင်ပွဲကထွက်ရမှုဟာ ဥရောပဘက်မှာ တအားလျော့သွားတာမှန်တယ်။ ဒါပေမယ့် ချန်ပီယံဖြစ်နိုင်လောက်တဲ့အသင်းတွေ ဥရောပဘက်မှာ မကျန်တာမဟုတ်ဘူး။ ကျန်တယ်။ အရှင်းဆုံးပြောရရင် အရေအတွက်အရသာ နည်းသွားတာဖြစ်ပြီး အရည်အချင်းအရ မလျော့ဘူး။ ဟော်လန်၊ ဂျာမနီ၊ ပြင်သစ်တို့လို ဒီပြိုင်ပွဲမှာ ခြေစွမ်းပိုင်း ဒေါင်ဒေါင်မြည်ဖြစ်နေတဲ့အသင်းတွေ ကျန်နေသေးတဲ့အခါ ဥရောပကို မေ့သင့်ရဲ့လားလို့ တချို့ကဖြင့် မေးကြတယ်။

အထူးသဖြင့် ဟော်လန်၊ ဂျာမနီ၊ ပြင်သစ်တို့ဟာ ရှုံးထွက်အဆင့်တွေမှာ အချင်းချင်းမတွေ့ကြရဘူး။ ဟော်လန်က မက္ကဆီကို။ ဂျာမနီက အယ်လ်ဂျီးရီးယား။ ပြင်သစ်က နိုင်ဂျီးရီးယားတို့နဲ့ဆုံရတယ်။ ပြိုင်ဘက်အနေအထားအရရော လက်ရှိသူတို့ရဲ့ တည်ငြိမ်မှုအရပါ မက္ကဆီကို၊ အယ်လ်ဂျီးရီးယား၊ နိုင်ဂျီးရီးယားတို့ဟာ သူတို့ရဲ့ပြိုင်ဘက်တွေ မဟုတ်ဘူး။ ပြောချင်တာက သူတို့သုံးသင်းစလုံး ကွာတားရောက်နိုင်တဲ့အခွင့်အရေးအပြည့် ရှိနေတဲ့သဘော။ ဒီတော့ သူတို့ကိုမေ့ထားသင့်ပါ့မလား။ ပြောရရင် သူတို့မှာ သူတို့ရဲ့အားသာမှုကိုယ်စီရှိတယ်။ အထူးသဖြင့် ဂျာမနီ၊ အရှင်းဆုံးပြောရရင် သူတို့ရဲ့စုဖွဲ့မှုဟာ ပြိုင်ပွဲဝင်အသင်းတိုင်းထက်ပြည့်စုံမှုရှိလွန်းတယ်။ ကစားအားကောင်းပြီး အကြမ်းခံတဲ့ ၂၅နှစ်ဝန်းကျင် ကစားသမားအများစုနဲ့ အထိုင်ချထားတယ်။ ပြီးတော့ အဲဒီ မူလာ၊ ဘိုတန်၊ ခီဒီယာ၊ အိုဇေးလ်တို့က ၂၀၁၀ ကမ္ဘာ့ဖလားလည်းနွှဲခဲ့ပြီးပြီ။ ယူရို ၂၀၁၂ လည်း ကစားပြီးပြီ။ ခြေစွမ်းရှိတယ်။ ပြိုင်ပွဲကြီးနှစ်ရပ်မှာကစားဖူးတဲ့ အတွေ့အကြုံရှိတယ်။ ကစားအားရှိတယ်။ ဒါကိုမှ ခြေစွမ်း၊ အတွေ့အကြုံ၊ အသက်။ အားလုံးအရင့်မှည့်ဆုံးအချိန် ရောက်နေတဲ့ ပိုဒေါ့စကီး၊ စတိုင်ဂါ၊ မာတီဆက်ကာတို့နဲ့ဝန်းရံထားတာ။ ဂေါ့ဇီ၊ ဒရက်စလာတို့လို လူငယ်တွေနဲ့ တွဲဖက်ထားတာ။ အရှင်းဆုံးပြောရရင် မျိုးဆက်သုံးစုအား။ အဲဒါကိုလျှော့တွက်ဖို့ခက်တယ်။

ပြောရရင် အိုဇေးလ်၊ မူလာ၊ စတိုင်ဂါတို့ အပါအဝင် အဲဒီမျိုးဆက်သုံးခုမှာ နိုင်ငံတကာပြိုင်ပွဲကြီးတွေနဲ့ အစိမ်းသက်သက်ဆိုလို့ အတော်ရှားတယ်။ စုစုပေါင်းမှ ခြောက်ဦးတည်းရယ်။ ဟမ်မဲလ်၊ ဂေါ့ဇီတို့ဆိုရင် ယူရို ၂၀၁၂ မှာ ကစားခဲ့ပြီးသားသူတွေ။ ပြောချင်တဲ့အဓိပ္ပာယ်က ဂျာမနီဟာ လက်ရှိကစားသမားတွေအထဲက အများစုနဲ့ နိုင်ငံတကာပွဲကြီး အနိမ့်ဆုံးပြိုင်ပွဲတစ်ရပ်ဝင်ပြီးခဲ့ပြီ။ ဒီတော့ နားလည်မှုရှိတယ်။ ညီညွတ်မှုရှိတဲ့အခါ အသင်းလိုက်အားလည်းကောင်းတယ်။ ထပ်ပြောရရင် အိုဇေးလ်၊ မူလာ၊ ဘိုတစ် [illegible] တို့ဟာ နုနယ်သေးတဲ့ ၂၀ ဝန်းကျင်အရွယ်မှာတင် အသင်းကိုအကောင်းဆုံး [illegible] ပံ့ပိုးပေးပြီး အင်္ဂလန်၊ အာဂျင်တီးနားတို့ကို ဂိုးပြတ်တွေနဲ့နိုင်ကာ [illegible] တတိယဆုယူနိုင်ခဲ့ကြတဲ့သူတွေ။ အခုအဲဒီကစားသမားတွေက [illegible] အတွေ့အကြုံအရ ပိုရင့်ကျက်လာတယ်။ ခြေအရပိုထက်လာတဲ့ [illegible] အပြင်သူတို့ကိုထိန်းပေးတဲ့ စတိုင်ဂါ၊ ပိုဒေါစကီး၊ မာတီဆက်ကာ၊ဖီး [illegible] လစ်လမ်းတို့ကလည်း အကောင်းဆုံးအချိန်ရောက်နေတဲ့အခါ တကယ်ပဲ



*စာမျက်နှာ ၃ သို့*

FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း

အသည်းအားဆေး



အသည်းရောဂါ ဘီပိုး၊ စီပိုးကို နှိမ်နင်းနိုင်တဲ့ တိုင်းရင်းဆေး

# ခံစစ်အသားပေးကစားပုံကို ပြောင်းလဲသွားဖို့မရှိလို့ဆိုလိုက်တဲ့ ကော်စတာရီကာခံစစ်မှူး ဂန်ဘိုရာ

■ အောင်က


ဂန်ဘိုရာ

ကော်စတာရီကာခံစစ်မှူး ဂန်ဘိုရာကတော့ လာမယ့်၁၆သင်းအဆင့် ပြိုင်ပွဲမှာလည်း အသင်းအနေနဲ့ ခံစစ်အသားပေး ကစားပုံစံကို ပြောင်းလဲမှုပြုလုပ်သွားရန် မရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ကော်စတာရီကာအသင်းဟာ အုပ်စုအဆင့်ပြိုင်ပွဲတွေမှာ ဥရုဂွေး၊ အင်္ဂလန်နဲ့ အီတလီအသင်းတို့ကို အကောင်းဆုံးကစားကာ အုပ်စုပထမအဖြစ် လူတိုင်းအံ့သြဖွယ်ရာရပ်တည်နိုင်ခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။

ကော်စတာရီပာအသင်းဟာ အုပ်စုအဆင့် သုံးပွဲလုံးမှာလည်း ပေးဂိုးအနေနဲ့ တစ်ဂိုးတည်းသာရှိပြီး ၅-၃-၂ ကစားကွက်နဲ့လည်း အကောင်းဆုံးအံဝင်အောင်ကစားနိုင်နေတဲ့အသင်းလည်းဖြစ်ပါတယ်။ ကော်စတာရီကာအသင်းဟာ လာမယ့် ၁၆သင်းအဆင့်မှာတော့ အုပ်စု(C)ရဲ့ အုပ်စုဒုတိယအသင်းဖြစ်တဲ့ ဂရိအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကော်စတာရီကာအသင်းကတော့ ဂရိနဲ့ပွဲမှာလည်း သူတို့ရဲ့ခံစစ်အသားပေးကစားပုံကို ပြောင်းလဲသွားဖို့မရှိပါဘူးလို့ ဆိုပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး ကော်စတာရီကာအသင်း ခံစစ်မှူး ဂန်ဘိုရာက “လာမယ့်ပွဲတွေမှာလည်း ယခင်ပွဲတွေတုန်းကအတိုင်းပဲ ကစားသွားမှာပါ။ ကျွန်တော်တို့ဟာ ကမ္ဘာ့ဖလားမှာ အံ့သြဖွယ်ရလဒ်ရယူထားနိုင်ခဲ့ပါတယ်။ အခုအခါမှာ ကော်စတာရီကာအသင်းဟာ အရင်လို မဟုတ်တော့ဘဲ လူတိုင်းက သတိထားစရာအသင်းတစ်သင်းအဖြစ်ရှိနေပါပြီ။ ဒါ့ကြောင့်လာမယ့်ပွဲတွေမှာလည်း အကောင်းဆုံး အာရုံစိုက်ပြီး ရလဒ်ကောင်းတွေရရှိဖို့အတွက် ကြိုးစားသွားရမှာပါ။ ကျွန်တော်တို့ဟာ ဂရိအသင်းရဲ့ ကစားပုံကိုလည်းလေ့လာပြီးပါပြီ၊ ဒါကြောင့် ဂရိနဲ့ ကစားရမယ့်ပွဲဟာ ပွဲကောင်းတစ်ပွဲဖြစ်မယ်ဆိုတာကတော့ သေချာပါတယ်။ ကျွန်တော်တို့အသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ စာမျက်နှာသစ်ရေးထိုးနိုင်ဖို့ကိုလည်း အကောင်းဆုံးကြိုးစားနေပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့အသင်းဟာ ပျော်ရွှင်နေပြီး ရလဒ်ကောင်းတွေ ရယူသွားဖို့ကိုလည်း အဆင်သင့်ဖြစ်နေပါပြီ”လို့ ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ကော်စတာရီကာခံစစ်မှူး ဒူတီကလည်း “ကျွန်တော်တို့အသင်းဟာ ခံစစ်ပိုင်းနဲ့ပတ်သက်ပြီး အကောင်းဆုံးလုပ်ဆောင်ထားနိုင်ခဲ့တဲ့အသင်းပါ။ ဥရုဂွေးနဲ့ အီတလီအသင်းတို့ဟာ တိုက်စစ်ပိုင်းကောင်းမွန်တဲ့အသင်းတွေဖြစ်ပေမယ့် ကျွန်တော်တို့ဟာခံစစ်ပိုင်းကောင်းကောင်းနဲ့ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီအတိုင်းပဲ အကောင်းဆုံး ဆက်လက်ကစားသွားမှာပါ။ အခုအချိန်မှာကျွန်တော်တို့အသင်းဟာ အောင်မြင်မှုတွေရရှိလိမ့်မယ်လို့လည်း ယုံကြည်မှုတွေရှိနေပါပြီ”လို့ ပြောဆိုခဲ့ပါတယ်။



# အသင်းရဲ့ခံစစ်ပိုင်းကို ချီးကျူးလိုက်တဲ့ မက္ကဆီကိုဂိုးသမား အိုချာ

မက္ကဆီကိုအသင်းရဲ့ဂိုးသမား အိုချာကတော့ အသင်းရဲ့ခံစစ်ပိုင်းနဲ့ပတ်သက်ပြီး ချီးကျူးမှုတွေပြုလုပ်ထားခဲ့ပြီး အသင်းအနေနဲ့ ဟော်လန်အသင်းနဲ့ ကစားရမယ့် ၁၆သင်းအဆင့်ပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်နေတယ်လို့လည်း ပြောဆိုလိုက်ပါတယ်။ ဟော်လန်အသင်းဟာ အုပ်စု(B)ရဲ့ အုပ်စုပထမအဖြစ်ရပ်တည်နိုင်ခဲ့တဲ့ အသင်းဖြစ်ရုံသာမက ပြီးခဲ့တဲ့ အုပ်စုအဆင့် သုံးပွဲလုံးမှာ ၁၀ဂိုးအထိရယူထားနိုင်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။

မက္ကဆီကိုအသင်းဟာ အုပ်စုအဆင့် သုံးပွဲမှာတော့ ပထမဦးဆုံးပွဲမှာ တစ်ဂိုးသာရရှိခဲ့ပြီး ဒုတိယပွဲမှာ ၀-၀နဲ့ သရေခဲ့ပေမယ့် နောက်ဆုံးပွဲမှာတော့ ခရိုအေးရှားအသင်းကို ၃-၁နဲ့အကောင်းဆုံး အနိုင်ကစားနိုင်ခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။ မက္ကဆီကိုဂိုးသမား အိုချာကတော့ အသင်းအနေနဲ့ ပြီးခဲ့တဲ့အုပ်စုအဆင့် သုံးပွဲမှာ ရဂိုးအနေနဲ့ လေးဂိုးသာရရှိခဲ့ပေမယ့် ပေးဂိုးအနေနဲ့ တစ်ဂိုးသာပေးခဲ့ရတာကြောင့် အသင်းရဲ့ခံစစ်ပိုင်းနဲ့ပတ်သက်ပြီးလည်း ကျေနပ်အားရမှုရှိနေကြောင်းနဲ့ ဟော်လန်အသင်းရဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ဗန်ပါစီ၊ ရော်ဘင်နဲ့ စနိုက်ဒါတို့ရဲ့ တိုက်စစ်ပိုင်းကို လုံးဝကြောက်ရွံ့မှုမရှိဘူးလို့ ပြောဆိုခဲ့ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး မက္ကဆီကိုဂိုးသမား အိုချာက “ခံစစ်ပိုင်းကောင်းမွန်မှုဟာ ကာလတိုပြိုင်ပွဲတွေမှာတော့ အဓိကကျမယ်လို့ထင်ပါတယ်။ အဲဒါဟာ အသင်းကို အကောင်းဆုံး ရမှတ်ရရှိနိုင်ဖို့ကိုလည်း အကူအညီပေးပါတယ်။ အသင်းရဲ့ကစားပုံကလည်း ပိုမိုကောင်းမွန်လာပါတယ်။ ဒါကြောင့် လာမယ့်ပြိုင်ပွဲတွေမှာတော့ အသင်းဟာ အကောင်းဆုံးအခြေအနေတွေဖြစ်လာမယ်ဆိုတာ သေချာပါတယ်။ ဟော်လန်အသင်းဟာ ကျွန်တော်တို့အသင်းအတွက်တော့ ခက်ခဲတဲ့ပြိုင်ဘက်ဖြစ်မှာ သေချာပါတယ်။ အဲဒီပွဲမှာ အကောင်းမွန်ဆုံးကစားနိုင်ဖို့အတွက် ကဏ္ဍပေါင်းစုံကနေ အာရုံစိုက်နေရပါတယ်။ ကျွန်တော်တို့အသင်းဟာ ဟော်လန်အသင်းကစားခဲ့တဲ့ပွဲတွေကိုလည်း ကြည့်ခဲ့ပြီးပါပြီ၊ သူတို့အသင်းရဲ့ကစားသမားတိုင်းဟာ ကြံ့ခိုင်မှုပိုင်းတောင့်တင်းပြီး စွယ်စုံရတဲ့ကစားသမားတွေလည်းဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အသင်းကလည်း အနိုင်ကစားသွားမှာပါ”လို့ ပြောဆိုခဲ့ပါတယ်။

မက္ကဆီကို တိုက်စစ်မှူး ပီရာတာကလည်းအသင်းအနေနဲ့ အခွင့်အရေးတွေကို ဖန်တီးနိုင်စွမ်းရှိတာကြောင့် ဟော်လန်အသင်းအနေနဲ့ လွယ်ကူစွာနဲ့အနိုင်ရမှာမဟုတ်ဘူးလို့လည်း ပြောဆိုလိုက်ပါတယ်။ ဒါ့အပြင် မက္ကဆီကိုတိုက်စစ်မှူး ပီရာတာက “ဟော်လန်အသင်းဟာ အခြားအသင်းတွေနဲ့မတူတဲ့အသင်းဆိုတာကို ကျွန်တော်တို့သိပါတယ်။ ကျွန်တော်တို့ဟာ တစ်ဦးကောင်းတစ်ယောက်ကောင်းကစားသမား အများအပြားမပါဝင်ပေမယ့် အသင်းရဲ့စည်းလုံးမှုနဲ့ အောင်မြင်မှုတွေကို ရယူသွားမှာပါ”လို့ ပြောဆိုခဲ့ပါတယ်။

**အောင်က**

